# The VOICE Daily

Vol. 4 / No. 259 | Established in 2004 | ၁၃၇၈ ခုနှစ်၊ တပို့တွဲလဆန်း (၁၁) ရက်၊ (Tuesday, February 7, 2017)


# ပင်လုံမြို့ ပြည်ထောင်စုနေ့အခမ်းအနား ဒေါ်အောင်ဆန်းစုကြည် တက်မည်

## ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသားခေါင်းဆောင် ၁၂ဦးတို့ ပင်လုံကျောက်တိုင်တွင် ငြိမ်းချမ်းရေးဆွေးနွေးမည်

**ပင်လုံ၊ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားသို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်မည်ဖြစ်ကြောင်း ယင်းအခမ်းအနား ကျင်းပရေးကော်မတီထံမှ သိရသည်။

ယင်းသို့ သမိုင်းဝင်ပင်လုံမြို့တွင် အစိုးရက ပြည်ထောင်စုနေ့ အခမ်းအနား ကျင်းပခြင်းမှာ ယခုအစိုးရသစ်လက်ထက်ရောက်မှသာ ပထမဆုံးကျင်းပခြင်းလည်း ဖြစ်သည်။

ထို့ပြင် အဆိုပါ အခမ်းအနား စာ 28


ဓာတ်ပုံ – ပွင့်ဇေမော်ဟိန်း

အစိုးရသစ်လက်ထက်တွင် ပထမဆုံးအကြိမ်ကျင်းပမည့် ပြည်ထောင်စုနေ့ အခမ်းအနားအတွက် သမိုင်းဝင်ပင်လုံကျောက်တိုင်ပန်းခြံတွင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေစဉ်


ဓာတ်ပုံ – အောင်နိုင်

## "စီးပွားရေး နွေးနေတာကြောင့် စတော့တွေ ဈေးကျနေတာပေါ့"

ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံခြင်း စာ 15

## မေယုအက်ဖ်အမ်ကိစ္စ ရခိုင်လွှတ်တော်တွင် အရေးကြီးအဆိုတင်မည်

စာ 3

## လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်ရုပ်သိမ်းမည့် ဥပဒေမူကြမ်း ပြန်တင်မည်

စာ 6

## ထန်းရည် နှစ်သောင်းကျော်ဖိုး သယ်ဆောင်လာ၍ ရဲဖမ်း

**မကွေး၊ ဖေဖော်ဝါရီ ၆**

မော်တော်ဆိုင်ကယ်ဖြင့် ကျပ်နှစ်သောင်းခွဲကျော်တန်ဖိုးရှိ ထန်းရည်သယ်ဆောင်လာသူများကိုမကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ငဖဲ- ရွှေစက်တော်မြေသားလမ်းပေါ်တွင် ဖေဖော်ဝါရီလ ၄ ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း ယင်းမြို့နယ်မြို့မ ရဲစခန်းထံမှ သိရသည်။

ရွှေစက်တော်ဘက်သို့မောင်းနှင်လာသည့် ငဖဲမြို့နယ်၊ ဇီးတောကျေးရွာနေသူ စိုးဝေ ၃၁ နှစ်၏ ဆိုင်ကယ်နှင့် စာ 28

## အတန်းတင်စာမေးပွဲဖြင့် အောင်၊ ရှုံးသတ်မှတ်သည့်စနစ် ဖျက်သိမ်းမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

အခြေခံပညာအဆင့် ပထမတန်းမှ နဝမတန်းအထိ ကျောင်းသားများ၏ စာမေးပွဲ အအောင်၊ အရှုံးကို အတန်းတင်စာမေးပွဲ ရမှတ်တစ်ခုတည်းဖြင့် သတ်မှတ်သည့်စနစ် ဖျက်သိမ်းရန် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနအနေနှင့် ပြင်ဆင်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန စာ 28


The Voice

## မောင်တော ဗဟိုကျောင်းဆရာတော်ထံမှ မူးယစ်ဆေးဝါးနှင့် လက်နက်များဖမ်းမိ စာ 26


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by EUROMONEY

The VOICE Daily
Tuesday, February 7, 2017



# လျှင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နဖူးသင်းကျစ်တော်ဘုရားကြီး ၈၀ ရာခိုင်နှုန်း ပြီးစီး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်းရှိနဖူးသင်းကျစ်တော် ဘုရားကြီးကို ပြင်ဆင်ဆောင်ရွက်မှုသည် လက်ရှိတွင် ရှစ်ဆယ်ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း အဆိုပါယဉ်ကျေးမှု ဇုန်ထံမှသိရသည်။

"ငလျင်ဒဏ်မှာ အခုဘုရားကြီးက အဆိုးဆုံးထိခိုက်ခဲ့တယ်။ အောက်ခြေနဲ့ ဘုရားလုံးပတ်ပိုင်းတွေ ပြင်ဆင်ပြီး ပါပြီ။ ရွှေသင်္ကန်းကပ်ဖို့ပဲကျန်တဲ့အတွက် မတ်လ လောက်ပြီးပါမယ်။ ကိုးသောင်းစေတီနဲ့ ရတနာပုံက အပျက်အစီး နည်းတော့ ရှေးဟောင်းအဆောက်အအုံ အရေးပေါ် ပြင်ဆင်စရိတ်နဲ့ ပြင်ပြီးသွားပါပြီ" ဟု မြောက်ဦးရှေးဟောင်း အမွေအနှစ်ယဉ်ကျေးမှုဇုန် တာဝန်ခံ ညွှန်ကြားရေးမှူး ဦးငြိမ်းလွင်က ဆိုသည်။

ဇုန်အတွင်းမှ အခြားထိခိုက်ခဲ့သော ပေါ်တူဂီကုန်တိုက်ဘုရားနှင့် မြဝါတောင်စေတီတို့ကို လာမည့်ဘဏ္ဍာနှစ်မှစ တင်ပြင်ဆင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

အဆိုပါ မြောက်ဦးရှေးဟောင်း ယဉ်ကျေးမှုဇုန်သို့ ဖေဖော်ဝါရီ ၁ရက်က ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင်ဒေသအဖြစ် သတ်မှတ်နိုင်ရန် ကုလသမဂ္ဂ ပညာရေး၊သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) မှ အကြံပေးလာရောက် လေ့လာခဲ့ပြီး ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းရေး အတွက် နည်းပညာအကူအညီပေးမည် ဖြစ်ကြောင်း အဆိုပါယဉ်ကျေးမှုဇုန်မှ သိရသည်။

"မြောက်ဦးနဲ့ပတ်သက်ပြီး အကြံပေး လေ့လာတာပါ၊ ပြီးရင် အခုလမှာ ကျင်းပမယ့် ယူနက်စကို အစည်းအဝေးမှာ တွေ့ရှိမှုတွေ တင်ပြပေးကြမှာပါ" ဟု အဆိုပါယူနက်စကိုအဖွဲ့မှ (မြန်မာ)စီမံကိန်းညှိနှိုင်းဆောင်ရွက်နေသည့် အကြီးတန်းအရာရှိ တစ်ဦးက ဆိုသည်။

မြောက်ဦး ရှေးဟောင်းအမွေအနှစ်ယဉ်ကျေးမှုဇုန်ကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ယူနက်စကိုဝင်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိပြီး အဆိုပါဇုန်သည် အရှေ့နှင့်အနောက် လေးမိုင်ခန့်ကျယ်ဝန်းပြီး တောင်နှင့် မြောက် ခုနစ်မိုင်ကျယ်ဝန်းကာ ဘုရားစေတီပုထိုးများ၏ ပမာဏကို အတိအကျသိရှိရန် စာရင်းကောက်ယူသွားမည်ဖြစ်သည်။

■ J - 17

# အချုပ်ခန်းဖောက်ပြေးသူ တစ်ဦးကို မိသားစု အပ်နှံ

**မော်လမြိုင်၊ ဖေဖော်ဝါရီ ၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ မုပွန်နယ်မြေရဲစခန်းမှအချုပ်ခန်းကို ဖောက်ထွင်းထွက်ပြေးခဲ့သော အသက် ၂၁နှစ် အရွယ် အချုပ်သား ကိုစိုးစည်သူရှိန်(ခ) အားဒမ်းကို ဖေဖော်ဝါရီ ၅ ရက် ညနေက မိသားစုက လာရောက်အပ်နှံခဲ့ကြောင်း မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"ထွက်ပြေးသူရဲ့ မိသားစုဆီကို ဖမ်းဆီးရေးအဖွဲ့က သွားဆွေးနွေးတယ်၊ ထွက်ပြေး တိမ်းရှောင်နေလို့အမှုက မလွတ်နိုင်ဘူး၊ မိသားစုကိုပါ စည်းရုံးရတယ်၊ ညနေပိုင်းလောက်မှာ ပေါင်မြို့နယ်မှာ တိမ်းရှောင်နေပြီးတော့ သူ့မိဘတွေ သွားခေါ်ပြီးမှ ရဲတပ်ဖွဲ့ဆီ ပြန်အပ်ပါတယ်" ဟု မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူး အောင်မြင့်က ပြောကြားသည်။

အချုပ်ခန်းဖောက်ကာ ထွက်ပြေးခဲ့သော အချုပ်သားများမှာ လုယက်မှုဖြင့် ဖမ်းဆီးထားသော ၁၇ နှစ်အရွယ် အမျိုးသားတစ်ဦး မူးယစ်ဆေးဝါးမှုဖြင့် ဖမ်းဆီးထားသော ကိုစိုးစည်သူရှိန်(ခ) အားဒမ်း (၂၁) နှစ်၊ ကိုလွမ်းဝေနိုင် (၂၂) နှစ်၊ ကိုခိုင်လင်းမြင့် (၂၃) နှစ်တို့ဖြစ်ပြီး ချုပ်ရမန်ဖြင့် စစ်ဆေးခံနေရသူများဖြစ်ကြောင်း၊ ၎င်းတို့က ဖေဖော်ဝါရီ၄ ရက်တွင်အချုပ်ခန်းတံတိုင်းကို ဒိုင်းလွှဖြင့် ဖြတ်ကာ ထွက်ပြေးခဲ့ပြီး လွှကို အိမ်သာသုံးရေပုံးထဲတွင် အဝတ်စိုဖြစ် ဝှက်ထားကြောင်း၊ ထွက်ပြေးသူများအနက် မောင်မျိုးဇော်ကို နေ့ချင်းဖမ်းမိခဲ့ကြောင်း၊ မုပွန်နယ်မြေ ရဲစခန်းထံမှ သိရသည်။

အချုပ်သား ထွက်ပြေးလွတ်မြောက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူ အဆင့်ဆင့်ကို ရဲစည်းကမ်း ထိန်းသိမ်းရေးဥပဒေဖြင့် အရေးယူထားကြောင်း မော်လမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။ ■

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# မေယုအက်ဖ်အမ်ကိစ္စ ရခိုင်လွှတ်တော်တွင် အရေးကြီးအဆိုတင်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ် ဘူးသီးတောင်၊ မောင်တောနှင့် ရသေ့တောင်မြို့နယ်အနီးတစ်ဝိုက်၌ မေယုအက်ဖ်အမ်ထုတ်လွှင့်ရန် ပြန်ကြားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသောကိစ္စရပ်များကို လူထုဆန္ဒနှင့်အညီ ရပ်ဆိုင်းရန် ပြည်နယ်လွှတ်တော်၌ ရခိုင်အမျိုးသားပါတီဝင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်က အရေးကြီးအဆိုတင်သွားမည်ဖြစ်ကြောင်း ယင်းပါတီထံမှ သိရသည်။

မေယုအက်ဖ်အမ်အမည်ဖြင့် အဆိုပါဒေသများတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖေဖော်ဝါရီလ ၁ ရက်မှစတင်၍ မြန်မာဘာသာစကား၊ ရခိုင်ဘာသာစကားနှင့် ဘင်္ဂါလီဘာသာစကားကို စမ်းသပ်ထုတ်လွှင့်လျက်ရှိပြီး ထိုသို့ စမ်းသပ်ထုတ်လွှင့်ရန် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေခြင်းကို ရခိုင်ပြည်နယ် အရပ်ဘက်အဖွဲ့များစုပေါင်း၍ ပြည်နယ်တစ်ခုလုံး ဆန္ဒထုတ်ဖော်ရန် စီစဉ်လျက်ရှိကြောင်း အရပ်ဘက်အဖွဲ့များက ဆိုသည်။ အလားတူ ရပ်နားထားသော ရခိုင်ပြည်နယ်လွှတ်တော်ကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြန်လည်စတင်မည်ဖြစ်သည်။

"ကျွန်တော်တို့က လွှတ်တော်မှာ မေးမြန်းမည့်ကိစ္စကို ထုတ်ဖော်ပြောဆိုခွင့်မရှိဘူး။ ပြည်နယ်လွှတ်တော်မှာ မေးသွားဖို့ရှိတယ်" ဟု ရခိုင်အမျိုးသားပါတီဥက္ကဋ္ဌ ဒေါက်တာအေးမောင်က ပြောသည်။

ပြန်ကြားရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်ရှိ ဘင်္ဂါလီများနေထိုင်သော ဒေသများကို ဘင်္ဂါလီဘာသာစကား အသံလွှင့်ရန်ဆောင်ရွက်နေခြင်းသည် အခြားသော တိုင်းရင်းသားများအပေါ် စော်ကားရာရောက်ကြောင်း ဒေါက်တာအေးမောင်က ဆိုသည်။

ထိုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း ဘင်္ဂါလီဘာသာထုတ်လွှင့်ရန်ဆောင်ရွက်နေခြင်းကို ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ဒေသခံတိုင်းရင်းသားများနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ သဘောထားကို ရယူရန်လိုအပ်ကြောင်း မွန်အမျိုးသားပါတီဥက္ကဋ္ဌ ဦးနိုင်ငွေသိမ်းက ပြောသည်။

"တိုင်းရင်းသားခေါင်းဆောင်တွေရဲ့သဘောထားကို အစိုးရက ရယူသင့်ပါတယ်။ တိုင်းရင်းသားတွေရဲ့ ဆန္ဒမပါဘဲ အစိုးရဆန္ဒတစ်ခုတည်းနဲ့ ဆောင်ရွက်ခွင့်မရှိပါဘူး"ဟု ဦးနိုင်ငွေသိမ်းက ပြောသည်။

■ J-07

# ရခိုင်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး ဦးစားပေးမဲဆွယ်ဟု ဒေါက်တာအေးမောင်ဆို

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**




ရခိုင်ပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေး ဦးစားပေးမဲဆွယ်လျက်ရှိကြောင်း ဒေါက်တာအေးမောင်က ပြောသည်။

ဒေါက်တာအေးမောင်သည် ရခိုင်အမျိုးသားပါတီ(ANP)၏ ဥက္ကဋ္ဌ ဖြစ်ပြီး လာမည့်ဧပြီ ၁ ရက်နေ့တွင် ကျင်းပမည့်ကြားဖြတ်ရွေးကောက်ပွဲ၌ အမ်းမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာအတွက် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

"ကျွန်တော်တို့ပြည်နယ်က ဆင်းရဲတွင်းမနက်သင့်ဘဲ ဆင်းရဲနေတယ်။ ပြဿနာပေါင်းစုံကို ခါးစည်းခံနေတယ်။ အဲဒီအခြေအနေက လွတ်မြောက်ဖို့ကို တစ်ခုပဲရှိတယ်။ ညီညွတ်ဖို့လိုတယ်။ ကျွန်တော်တို့ ပြည်နယ်ကို ကျွန်တော်တို့ ကိုယ်တိုင် အုပ်ချုပ်မှုရမှာပဲ။ ဒီဘဝက လွတ်မြောက်မယ်ဆိုတာကို ဒေသခံတွေကိုနိုင်ငံရေးအသိပေးခဲ့တယ်" ဟုဒေါက်တာအေးမောင်က ပြောသည်။

ရခိုင်ပြည်နယ်ကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရန် ၂၀၂၀ ရွေးကောက်ပွဲကို ရည်မှန်း၍ ၂၀၁၇ကြားဖြတ်ရွေးကောက်ပွဲကို ခြေကုပ်ယူ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟုလည်း ၎င်းက ထပ်မံပြောဆိုသည်။

မဲဆွယ်စည်းရုံးခွင့်ရရှိသည့်ဇန်နဝါရီ ၃၀ ရက်က စတင်၍ မဲဆွယ်စည်းရုံးရာတွင် အမ်းမြို့နယ်အတွင်း ကျေးရွာပေါင်း ၂၃၂ ရွာရှိသည့်အနက် ကျေးရွာငါးရွာသို့ ရောက်ရှိမဲဆွယ်ပြီးဖြစ်ကြောင်း ဒေါက်တာအေးမောင်က ဆိုသည်။

ရခိုင်ပြည်နယ် အမ်းမဲဆန္ဒနယ်တွင် ပြည်သူ့လွှတ်တော်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဇော်ဝင်းမြင့်၊ ရခိုင်အမျိုးသားပါတီမှ ဒေါက်တာအေးမောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးသောင်းငြိမ်း၊ တစ်သီးပုဂ္ဂလ ဦးဇော်လင်းအောင်တို့က ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

■ ခင်မြတ်မြတ်ဝေ



Photo - EPA

# ဒုတိယ ပင်လုံညီလာခံ ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြုလုပ်မည်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၆**

NLD အစိုးရတွင်စတင်ပြုလုပ်နေသောပင်လုံညီလာခံ ဒုတိယအကြိမ်ဆွေးနွေးပွဲကို ယခုလ(ဖေဖော်ဝါရီ ၂၈ ရက်တွင် ပြုလုပ်မည်ဟု ဆုံးဖြတ်ချက်ချခဲ့ကြောင်း UPDJC အစည်းအဝေးသို့တက်ရောက်ခဲ့သော နိုင်ငံတော်သမ္မတရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြောကြားသည်။

UPDJC အစည်းအဝေးကို နေပြည်တော်ရှိသင်္ဂဟ ဟိုတယ်တွင် ယနေ့( ဖေဖော်ဝါရီ ၆) ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး UPDJC ဥက္ကဋ္ဌ ၊နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်ခဲ့ ခြင်း ဖြစ်သည်။

"ကျွန်မတို့လုပ်နေတာဟာ တစ်စုတစ်ဖွဲ့အတွက် လုပ်နေတာမဟုတ်ပါဘူး။ ဒီမှာ အစုအဖွဲ့တွေ အများကြီးကို ကိုယ်စားပြုတဲ့ကိုယ်စားလှယ်တွေ ရောက်နေပါတယ်။ ကျွန်မကဒီမှာလုပ်နေတာ ကျွန်မက NLD အတွက်လည်း လုပ်နေတာမဟုတ်ဘူး။ အစိုးရအတွက်လည်း လုပ်နေတာမဟုတ်ပါဘူး။ ကျွန်မတို့ရဲ့ပြည်ထောင်စုကြီး ပေါ်ထွန်းလာဖို့အတွက် ကျွန်မလုပ်နေတာပါ" ဟု နိုင်ငံတော်အတိုင်ပင်ခံက ပြောကြားသည်။

အစည်းအဝေး ဆုံးဖြတ်ချက်အရ ညီလာခံကို ကိုယ်စားလှယ် ၇၀၀ ဦးဖြင့်ကျင်းပရန်နှင့်NCA လက်မှတ် ရေးထိုးထားခြင်းမရှိသေးသော လက်နက်ကိုင်အဖွဲ့များ ညီလာခံတက်ရောက်နိုင်ရေး အပါအဝင် လက်မှတ်ထိုးနိုင်ရေးကို ကြိုးပမ်းလုပ်ဆောင်သွားရန် သဘောတူညီမှုရရှိခဲ့ကြောင်း ဦး ဇော်ဌေးက ရှင်းပြသည်။

တစ်နိုင်ငံလုံး ပြန်လည်သင့်မြတ်ရေးအတွက် မတူကွဲပြားသော သဘောထားများကို သင့်မြတ်စေရေးဖြစ်ပြီး မတူကွဲပြားသော သဘောထားများသည် လက်နက်ကိုင်အဖွဲ့အစည်းများနှင့် အစိုးရကြား၌သာ ပြဿနာရှိနေခြင်း မဟုတ်ဘဲ နိုင်ငံတစ်ဝန်းတွင် ရှိနေသောကြောင့် ဒီမိုကရေစီအရေးကို အမုန်တ ကယ် လိုလားပါက ငြိမ်းချမ်းသော ဖြေရှင်းနည်းဖြင့် ဖြေရှင်းနိုင်ရေးကို ယုံကြည်ရန်လိုအပ်ကြောင်း UPDJC ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ဆိုသည်။

လက်ရှိလုပ်ဆောင်နေသော တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးတက်မှုဖြစ်စေရေးအတွက် တိကျ ပြတ်သားစွာလျှောက်လှမ်းရန် ဆုံးဖြတ်ချက် ချသင့်သော အဆင့်မျိုးကို ရောက်စေချင်ပြီဖြစ်ကြောင်း UPDJC ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကပြောကြားခဲ့သည်။ ■

# ပေါင်းတည်မြို့ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်သည့်ဆင် သေဆုံး

**ပြည်၊ ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင် ပေါင်းတည်မြို့ဗုဒ္ဓမြတ်စွယ်တော်လှည့်လည်ပူဇော်ခံရာတွင် အသုံးပြုသော ဆင်မှာ ဖေဖော်ဝါရီလ ၆ ရက် နံနက် ၅ နာရီတွင် သေဆုံးခဲ့ကြောင်း သကျမုနိ မိုးကောင်းဘုရားကြီးမှ ဂေါပက အတွင်းရေးမှူး ဦးတင်အောင်က ပြောကြားသည်။

အဆိုပါ ပေါင်းတည်ရှိ စွယ်တော်ပင့်ဆောင်ပူဇော်မှုတွင် နှစ် ၃၀ကျော်ကြာ အသုံးပြုခဲ့သည့် အသက် ၇၀ခန့်ရှိသော ဆင်ကြီး အောင်ဝိဇ္ဇာမှာ အသက်ကြီးနေသဖြင့် အနားပေးထားသည်မှာ ၂နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း၊ ယင်းနောက်ပိုင်းတွင် သစ်တောဦးစီးက စွယ်တော်လှည့်လည်ရန် ဆင်ကို ကူညီပေးနေကြောင်း ၎င်းက ရှင်းပြသည်။

"တိရစ္ဆာန်ကုဆရာဝန်တွေနဲ့လည်း ကုတာပဲ အစားမစားတော့တာ နှစ်ရက်လောက်ရှိပြီး ဆုံးသွားတာ၊ ပြီးခဲ့တဲ့ရက်က ရွှေတောင်မြို့နယ်က အလှူတစ်ခုသွားပေးခဲ့သေးတယ်၊ ဗိုက်ကြီးဖောင်းလာပြီး အစာမစားတော့ဘဲ ဆုံးသွားတာ" ဟု ဆင်ဦးစီး ဦးမြင့်ဇော်ဦးက ပြောဆိုသည်။

သေဆုံးခဲ့သော အောင်ဝိဇ္ဇာဆင်၏ အစွယ်ကိုအထိမ်းအမှတ်အဖြစ် သိမ်းဆည်းထားမည် ဖြစ်ပြီး ခန္ဓာကိုယ်ကို မြေမြှုပ်မည်ဖြစ်ကြောင်း ဆင်ဦးစီးထံမှ သိရသည်။ ■









# ကြားဖြတ်တွင် မုံရွာရှိ တပ်တွင်းမဲရုံများကို စောင့်ကြည့်လေ့လာခွင့်ပြုမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မုံရွာမြို့အတွင်းရှိ တပ်တွင်းမဲရုံများကို ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသည့် အဖွဲ့များ ဝင်ရောက် လေ့လာနိုင်မည်ဖြစ်ကြောင်း မုံရွာ မြို့နယ် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကြင်စောက ပြောကြားသည်။

"ကျွန်တော်တို့ ပိတ်ပင်ထားခြင်း မရှိပါဘူး။ မဲစာရင်းတွေကို ညပိုင်းည၌နက်တဲ့အထိ ကပ်ထားမှာပါ။ လာကြည့်တာ၊ ဝင်လေ့လာတာမျိုး လုပ်လို့ရတယ်။ လေ့လာချင်သူအနေနဲ့ကတော့ ကြိုတင်လျှောက်ထားရပါမယ်" ဟု ၎င်းက ပြောသည်။

ကြားဖြတ်ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာသွားရန်အတွက် Chindwin Institute အဖွဲ့တစ်ဖွဲ့ကိုသာ ရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုပေးထားပြီး အဆိုပါအဖွဲ့အနေနှင့် ကြားဖြတ်ရွေးကောက်ပွဲ၏ ဖြစ်စဉ်အားလုံးကို လေ့လာစောင့်ကြည့်မည်မဟုတ်ဘဲ တပ်မတော်အတွင်းမဲရုံများ၊ ကြိုတင်မဲယူခြင်းများကိုသာ အဓိကထားစောင့်ကြည့်သွားမည်ဟု ယင်းအဖွဲ့ထံမှ သိရသည်။

"ကျွန်တော်တို့ သိရသလောက်တော့ တချို့တပ်တွင်းမဲရုံတွေက မဲစာရင်းကို ကပ်တာမျိုးမဟုတ်ဘဲနဲ့ တပ်အတွင်းမှာရှိတဲ့ မဲဆန္ဒရှင်စာရင်းကို သူတို့တပ်မှူးကို ပေးလိုက်ရတာမျိုးလည်း ရှိတယ်။ မဲစာရင်းကို မကပ်တော့ဘဲ တပ်က တာဝန်ရှိသူက မှန်၊ မမှန် သူတို့ဘာသာသူတို့ဖြန့်ဝေပြီး စစ်ဆေးမယ်ဆိုတာမျိုးလည်း ကြားတယ်။ အဲလိုနေရာတွေတော့ ကျွန်တော်တို့ ကြည့်ခွင့်ရှိမှာမဟုတ်ဘူး" ဟု Chindwin Institute မှ ကိုစိုးဝင်းဆွေက ပြောသည်။

လက်ရှိတွင် မုံရွာမြို့၌ ဝင်ရောက်ယှဉ်ပြိုင်မည့် ကိုယ်စားလှယ်လောင်းများ မဲဆွယ်စည်းရုံးလျက်ရှိပြီး မုံရွာမြို့နယ် ဒေသခံများကမူ ယခင် ၂၀၁၅ ရွေးကောက်ပွဲနှင့်ယှဉ်လျှင်စိတ်ဝင်စားမှုနည်းပါကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲ အပြောင်းအလဲမဖြစ်နိုင်ဟု ယူဆသည့်ပြည်သူများရှိနေပြီး ယခင်က အနိုင်ရခဲ့သည့်ကိုယ်စားလှယ်များ၏ လုပ်ဆောင်ချက်များကိုလည်း ပြည်သူအချို့က အားမရခြင်းများဖြစ်ပေါ်နေကြောင်း ၎င်းက ထပ်မံပြောဆိုသည်။

ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ မုံရွာမဲဆန္ဒနယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင် ဦးညွန့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ဒေါက်တာဝင်းမြင့်အောင်၊ ပြည်သူ့ဒီမိုကရေစီပါတီဝင် ဒေါက်တာ သန်းထိုက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီဝင် ဦးစိန်မောင်းနှင့် အမျိုးသားတိုးတက်ရေးပါတီဝင် ဦးညွန့်လှိုင်တို့က ဝင်ရောက်အရွေးခံကြမည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ပြန်ထားသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် မုံရွာမဲဆန္ဒနယ်မှ အနိုင်ရရှိသွားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်စင်မောင်မှာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဖြစ်သွားသည့်အတွက် ၎င်းလစ်လပ်သွားသည့်နေရာတွင် နိုင်ငံရေးပါတီငါးခုမှ ကိုယ်စားလှယ်များ ဝင်ရောက်အရွေးခံယှဉ်ပြိုင်ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ၂၀၁၅ ရွေးကောက်ပွဲတွင် တပ်မတော်အတွင်းမဲရုံများကို စောင့်ကြည့်လေ့လာခွင့်နှင့် ဆေးရုံ၊ အချုပ်ခန်းစသည့် ကြိုတင်မဲပေးသူများထံ လိုက်ပါကြည့်ရှုခွင့်များ မရရှိခဲ့ကြောင်း လေ့လာစောင့်ကြည့်မည့် Chindwin Institute အဖွဲ့က ဆိုသည်။

ကြားဖြတ်ရွေးကောက်ပွဲအတွက် မုံရွာမြို့နယ်၌ မဲရုံပေါင်း ၁၅၉ ခုထားရှိသွားမည်ဖြစ်သည်။

■

**ရွှေဖူးခင်**



ဓာတ်ပုံ - Zaw G

# နိုင်ငံပိုင်မြေနှင့် အဆောက်အအုံများကိုလွှဲပြောင်း ရယူခြင်းအပေါ် စိစစ်မည်

**ပုသိမ်၊ ဖေဖော်ဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီးရှိနိုင်ငံတော်ပိုင်မြေများ၊ စည်ပင်ပိုင်မြေများနှင့် အများပြည်သူပိုင်မြေများ၊ အဆောက်အအုံများကို လွှဲပြောင်းရယူမှုများနှင့် ပတ်သက်၍ ပြည့်စုံစွာ သိရှိနိုင်ရန် ဌာနဆိုင်ရာများကို ခေါ်ယူစိစစ်က လွှတ်တော်တွင် တင်ပြမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ပြောကြားသည်။

ဖေဖော်ဝါရီ ၆ရက်က ကျင်းပသော ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် အစည်းအဝေးတွင် ဟင်္သာတမြို့နယ်၊ မဲဆန္ဒနယ် အမှတ်(၂)မှ ဦးအောင်ကိုကိုဦးက ဟင်္သာတမြို့နယ်ရှိဌာနဆိုင်ရာအချို့၏ ဌာနပိုင်မြေ၊ အဆောက်အအုံ၊ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို လွှဲပြောင်းရောင်းချ ငှားရမ်းရာတွင် ပွင့်လင်းမြင်သာမှု မရှိခဲ့သဖြင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနှင့် မည်သို့ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း မေးခွန်းအတွက် ဆက်စပ်မေးခွန်းကို ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့သည်။

ယခု အစိုးရသစ်လက်ထက်တွင် နိုင်ငံရေး ပါတီများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကများထံ နိုင်ငံပိုင်မြေနှင့် အဆောက်အအုံများကို ချထားပေးခဲ့ခြင်းမရှိကြောင်း၊ ယခင်အစိုးရလက်ထက်က မည်သို့ဆောင်ရွက်ခဲ့သည်များကို ပြည့်ပြည့်စုံစုံသိရှိလိုပါက ဌာနဆိုင်ရာများကိုခေါ်ယူစိစစ်၍ လွှတ်တော်သို့ တင်ပြပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်က ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီးရှိ နိုင်ငံပိုင်အဆောက်အအုံများ၊ မြေများတွင် နိုင်ငံရေးပါတီတစ်ခုမှ ဝင်ရောက် နေရာယူ ပိုင်ဆိုင်နေခြင်းရှိနေသောကြောင့် ယင်းမြေများကို ယခင်အတိုင်း ဌာနပိုင်၊ အများပိုင်၊ နိုင်ငံပိုင်မြေများအဖြစ် ပြန်လည်လွှဲပြောင်းရယူနိုင်ရေးအတွက် မူလမေးခွန်းအပြင် ဆက်စပ်မေးခွန်း မေးမြန်းရခြင်းဖြစ်ကြောင်း မေးခွန်းရှင် ဦးအောင်ကိုကိုဦးက ပြောကြားသည်။

ဌာနပိုင် အဆောက်အအုံနှင့် မြေများကို အခြားဝန်ကြီးဌာနသို့လွှဲပြောင်းရာတွင် မှတ်တမ်းမှတ်ရာများဖြင့် လွှဲပြောင်းခြင်း၊ ဌာနပိုင် အဆောက်အအုံများနှင့် မြေများကို ထုခွဲရောင်းချပါက နိုင်ငံပိုင် ပစ္စည်းများ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ထံ တင်ပြအပ်နှံကာ ကော်မရှင်က တန်ဖိုးတွက်ချက် ထုခွဲရောင်းချခြင်း၊ ဌာနဆိုင်ရာများတွင် မလိုအပ်သော ဟောင်းနွမ်းသော ပစ္စည်းများကို ထုခွဲရောင်းချပါက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေး၊ ဆောက်လုပ်ရေးဌာနများ ပါဝင်သော အဖွဲ့က တွက်ချက်တင်ပြမှုအတိုင်း ထုခွဲရောင်းချကာ နိုင်ငံတော်ဘဏ္ဍာသို့ ပေးသွင်းရကြောင်း တိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီး ဦးကျော်မြင့်က ပြောကြားသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် အဆောက်အအုံ ငှားရမ်းခ ကျပ် ၅၂၀ သိန်းကျော် ရရှိမည်ဖြစ်ပြီး ကုန်သွယ်ခွန် ၂၄၈၀၀၀၀ကျော် ပေးသွင်းနိုင်မည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် ဌာနပိုင် အဆောက်အအုံများကိုငှားရမ်းရန် ပုသိမ်၊ ဟင်္သာတ၊ ဓနုဖြူ၊ မြောင်းမြ၊ မအူပင်၊ ညောင်တုန်း၊ လပွတ္တာမြို့များရှိအဆောက်အအုံ၁၄ လုံးကိုမြေပြင်ကွင်းဆင်းစစ်ဆေးမှုပြုလုပ်ထားကြောင်း ၎င်းက လွှတ်တော်တွင် ပြောကြားခဲ့သည်။

# လှိုင်သာယာတွင် အမျိုးသားတစ်ဦးအား တုတ်ဖြင့်ရိုက်သတ်သော သားအဖနှစ်ဦးကို အမှုဖွင့်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

လှိုင်သာယာမြို့နယ်၌ အသက် ၁၉ နှစ်အရွယ် အမျိုးသားတစ်ဦးကို ဝါးတုတ်ဖြင့် ရိုက်နှက်ခဲ့သော သားအဖနှစ်ဦးကို ဇန်နဝါရီလ ၅ ရက်နေ့က ပုဒ်မ ၃ ခုဖြင့် အမှုဖွင့်အရေးယူထားကြောင်း သောင်ကြီး နယ်မြေ ရဲစခန်းထံမှ သိရသည်။

ဖေဖော်ဝါရီလ ၃ ရက် ည ၈ နာရီက ထမင်းအတူစားနေသော အသက် ၂၂ နှစ်အရွယ် ကိုကိုမင်းစံနှင့် ကိုဝေယံနိုင်တို့သည် သဲကွင်းလုပ်ငန်းခွင်၌ စကားများရန်ဖြစ်ကာ လက်သီးဖြင့် အပြန်အလှန်ထိုးကြိတ်ခဲ့ကြောင်း၊ ယင်းနောက် ကိုကိုမင်းစံက ဝါးတုတ်ဖြင့် ပြေးရိုက်စဉ် ကိုဝေယံနိုင်၏ ဝမ်းကွဲအစ်ကိုတော်စပ်သူ အသက် ၂၁ နှစ်အရွယ် ကိုမျိုးသက်ဝင်းက ဝင်ဆွဲရာမှ ၎င်း၏ ဦးခေါင်းကို တုတ်ဖြင့် ရိုက်ခံရပြီး လဲကျခဲ့ကြောင်း၊ ယင်းနောက် ကိုကိုမင်းစံနှင့် ၎င်း၏ဖခင်ဖြစ်သူ ဦးဝမ်ဒင်တို့နှစ်ဦးက ဝါးတုတ်ဖြင့် ကိုဝေယံနိုင်ကို ဝိုင်းရိုက်နှက်ခဲ့သောကြောင့် ပေါက်ပြဲဖူးရောင် ဒဏ်ရာများ ရရှိခဲ့ပြီး သဲကွင်းလုပ်သားများက ဆေးရုံတင်ပို့ခဲ့ရာ ဖေဖော်ဝါရီလ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ကိုဝေယံနိုင်သေဆုံးခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"ရန်ဖြစ်သူတွေက ဧရာဝတီတိုင်း၊ မြောင်းမြမြို့ ထုံးဘိုရွာသားတွေ၊ ဒီမှာလာပြီး သဲကွင်းမှာ အလုပ်လုပ်နေကြတာ၊ အရက်အတူသောက်စားပြီး ထမင်းစားရာက ရန်ဖြစ်တာလို့ သိရတယ်၊ ပြစ်မှုကျူးလွန်သူ သားအဖနှစ်ယောက်ထဲက သားဖြစ်သူကို ဖမ်းမိထားပါတယ်" ဟု သောင်ကြီးနယ်မြေ ရဲစခန်းမှ ရဲအရာရှိက ပြောသည်။

အဆိုပါ ရိုက်နှက်မှုကြောင့် လူသေဆုံးခဲ့မှုကို သောင်ကြီးနယ်မြေ ရဲစခန်းတွင် (ပ) ၈၁/၁၇၊ ရာဇသတ်ကြီး ပုဒ်မ ၁၀၂/၃၂၅/၁၁၄ ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

■

**S-03**

စိန် လေမှုတ်စက်လုပ်ငန်း မှ
Compressor များကို သျှိုသာသောဈေးနှုန်းများဖြင့် ပစ္စည်းစုံ ရောင်းချပေးနေပါသည်။
www.seinaircompressor.com

# အစိုးရလက်ဝါးကြီးအုပ်ထားခြင်းကြောင့် ပုဂ္ဂလိကမီဒီယာများ ပျောက်ကွယ်သွားနိုင်ကြောင်း လွှတ်တော်သို့တင်ပြ

နေပြည်တော်၊ ဖေဖော်ဝါရီ ၆



ဓာတ်ပုံ-The Voice

ပုဂ္ဂလိက သတင်းမီဒီယာဈေးကွက်ကို အစိုးရပိုင် ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာတို့က အသာစီးယူလက်ဝါးကြီးအုပ်ထားခြင်းကြောင့် ပုဂ္ဂလိကသတင်းစာများ၊ ဂျာနယ်များသည် မေးမှိန်ပျောက်ကွယ်သွားမည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖေသန်းက လွှတ်တော်သို့တင်ပြ ပြောဆိုလိုက်သည်။

"နိုင်ငံပိုင်သတင်းစာအနေနဲ့သတင်းမီဒီယာဈေးကွက်ကိုလက်ဝါးကြီးအုပ်အသာစီးရယူထားနိုင်တာကြောင့် မေးမှိန်ပျောက်ကွယ်သွားပါတယ်၊ ဈေးကွက်တင်ပြီးအသတ်ခံနေရတဲ့ အခြေအနေမျိုးရောက်ရှိနေပါတယ်" ဟု ၎င်းကပြောသည်။

ယနေ့ (ဖေဖော်ဝါရီ ၆) ကျင်းပသောပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မြေပုံမဲဆန္ဒနယ်မှ ဦးဖေသန်းက တိုင်းရင်းသားမီဒီယာများအပါအဝင် ပုဂ္ဂလိက သတင်းမီဒီယာများရှင်သန်ဖွံ့ဖြိုးရေးဆောင်ရွက်ပေးမည့် အစီအစဉ်နှင့် နိုင်ငံပိုင်သတင်းစာသည် ပြည်သူ့ကိုယ်စားပြုသတင်းစာအဖြစ်သို့ရောက်ရှိရန် မည်ကဲ့သို့လုပ်ဆောင်လျက် ရှိသည်ကို သိလိုကြောင်းမေးမြန်းရာတွင် ၎င်းက အထက်ပါအတိုင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

နိုင်ငံတော်ပိုင်သတင်းစာ (မြန်မာ့အလင်း၊ ကြေးမုံ) သည် နိုင်ငံတော်ဘတ်ဂျက်ကိုသုံးစွဲပြီး ဝန်ကြီးဌာနများ၏ သတင်းထုတ်ပြန်ချက်များကို အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်နိုင်ခြင်း၊ ဝန်ထမ်းခေါ်ယူမှု၊ တရားရုံးကြော်ငြာ၊ အစိုးရတင်ဒါ၊ သာရေးနာရေးကြော်ငြာများကို ရယူထားသည့်အပြင် ဈေးလျှော့ရောင်းနိုင်ခြင်း၊ နိုင်ငံပိုင်မြေ အဆောက်အအုံများ၊ စက်ယန္တရားများဖြင့် သုံးစွဲနေခြင်းစသည့် အချက်များသည် ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်များထက် အားသာချက်များစွာ ရှိနေခြင်းဖြစ်ကြောင်း ဦးဖေသန်းက ထောက်ပြပြောဆိုသည်။

"ပုဂ္ဂလိက သတင်းစာ၊ ဂျာနယ်တွေမှာ အဲလိုအခွင့်အရေးတွေမရှိတာကြောင့် တချို့သတင်းစာဂျာနယ်များမှာ ဆက်လက်ရပ်တည်နိုင်ခြင်းမရှိဘဲပိတ်သိမ်းသွားရသကဲ့သို့ တချို့မှာခက်ခက်ခဲခဲရပ်တည်နေရပါတယ်၊ ကျားနဲ့ သမင်ကိုတန်းတူအခွင့်အရေးပေးပြီး ယှဉ်ပြိုင်ခိုင်းတဲ့တောတွင်းဥပဒေမျိုး ဖြစ်နေပါတယ်" ဟု ၎င်းကပြောသည်။

ယင်းအပြင် နိုင်ငံပိုင်သတင်းစာများသည် ပြည်သူအများစိတ်ဝင်စားနေသည့်သတင်းကို ပုဂ္ဂလိက သတင်းစာများကဲ့သို့အကျယ်တဝင့် ရေးသားခြင်းမရှိဘဲ အရေးမကြီးသကဲ့သို့ အဆင့်လျှော့ချ ရေးသားဖော်ပြခြင်းသည် သတင်းအမှောင်ချခြင်းတစ်မျိုးဖြစ်သည်ဟု ယူဆမိကြောင်း ၎င်းက ထပ်လောင်းပြောသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဖေမြင့် အနေနှင့်ဖြေကြားရာတွင် ပုဂ္ဂလိကသတင်းစာများနှင့် နိုင်ငံပိုင်သတင်းစာ (ကြေးမုံ၊ မြန်မာ့အလင်း) တို့သည် ဈေးကွက်ယှဉ်ပြိုင်နေခြင်းမဟုတ်သောကြောင့် အစိုးရသတင်းစာကြောင့် ပုဂ္ဂလိကသတင်းစာများ ပျောက်ကွယ်သွားမည်ကို စိုးရိမ်စရာမလိုကြောင်း၊ အစိုးရသစ်တက်လာပြီးနောက်ပိုင်းတွင် နိုင်ငံပိုင်သတင်းစာ နှစ်စောင်ကို အသွင်သဏ္ဌာန်၊ အနှစ်သာရတို့ကိုပါ ရက်တစ်ရာအတွင်းပြောင်းလဲခဲ့ပြီး ပြည်သူ့ကိုယ်စားပြုသတင်းစာအဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ပုဂ္ဂလိက သတင်းမီဒီယာများ ရှင်သန်ဖွံ့ဖြိုးရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ပြည်တွင်းပြည်ပ ပညာရှင်များနှင့် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ တိုင်းရင်းသားမီဒီယာညီလာခံများ ပြုလုပ်ပေးလျက်ရှိသည့်အပြင် မြန်မာမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာမီဒီယာသမားများနှင့် ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် UNDP၊ UNESCO၊ IMS၊ DW Akademic၊ Action Aid၊ Article 19 နှင့် USAID စသော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ တိုင်ပင်အဖြေရှာထားပြီဖြစ်ကြောင်း ဝန်ကြီးက ရှင်းပြသည်။

ယင်းအပြင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဖေသန်းက နိုင်ငံပိုင်သတင်းစာတွင် ထည့်သွင်းသောကြော်ငြာစာတမ်းများမှသာလျှင်တရားဝင်ခြင်းရှိမရှိနှင့် တိုင်းရင်းသား၁၃၅ မျိုးအတွက် ပြည့်စုံသောရေဒီယို (FM) လိုင်းပြုလုပ်ခြင်းမရှိသေးဘဲ ရခိုင်ပြည်နယ် မောင်တောဒေသရှိ ဘင်္ဂါလီလူမျိုးများ၏ဘာသာစကားဖြင့်မေယု FM ကို ထုတ်လွှင့်လိုက်ခြင်းကို သိလိုကြောင်း ထပ်ဆင့်မေးမြန်းခဲ့သော်လည်း ဝန်ကြီးက ဖြေကြားခဲ့ခြင်း မရှိခဲ့ပေ။ ■

## MICA ဖျက်သိမ်းပြီးပါက စက်ရုံအလုပ်ရုံနှင့် မြေယာများစီမံထားမည့် အခြေအနေကို ပွင့်လင်းစွာရှင်းလင်းရေးအဆို ကန့်ကွက်သူမရှိသေး

နေပြည်တော်၊ ဖေဖော်ဝါရီ ၆

နိုင်ငံသားများကို အကျိုးမပြုဘဲ လူတစ်စုမှလက်ဝါးကြီးအုပ်ခြယ်လှယ်လုပ်ကိုင်ခဲ့သော MICA ( Myanmar International Cooperation Agency ) အဖွဲ့ကို ဖျက်သိမ်းပြီးပါက ပြည်ထောင်စုအစိုးရ၏ တရားဝင်ခွင့်ပြုချက်မရှိဘဲ သိမ်းယူထားသည့် စက်ရုံများ၊ လုပ်ငန်းများ၊ မြေယာများနှင့် ရရှိခဲ့သောငွေကြေးစီမံခန့်ခွဲထားမှုကိုပွင့်လင်းမြင်သာစွာ ရှင်းလင်းဖော်ထုတ်ပေးရေးအဆိုကို ကန့်ကွက်ဆွေးနွေးသူမရှိသေးကြောင်း လွှတ်တော်ကိုယ်စားလှယ်များ ကပြောကြားသည်။

ယင်းအဆိုကိုပြီးခဲ့သည့် လွှတ်တော်အစည်းအဝေး( ဒုတိယအကြိမ်တတိယပုံမှန်အစည်းအဝေး) တွင် ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ် (၇) မှ နော်ခရစ္စထွန်း (ခ) ဒေါက်တာအားကာမိုးက တင်သွင်းခဲ့ခြင်းဖြစ်ပြီး ယနေ့ကျင်းပသော အမျိုးသားလွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ၈ ဦးက ထောက်ခံဆွေးနွေးခဲ့ခြင်း ဖြစ်သည်။

ယခင်အစိုးရလက်ထက်တွင် နိုင်ငံတော်၏ သားငါးကဏ္ဍ တိုးတက်ရေးနှင့် စားနပ်ရိက္ခာ ဖူလုံရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားသည်ဟုဆိုသော MICA အဖွဲ့သည် ယခင်မွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်၌ လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာဖြင့် လုပ်ကိုင်ခဲ့သော်လည်း ပြည်ထောင်စုအစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းတွင် တစ်စုံတစ်ခုမျှ မတွေ့ရကြောင်း ကိုယ်စားလှယ်များထံမှသိရသည်။

အဆိုပါအဖွဲ့၏ စီးပွားရေးလုပ်ငန်းများသည် ယခင်အစိုးရမှ တချို့သောသူများက ထိန်းချုပ်လုပ်ကိုင်ထားပြီး နိုင်ငံသားများအတွက်မဟုတ်သည့်အပြင် နိုင်ငံတော်ဘဏ္ဍာငွေစာရင်းသို့ ထည့်ဝင်ခြင်းမရှိသောကြောင့် ဖျက်သိမ်းတော့မည်ဖြစ်ကြောင်း NLD အစိုးရက ကြေညာခဲ့သည်။

ယင်းအဖွဲ့လက်အောက်ရှိ မွေး/ရေဘဏ်မှာလည်း လက်ရှိအချိန်တွင် ကမ္ဘာ့ရတနာဘဏ်ဟုနာမည်ပြောင်းထားသည်ကို တွေ့ရှိရကြောင်း ဆွေးနွေးချက် မှတ်တမ်းများအရ သိရသည်။

ယင်းအဆိုကို ဖေဖော်ဝါရီ ၇ ရက် ( ယနေ့) တွင် ကိုယ်စားလှယ် ၆ ဦးက ဆက်လက်ဆွေးနွေးသွားမည်ဖြစ်ပြီး အတည်ပြု ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း လွှတ်တော်မှ သိရှိရသည်။ ■

## MDCF ခေါင်းဆောင်ကိုထင်ကျော်နှင့် ကိုစိုးဇော်တို့ကို ထောင်ဒဏ်ချမှတ်

ရန်ကုန်၊ ဖေဖော်ဝါရီ ၆

MDCF ခေါင်းဆောင်ကိုထင်ကျော် (ခ)ကျော်ထင်နှင့် ကိုစိုးဇော်တို့ကို ဖေဖော်ဝါရီလ ၆ ရက်မွန်းလွဲပိုင်းက ကျောက်တံတားမြို့နယ် တရားရုံးမှ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၉ ဖြင့် ထောင်ဒဏ်နှစ်လ ကျခံစေရန် အမိန့်ချခဲ့သည်။

MDCF ခေါင်းဆောင် ကိုထင်ကျော်နှင့် ကိုစိုးဇော်တို့အား စက်တင်ဘာလ ၃၀ ရက်နေ့က မြောက်ဥက္ကလာပမြို့နယ်တရားရုံးမှ ရာဇသတ်ကြီးပုဒ်မ ၄၄၇ / ၄၂၇ ဖြင့် တရားစွဲဆိုခံရသည့်အမှုကို တရားရုံးသုံးစွဲချက်ပုံစံ ၇၉ အစား စီရင်ချက် အမိန့်ပုံစံ ၉၇ ဖြင့် မှားယွင်း ချမှတ်ခဲ့ကြောင်း၊ ယင်းအမိန့်ချမှတ်မှုကိုပြင်ဆင်ပေးရန် ခရိုင်တရားရုံးနှင့် တိုင်းတရားလွှတ်တော်သို့ တင်ပြသော်လည်း အဆင်မပြေမှုများဖြင့် ကြုံတွေ့ခဲ့ရသည့်အတွက် အများပြည်သူသိရှိနိုင်ရန် မဟာဗန္ဓုလပန်းခြံရှေ့တွင် ဆန္ဒထုတ်ဖော်ခဲ့ရာမှ တရားစွဲဆိုခံရခြင်းဖြစ်ကြောင်း ကျောက်တံတားမြို့နယ် တရားရုံးထံမှ သိရှိရသည်။

"ဗိုလ်စိန်မှန်ကွင်းကနေ တာမွေကျိုက္ကဆံကွင်းကို ခွင့်ပြုခဲ့တယ်၊ ဆန္ဒပြတဲ့နေရာက အများပြည်သူ အနှောင့်အယှက်ဖြစ်နိုင်လို့ ခွင့်မပြုခဲ့တာကို ဆန့်ကျင်ပြုလုပ်ခဲ့တဲ့အတွက် ထောင်ဒဏ်နှစ်လ ချမှတ်ပါတယ်၊ ချုပ်ရက်တွေခံစားနိုင်ဖို့ ခွင့်ပြုပါတယ်" ဟု ကျောက်တံတားမြို့နယ် တရားသူကြီးက တရားခွင်တွင်ပြောကြားသည်။

ယင်းထောင်ဒဏ်နှစ်လ ချမှတ်ခံရသူ ကိုထင်ကျော်ကို ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်နေ့က မြောက် ဥက္ကလာပမြို့နယ် တရားရုံးရှေ့တွင် မြန်မာနိုင်ငံ တရားစီရင်ရေးအပေါ် စစ်ဗိုလ်ချုပ်များ လွှမ်းမိုးထားကြောင်း၊ တရားစီရင် အပြစ်ပေးရာတွင် ပြည်သူသာခံစားနေရပြီး စစ်ဗိုလ်ချုပ်များမှာ လွတ်မြောက်နေကြောင်း ဟောပြောခဲ့သည့်အတွက် တပ်မတော်ဂုဏ်သိက္ခာ ထိခိုက်စေသည်ဟုဆိုကာ ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးဇော်ဇော်က ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) ဖြင့် ထပ်မံ တရားစွဲဆိုခံနေရသူဖြစ်သည်။

"ကိုထင်ကျော်ကိုမြောက်ဥက္ကလာပ တရားရုံးရှေ့မှာ ဆန္ဒပြမှုနဲ့ဖမ်းဆီးခဲ့တယ်၊ အဲဒီအချိန်မှာ ဒီကအမှုကို အာမခံရပ်သိမ်းခဲ့တာ၊ ကိုစိုးဇော်က နိုဝင်ဘာလ ၉ ရက်နေ့မှာ အာမခံရပ်သိမ်းပြီး ကိုထင်ကျော်နဲ့အတူ ထောင်ထဲ လိုက်နေခဲ့တာ၊ အခုထောင်ဒဏ်နှစ်လချမှတ်လိုက်တော့ ကိုစိုးဇော်က လွတ်သွားတဲ့အပြင် အချုပ်ခံရတဲ့တွေ တစ်လ လောက်ပိုသွားတယ်" ဟု MDCF အဖွဲ့ဝင် ကိုမှတ်ကြီးက ပြောကြားသည်။

တရားရုံးမှ ပြန်လည်ထွက်ခွာရာတွင် MDCF ခေါင်းဆောင် ကိုထင်ကျော် (ခ)ကျော်ထင်က တရားဥပဒေစိုးမိုးရေး၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖျက်သိမ်းရေး၊ ရာဇဝတ်မှု ကျူးလွန်ထားသော စစ်ဗိုလ်ချုပ်များနှင့် ခရိုနီများကို ဖမ်းဆီးအရေးယူပေးရေး စသည့်ကြွေးကြော်သံကို အော်ဟစ်ပြောဆိုတိုင်ပေးခဲ့ပြီး ၎င်း၏ အဖွဲ့ဝင်များမှလည်း ပြန်လည်ကြွေးကြော်အားပေးခဲ့သည်။ ■ J-16

မြန်မာပြည်မှာ ဆန်းရှိုင်း
သားရေစစ်စစ် ပစ္စည်းအမျိုးမျိုးအရောင်းဆိုင်များ (ပင်ရင်း)

# E D I T O R I A L

# တတ်ယောင်ကားများ၏ အန္တရာယ်

မြန်မာလူ့အဖွဲ့အစည်းတွင် ပိဋကတ်အိုးကွဲ ဟု ဆိုလိုက်သည်နှင့် အကြောင်းအရာတစ်ခုကို ခြေခြေမြစ်မြစ် အကျိုးအကြောင်းနှင့်တကွ ပိုင်နိုင်စွာ သိရှိနားလည်သူမျိုးမဟုတ်ဘဲ အပေါ်ယံအသိမျှလောက်ဖြင့် ဟန်တစ်လုံး ပန်တစ်လုံး ကြွားလုံးထုတ်သူ သို့မဟုတ် တတ်ယောင်ကားဟု နားလည်ထားကြသည်။

အခြေအနေ အကြောင်းကြောင်းကြောင့် အရာရာ ဆင်းရဲချို့တဲ့နေသော လူ့အဖွဲ့အစည်းတစ်ရပ်အနေနှင့် ပညာ လူ့အဖွဲ့အစည်းသို့ သွားသည့်လမ်းတွင် ထိုသို့သော တတ်ယောင်ကားများက လမ်းလွှဲပို့တတ်သည့် အန္တရာယ်ရှိပေသည်။

တတ်ယောင်ကားဖြစ်သောကြောင့် ပညာရှိတို့၏ အဆိုအမိန့်နှင့် အဆုံးအမများကို ဟုတ်ယောင်ယောင် အကျိုးအပဲ့ ဒဿနများဖြင့် ရောပြွမ်းပြီး အသိပညာနိမ့်ကျဆဲ လူပရိသတ်ကို အလွဲလမ်းပြနေသည့် သာဓကများလည်း ရှိခဲ့ပြီးဖြစ်သလို လက်ရှိနှင့် အနာဂတ်ကာလတွင်လည်း ရှိနေဆဲ၊ ရှိနေဦးမည် ဖြစ်သည်။

အထူးအားဖြင့် အာဏာရှင်အမျိုးမျိုး၏ ဖိနှိပ်၊ ရက်စက်မှုများစွာကြောင့် ကြီးစွာ စိတ်ဒဏ်သင့်နေသော ပြည်သူအများစုကို တတ်ယောင်ကားများ၏ ဟုတ်နိုးနိုး ဒဿနများ၊ တော်လှန်ရေးဆန်ဆန် ဆောင်ပုဒ်များ၊ ကမ္ဘာပေါ်တွင် ကျဆုံးသွားပြီဖြစ်သော ဝါဒမှိုင်းများဖြင့် အရာရာကို အနုတ်လက္ခဏာဖြင့် ရှုမြင်စေရန် နှပ်ကြောင်းပေးနေတတ်သည်။

'လူသာလာပါ၊ ပြဿနာ ခေါ်မလာပါနှင့်'၊ 'သူပြုံးနေပြီ၊ အကြွေးယူတော့မည်'၊ 'သင်ကောင်းလျှင် ကျွန်ုပ် မဆိုးပါ'၊ 'တူဖြင့်လျှင် နှံ၊ ပေဖြစ်လျှင်ခံ'၊ 'သင့်မာနကို ကျွန်ုပ်အိမ် ဖိနပ်ချွတ်အောက်တွင် ထားခဲ့ပါ'၊ 'ကျွန်ယုံတော့ တစ်ဖက်ကန်း၊ သားသမီးယုံတော့ စုံလုံးကန်း' ဆိုသော ဆောင်ပုဒ်များကို နေအိမ်အတော်များများတွင် ချိတ်ဆွဲထားခြင်းကိုကြည့်လျှင် တတ်ယောင်ကားများ၏ ဩဇာသက်ရောက်မှုကို ခန့်မှန်းကြည့်နိုင်သည်။

လူမှုဗေဒသဘောအရ လူရှိလျှင် ပြဿနာရှိတတ်သည့်သဘောနှင့် ဆန့်ကျင်ခြင်း၊ တစ်ဖက်သားကို အထင်သေးခြင်း၊ အမုန်းကို အမုန်းနှင့် တန်ပြန်လိုခြင်း၊ လက်စားချေလိုခြင်း၊ တစ်ဖက်သားကို နှိမ်ချလိုခြင်း၊ မိမိအသုံးမကျခြင်းကို တစ်ပါးသူအပေါ် အပြစ်ပုံချလိုခြင်း သဘောများကဲနေသော အထက်ဆိုခဲ့ပါဆောင်ပုဒ်များ ယနေ့ မြန်မာလူ့အဖွဲ့အစည်းအတွင်း နေရာချဲ့ထွင်လာခြင်းမှာ ကောင်းသည့်လက္ခဏာမဟုတ်ပေ။

စိတ်ဒဏ်ရာသင့်သူများ သို့မဟုတ် အရာရာတိုင်း မိမိကိုယ်ကိုယ် ဗဟိုပြုစဉ်းစားလေ့ရှိသူများ၏ ဟဒယနှင့် ကိုက်ညီသောကြောင့် လက်ခံကျင့်သုံးနေကြသည့်ဟုတ်ယောင်ယောင် ထိုဆောင်ပုဒ်တို့သည် ဗုဒ္ဓ၏ အဆုံးအမများနှင့် ချိန်စက်ကြည့်လျှင်ပင် အကျိုးအပဲ့များဖြစ်နေကြောင်း သိသာထင်ရှားလှသည်။

ယနေ့မြန်မာလူ့အဖွဲ့အစည်းတွင် ရင်ဆိုင်နေရသော စိန်ခေါ်မှုများ၊ အခက်အခဲ၊ ပြဿနာရပ်များကိုလည်း ဟုတ်ယောင်ယောင်၊ ဟုတ်နိုးနိုး အကျိုးအပဲ့ ဒဿနများကို အခြေခံထားသည့် တတ်ယောင်ကား နည်းနာများဖြင့် ချဉ်းကပ်ဖြေရှင်းသွားစေနိုင်သည့် အလွဲဖိအားပေးမှုများ ရှိတတ်သည်။

အထူးသဖြင့် မိမိကို ထောက်ခံသူ၊ ဆန့်ကျင်သူ၊ မိမိနှင့် သဘောထားတူသူ၊ မတူသူ၊ အယုတ်၊ အလတ်၊ အမြတ်မရွေး၊ ဘာသာ၊ လူမျိုးမရွေး နိုင်ငံသားအားလုံးကိုယ်စား နိုင်ငံ ပြန်လည်ထူထောင်ရေး၊ ပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းမှု တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်ချီ တာဝန်ယူ၊ တာဝန်ခံထားရသည့် နေရာများတွင် ရောက်နေသူများအနေနှင့် အတိတ်က အရိပ်မည်းများကို အကြောင်းပြုကာ လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ အကြောင်းကိစ္စရပ်များကို အရောင်ပါသော မျက်မှန်ဖြင့် ကြည့်ခြင်း၊ သူ့လူ၊ ငါ့လူ ခွဲခြားစေခြင်းတို့ဖြင့် တတ်ယောင်ကားဝါဒီနှင့် အတွေးအခေါ်များက အလွဲလမ်းပြသွားနိုင်ကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၆ - ၂ - ၂၀၁၇ )**

# လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်ရုပ်သိမ်းမည့်ဥပဒေမူကြမ်း ပြန်တင်မည်

**နေပြည်တော်၊ ဖေဖော်ဝါရီ ၆**

လွှတ်တော်ကိုယ်စားလှယ် တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေမူကြမ်းကို ရေးဆွဲထားပြီဖြစ်ပြီး လွှတ်တော်သို့ ပြန်လည်တင်ပြရန်စီစဉ်နေပြီဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ပြောကြားသည်။

ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ကျင်းပသော ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ယင်းဥပဒေကိုပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိမရှိ မေးမြန်းခဲ့ခြင်းဖြစ်ပြီး ၎င်းက အထက်ပါအတိုင်း ဖြေကြားခဲ့ခြင်းဖြစ်သည်။

"ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လွှတ်တော်မှအတည်ပြုပြဋ္ဌာန်း ပြီးပါက ၎င်းဥပဒေနှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆက်လက် ဆောင်ရွက် မည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်" ဟု ဦးအောင်မြင့်က ပြောသည်။

ယင်းဥပဒေကြမ်းသည် ပထမအကြိမ် လွှတ်တော်သက်တမ်း( ၂၀၁၁ - ၂၀၁၅) တွင် ပြည်ထောင်စုလွှတ်တော်တွင် နှစ်ကြိမ်တိုင်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ပြီး အကြံပြုချက်နှင့် သဘောထားမှတ်ချက်များကြောင့် ပိုမိုပြည့်စုံသော ဥပဒေကြမ်းဖြစ်လာစေရန် ကော်မရှင်က ပြန်လည်ရေးဆွဲရန် လွှတ်တော်နာယက ကကြေညာခဲ့ခြင်း ဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကိုတာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းကိစ္စသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပုဒ်မ ၃၉၆ (ခ) တွင် ပြဋ္ဌာန်းထားပြီး ရုပ်သိမ်းလိုပါက သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲဆန္ဒရှင်များအနက် တစ်ရာခိုင်နှုန်းက လက်မှတ်ရေးထိုး၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တင်သွင်းရမည်ဟု ပြဋ္ဌာန်းထားသည်။

ယင်းပြဋ္ဌာန်းချက်ဖြစ်သော တစ်ရာခိုင်နှုန်းအစား မဲဆန္ဒရှင် ၈ ရာခိုင်နှုန်း၊ ၁၀ ရာခိုင်နှုန်း၊ ၂၀ ရာခိုင်နှုန်း၊ ၂၅ ရာခိုင်နှုန်းနှင့် မဲဆန္ဒရှင်သုံးပုံတစ်ပုံ လက်မှတ်ဖြင့် ကော်မရှင်သို့တင်ပြရန် လွှတ်တော်ကိုယ်စားလှယ် အသီးသီးက မတူညီသော ဆွေးနွေးချက်များဖြင့် ပြင်ဆင်လိုကြောင်း ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

လက်ရှိရေးဆွဲထားသော ယင်းဥပဒေမူကြမ်းတွင် မဲဆန္ဒရှင်မည်မျှ လက်မှတ်ရေးထိုး၍ ကော်မရှင်သို့တင်ပြရမည်ဆိုသည့်အချက်နှင့် မည်သည့်နေ့ရက်တွင် လွှတ်တော်သို့တင်ပြပေးမည့်အချက်တို့ကို ကော်မရှင်အဖွဲ့ဝင်က ပြောကြားခဲ့ခြင်း မရှိပေ။ ■

The VOICE Daily CARTOON



The VOICE Daily

The Product of Myanmar Partners Think Tank Group
(A Sister Publication of Living Color Magazine)

**Editor in-Chief** - Kyaw Min Swe, **Deputy Chief Editor** -Tin Aung Kyaw , **Editor in Charge** -Kyaw San Min .
**Senior Executive Editors** - Thiri Zaw, Aung Soe, **Legal Advisor** - U Hla Sein (Advocate), **Foreign Desk** - Aung Kyaw Soe,
**Editors** - Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin , Ye Win Saung, Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors** - Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP)** - Ma Khine, **Designer** - Saw Elijah, **Design & DTP** - Cho Cho Zin, Hnin Si.
**Senior Reporters** - Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw , Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing, Zeyar Hein.
**Reporters** - Khine Cherry Tun, San San Htwe, Kyaw Soe Oo, Su Lay Ngone, Thida Swe, Aung Zaw Htoo,
**Part-time Editors**- Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters** - Ye Win Naing, Than Pe Thar. Nay Lin, Yan Moe Naing, Myat Min, Aung Phyo,
**Regional Reporters** - Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Nay Lin Phyu, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Lwin Mar Aung, Myat Thu Tun (Poe Thiha), Paw Oo, Khin May San, Tin Zaw Oo. **Photographer** - Ye Pyae Zar Ni, Aung Naing,
**Publisher** - Daw Win Kalayar Swe (00940), **Advertising** - Ei Mar Lar, Zaw Zaw Aung
**Distribution** - Htet Khaung, Jet Too Too.
**Press** -Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team**- thevoicewebteam@gmail.com,
**Website** - www.thevoicemyanmar.com, **Office** - No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone** – 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080
**Hot Lines** – 09 785555771 **(Newsroom)**, 09 785555772**(Advertising)**, 09 785555773**(Distribution)**
**E-mail**-Admin; Chief Editor :c-editor@thevoicemyanmar.com, **News Room** : newsroom@thevoicemyanmar.com.

# တိုင်းတရားသူကြီးချုပ်အဆို စာသားပြင်ဆင်ခိုင်းမှုကို မှတ်တမ်းတင်ပေးရန် တောင်းဆို

**ပုသိမ်၊ ဖေဖော်ဝါရီ ၆**

တရားမဏ္ဍိုင်ကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က ထိန်းကျောင်းကြပ်မတ်ပေးရန် မြောင်းမြကိုယ်စားလှယ် တင်သွင်းခဲ့သည့် အဆိုစာသားကို ဧရာဝတီတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်းက ပြင်ဆင်ခိုင်းမှုနှင့် ပတ်သက်၍ လွှတ်တော်တွင် မှတ်တမ်းတင်ပေးရန် ရေကြည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က ဖေဖော်ဝါရီလ ၆ရက်က လွှတ်တော်တွင် တောင်းဆိုခဲ့သည်။

၂၀၀၈ ခုနှစ် အခြေခံ ဥပဒေအရ လွှတ်တော်တွင် မှတ်တမ်းတင်ပေးရန် ရေကြည်မြို့နယ် မဲဆန္ဒနယ်( ၁ )မှ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးမျိုးညွန့်က ဖေဖော်ဝါရီ လ ၆ ရက်နေ့က ပြုလုပ်သော ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် စတုတ္ထ ပုံမှန်အစည်းအဝေး တတိယနေ့အစီအစဉ်တွင် တောင်းဆိုလိုက်ကြောင်း ထိုနေ့ တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေး တက်ရောက်သည့်လွှတ်တော်ကိုယ်စားလှယ်များထံ မှသိရသည်။

ဖေဖော်ဝါရီလ ၂ ရက်နေ့က ကျင်းပသော ဒုတိယအကြိမ်ဧရာဝတီတိုင်းဒေသကြီး လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ပထမနေ့တွင် မြောင်းမြမြို့နယ်မဲဆန္ဒနယ်(၂)မှ ဒေါ်ခိုင်ဇင်ဦး တင်သွင်းသော ဧရာဝတီတိုင်းရှိ တရားရုံးအချို့တွင် တရားစီရင်ရာ၌ အဂတိလိုက်စားမှုများကို တိုက်ဖျက်၍ မှန်ကန်စွာ စီရင်ချက် ချမှတ်နိုင်ရန်နှင့် တရားရေးကဏ္ဍကို တာဝန်ရှိသူများက ထိန်းကျောင်းတည့် မတ် ပေးပါရန် တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးချက်တွင် ရေကြည်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က တင်ပြ တောင်းဆိုခဲ့ခြင်းဖြစ်သည်။

"ဒီလို မှတ်တမ်းတင်ဖို့ တောင်း ဆိုရတာကလည်း တရားစီရင်ရေးမဏ္ဍိုင် ကို အစိုးရက မစွက်ဖက်ဘူးဆိုတာ ပြည်သူတွေ ပွင့်လင်းမြင်သာကြားချင်နေတဲ့ စကားရပ်ဖြစ်နေလို့ပါ" ဟု ရေကြည်မြို့နယ် မဲဆန္ဒနယ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်က ပြောကြားသည်။

မြောင်းမြမြို့နယ် မဲဆန္ဒ နယ်(၂)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခိုင်ဇင်ဦး တင်သွင်းသော အဆိုတွင် ပါရှိသည့် တိုင်းဒေသကြီးအစိုးရထံတိုက်တွန်းကြောင်း စာသားကို ပြင်ဆင်ပေးရန်နှင့် ယင်းအဆိုကို လွှတ်တော်တွင် မဆွေးနွေးရန် ကန့်ကွက်ကြောင်း ဧရာဝတီတိုင်းဒေသကြီး တရားသူကြီးချုပ် ဦးသန်းထွန်း က ပြောကြားခဲ့ကြောင်း၊ အဆိုရှင်၏ အချက်အလက်များမှာ ယနေ့ တရားရုံးအချို့တွင် ဖြစ်ပျက်နေသည်မှာ မှန်ကန်နေသဖြင့် လွှတ်တော်တွင် ဆွေးနွေးသင့် သောကြောင့် တိုင်းဒေသကြီးအစိုးရအားတိုက်တွန်းကြောင်း စကားရပ်အစား တာဝန်ရှိသူများက ထိန်းကျောင်းကြပ်မတ်ပေးရန် စကားရပ်သို့ ပြောင်းလဲ၍ ဆွေးနွေးရန် ဖေဖော်ရီလ ၃ ရက်နေ့က လွှတ်တော်က သဘောတူခဲ့သည်။ ■ R-12



Photo - Zaw Htet

# ပဲခူး၌ အမျိုးသမီးတစ်ဦး ဒုတိယအကြိမ် ဆန္ဒပြ

**တောင်ငူ၊ ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်တွင် တရားစီရင်မှုဖြောင့်မတ် မှန်ကန်ရေးအတွက်ဒေသခံ အမျိုးသမီးတစ်ဦးက ဖေဖော်ဝါရီလ ၆ရက် နံနက် ၁၀ နာရီက စတင်ကာ ပဲခူးမြို့တွင်း လမ်းမများပေါ်ဆန္ဒပြ ထုတ်ဖော်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

ဆန္ဒထုတ်ဖော်သူ ဒေါ်သဇ္ဇာမောင်မောင်က လွန်ခဲ့သော တစ်နှစ်ခန့်က ပဲခူးမြို့ ပန်းလှိုင်ရပ်ကွက်ရှိ အမျိုးသမီးထံမှ ကျပ်သိန်း ၁၀၀ ချေးယူခဲ့သည်ဟု ဆိုသော်လည်း ငွေရှင်က ကျပ်သိန်း ၂၅၀ ပြန်ပေးရန် တောင်းယူခဲ့ကြောင်း၊ ယင်းတောင်းယူမှုနှင့် ပတ်သက်၍ ပေးဆပ်ရန် ပမာဏ မတူညီသဖြင့် ရပ်ကွက်ရုံး၌ ရှင်းလင်းရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး မရှင်းပေးနိုင်သော်လည်း တရားရုံးတွင် ဖြေရှင်းရန် ပြောကြားခဲ့သဖြင့် ဇန်နဝါရီလ တတိယပတ်က ပထမအကြိမ်ဆန္ဒထုတ်ဖော်ခဲ့ကြောင်း ဥဿာမြို့သစ် ရပ်ကွက်ကြီး (၂) အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်က ပြောကြား သည်။

ဆန္ဒထုတ်ဖော်သူ အမျိုးသမီးက တရားရုံး၌ တရားရင်ဆိုင်ရာတွင် တရားစီရင်ရေး အဖွဲ့များမှ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးရန် အားလုံး ဝိုင်းဝန်းစောင့်ကြည့်ပေးစေလိုသည်ဟု ရေးသားထားသည့် ဆိုင်းဘုတ်ကို ကိုင်ဆောင်ကာ လှည့်လည်ဆန္ဒထုတ်ဖော်ခဲ့သည်။

■ R-15

# ကျိုင်းတုံတွင် မူးယစ်ဆေးဝါး ရောင်းဝယ်သူ နှစ်ဦးကို ဖမ်းမိ

**ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင် ဖေဖော်ဝါရီလ ၅ ရက် က မူးယစ်ဆေးဝါးများ ရောင်းဝယ်သုံးစွဲသော အသက် ၂၅ နှစ်အရွယ် မိန်းကလေးနှင့် အသက် ၅၅ နှစ်အရွယ် အမျိုးသားကြီးတို့ကို ဖမ်းမိခဲ့ကြောင်း ကျိုင်းတုံ မြို့မ ရဲစခန်းထံမှ သိရသည်။

အဆိုပါနေ့ နံနက် ၅ နာရီခန့်က အမှတ်(၄)ရပ်ကွက်ရှိ တိုင်းရင်းဆေးရုံ အနီးတွင် ဆိုင်ကယ်စီးနင်းလာသော အသက် ၂၅နှစ်အရွယ် မနန်းအမ်း(ခ) အိအေးထံမှ စိတ်ကြွဆေးပြား ၆၈ ပြား ဖမ်းမိခဲ့ကြောင်း၊ အလားတူ ယင်းနေ့ ည ၉ နာရီခွဲတွင် နောင်ရှန်ရွာအနီးတွင် ဆိုင်ကယ် စီးနင်းလာသော အသက် ၅၅နှစ် အရွယ် ဦးအိုက်လု ထံမှ စိတ်ကြွဆေးပြား ၁၅၀ ပြား ဖမ်းမိခဲ့ကြောင်း၊ ဖမ်းမိသူ နှစ်ဦးကို မူးယစ်ဆေးဝါး ပုဒ်မများဖြင့် အမှုဖွင့်ကာ အရေးယူထားကြောင်း ကျိုင်းတုံမြို့မ ရဲစခန်းမှူး ဒုရဲမှူးသန်းထွန်းက ပြောကြားသည်။

■ R-16

ကံလှ (ငါန်းဇွန်) ရေးသော

မျက်မှောက်ကာလ မြေယာပြဿနာများ

U N D P

Empowered lives.
Resilient nations.

## Advertisement Vacancy Announcement
(005/UNDP/HR/2017)

Functional Title: Local Security Assistant
Agency: UNDSS
Reports to: Security Adviser / Deputy Security Adviser
Type of Contract: Fixed Term
Salary Level GS6
Duration of Contract: Initial One Year
Duty Station: Yangon

To apply: https://jobs.partneragencies.net/erecruitjobs.html?JobOpeningId=8010

Required Skills and Experience

- Secondary education. University Degree desirable, but it is not a requirement.
- 6 years experiences in security, preferably in the military or police context or related field of work. Prior experience with the UN system or an international NGO is desirable.
- Fluency in English and Myanmar Languages.
- Knowledge of HF and VHF radio operation;
- Experience in diplomatic security, protection and intelligence considered an asset;
- Knowledge of host country safety codes;
- Solid computers skills (MS Word, Excel, Access and PowerPoint);
- Possession of a valid driver's license;
- Ability to travel;
- Physically fit.

**Closing Date:17 February 2017**

Candidates must apply on-line through UNDP job website together.

**Please note: Paper-based applications will not be accepted**

UNDP is an equal opportunity employer and is committed to achieving workforce diversity in terms of gender, nationality and culture. Individuals from minority groups, indigenous groups and persons with disabilities are equally encouraged to apply.

# စတော့အိတ်ချိန်းတင်မည့်ကုမ္ပဏီများကို ဝင်ငွေခွန်ကင်းလွတ်ခွင့်ပေးရန်စီစဉ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်း တင်မည့်ကုမ္ပဏီများကိုဝင်ငွေခွန်ကင်းလွတ် ခွင့်နှင့် သက်သာခွင့်ပေးရန် လုပ်ဆောင် လျက်ရှိကြောင်း မြန်မာနိုင်ငံ ငွေချေး သက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင် (SECM) ထံမှ သိရသည်။

စတော့အိတ်ချိန်းတင်မည့် ကုမ္ပဏီ များကို အခွန်သက်သာခွင့်ပေးနိုင်ရန် အတွက် ၂၀၁၇ ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေကြမ်းတွင် ထည့်သွင်း ထားပြီး လွှတ်တော်များကအတည်ပြု ပြီးပါက ကုမ္ပဏီများ အခွန်သက်သာခွင့် ရရှိမည်ဖြစ်ကြောင်း SECM အဖွဲ့ဝင် ဒေါ်တင်မေဦးက ပြောကြားသည်။

"ဒါကတော့ စတော့အိတ်ချိန်းကို စာရင်းဝင်ဖို့ ကုမ္ပဏီတွေကို မက်လုံးပေး တဲ့ သဘောပါ" ဟု ၎င်းကဆိုသည်။

ရန်ကုန်စတော့အိတ်ချိန်း ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စတော့အိတ် ချိန်းတွင် လက်ရှိရှယ်ယာအရောင်းအဝယ် လုပ်ဆောင်နေသော ကုမ္ပဏီများအပါ အဝင် ထပ်မံဝင်ရောက်မည့်ကုမ္ပဏီများ ပိုမိုစိတ်ဝင်စားမှုရှိစေရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက အများပိုင်ကုမ္ပဏီ များကို ဆွဲဆောင်ခြင်းဖြစ်ကြောင်း စတော့ အိတ်ချိန်းစာရင်းတင်ကုမ္ပဏီ မြန်မာနိုင်ငံ သားများဘဏ် (MCB) ၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးမြင့်ဝင်းက ပြောကြားသည်။

"ဒီလိုလုပ်တဲ့အတွက် စာရင်းဝင် ဖြစ်ပြီးသား အများပိုင်ကုမ္ပဏီတွေရော၊ မဖြစ်သေးတဲ့ ကုမ္ပဏီတွေရောက စတော့ အိတ်ချိန်းတင်ဖို့ ပိုကြိုးစားလာမယ်။ အခွန် ကင်းလွတ်ခွင့်ရမယ်ဆိုရင် အစုရှယ်ယာ ရှင်တွေကိုလည်း အမြတ်ပိုပေးနိုင်မယ်" ဟု ၎င်းကဆိုသည်။

ဝင်ငွေခွန်ကင်းလွတ်ခွင့်နှင့် သက်သာ ခွင့်များအတွက် လက်ရှိကုမ္ပဏီများ ထမ်း ဆောင်နေရသော ဝင်ငွေခွန် ၂၅ ရာခိုင် နှုန်းကို မည်မျှလျှော့ချမည်၊ အလုံးစုံကင်း လွတ်ခွင့် ရရှိမည်ကိုမူ မသိရှိသေးကြောင်း ဦးမြင့်ဝင်းက ရှင်းပြသည်။

လက်ရှိအချိန်တွင် ရန်ကုန်စတော့ အိတ်ချိန်း၌ FMI ကုမ္ပဏီ၊ သီလဝါအထူး စီးပွားဇုန် အများပိုင်ကုမ္ပဏီ (MTSH)၊ MCB နှင့် ပထမပုဂ္ဂလိကဘဏ် (FPB) တို့က ရှယ်ယာအရောင်းအဝယ်လုပ်ဆောင် လျက်ရှိပြီး MAPCO ကုမ္ပဏီနှင့် Great HORKHAN Public ကုမ္ပဏီတို့က ယခုနှစ်အတွင်း ရှယ်ယာအရောင်းအဝယ် ထပ်မံလုပ်ဆောင်မည်ဖြစ်သည်။ ■J-01

## NEWS IN BRIEF

### ကုန်ပစ္စည်းသိုလှောင်ရုံဆောက်ရန် ကိုရီးယားနှင့်ဆွေးနွေး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ရန်ကုန်ဆိပ်ကမ်းများတွင် ကုန်ပစ္စည်းတင်သွင်း၊ တင်ပို့ရာ၌ နေရာမလုံ လောက်သည့်ပြဿနာ ဖြစ်နေသောကြောင့် သယ်ယူပို့ဆောင်ရေးသိုလှောင်ရုံ တည်ဆောက်ရန်အတွက် ကိုရီးယားနိုင်ငံအခြေစိုက် Myanmar Korea International Inc.နှင့် ဇန်နဝါရီလနောက်ဆုံးပတ်က ဆွေးနွေးထားကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနထံမှ သိရသည်။

လက်ရှိတွင် ဆွေးနွေးနေဆဲအဆင့်သာရှိပြီး လာမည့်ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ယင်းဝန်ကြီး ဌာနထံမှ သိရသည်။

ပို့ကုန်၊ သွင်းကုန်များ လုံခြုံစိတ်ချစွာ ထားရှိနိုင်ရေးနှင့် ဆိပ်ကမ်းအတွင်း ရေထွက်ပို့ကုန်များနှင့် လယ်ယာထွက်ကုန်များ အရည်အသွေး ထိန်းသိမ်းရေး တို့ကို ဆောင်ရွက်နိုင်ရန်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပသင်္ဘောကြီးများ ဆိုက်ကပ် နိုင်ရန်အတွက် ကုန်တင်၊ ကုန်ချ ယန္တရားကြီးများဖြင့် အကောင်းဆုံးဝန်ဆောင်မှု ပေးနိုင်ရန် ဆောင်ရွက်မည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနထံမှ သိရသည်။ ■ J-11

### ရွှေတင်သွင်း၊ တင်ပို့ခြင်းမူဝါဒ အပြီးသတ်ညှိနှိုင်းရန်သာကျန်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ရွှေနှင့် လက်ဝတ်ရတနာပစ္စည်းများ တင်သွင်း၊ တင်ပို့ခြင်းမူဝါဒဆိုင်ရာ လုပ်ထုံးလုပ်နည်း အချက်အလက်များအတွက် အပြီးသတ်ညှိနှိုင်းရန်သာ ကျန်ရှိတော့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနထံမှ သိရသည်။

ပြည်ပသို့ ရွှေနှင့် လက်ဝတ်ရတနာများ တင်သွင်း၊ တင်ပို့ခွင့်ပြုရန်အတွက် သက်ဆိုင်ရာဌာနများနှင့် ဆွေးနွေးရာတွင် အခွန်ကြေးများ၊ ဗဟိုဘဏ်၏ ကန့် သတ်ချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ညှိနှိုင်းပြီးပါက ပြန်လည်ဖြေလျှော့ ရေးအတွက် အမိန့်ကြော်ငြာစာတွင် ထည့်သွင်းကြေညာပေးမည်ဖြစ်ကြောင်း ယင်းဝန်ကြီးဌာနမှ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်က ပြောကြား သည်။

လက်ရှိတွင် ရွှေနှင့် လက်ဝတ်ရတနာများကို ပြည်ပသို့တင်ပို့ရောင်းချ ခွင့်မရှိဘဲ ကျောက်မျက်ရတနာပြပွဲများတွင်သာ အရောင်းအဝယ်ပြုလုပ်နေ ရပြီး လုပ်ထုံးလုပ်နည်းများထွက်ပေါ်လာပါက ပြည်ပပို့ကုန်များ တိုးလာနိုင် ကြောင်း၊ လုပ်ထုံးလုပ်နည်းများ မရှိသောကြောင့် ရွှေလုပ်ငန်းရှင်များအနေနှင့် ပြည်တွင်းထွက်ရွှေများကို မည်သည့်နေရာတွင် အရောင်းအဝယ်ပြုလုပ်ရမည် မသိ ဖြစ်နေကြောင်း မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးကျော်ဝင်းက ပြောဆိုသည်။ ■ J-11

# ကားအရောင်းစင်တာနှင့် ပြခန်းများအတွက် မှတ်ပုံတင်ကြေးများထုတ်ပြန်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မော်တော်ယာဉ် အရောင်းစင်တာ နှင့် ပြခန်းသက်သေခံကတ်များ ထုတ်ပေး ရာတွင် မှတ်ပုံတင်ကြေး၊ သက်တမ်းတိုး ကြေး၊ ပြင်ဆင်ကြေးနှင့် မိတ္တူကြေးများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သတ်မှတ်ထုတ်ပြန်လိုက် သည်။



ဓာတ်ပုံ - အောင်နိုင်

အဆိုပါတရားဝင်သတ်မှတ်နှုန်း များဖြင့် ယခုလအတွင်းမှစတင်၍ ကောက်ခံမည်ဖြစ်ပြီး ယင်းသတ်မှတ်ကြေး ကောက်ခံရရှိမှုများကို နိုင်ငံတော်ရန်ပုံငွေ စာရင်းသို့ စနစ်တကျပေးသွင်းမည်ဖြစ် ကြောင်း စီးပွား/ကူးသန်းထံမှ သိရသည်။

ယခင်က အရောင်းစင်တာနှင့်ပြခန်း သက်သေခံကတ်များအတွက် မှတ်ပုံတင် ကြေး၊ သက်တမ်းတိုးကြေး၊ ပြင်ဆင်ကြေး နှင့် မိတ္တူကြေးများကို တရားဝင်နှုန်းထား ကန့်သတ်ထားခြင်းမျိုးမရှိဘဲ အဆင်ပြေ သည့် နှုန်းထားတစ်ခုအဖြစ် အရောင်း စင်တာနှင့် ပြခန်းများက ပေးဆောင်ရ ခြင်းဖြစ်ကြောင်း အဆိုပါလုပ်ငန်းရှင်များ ထံမှ သိရသည်။

"သတ်မှတ်ထားတာတော့ မရှိပါ ဘူး။ အရင်ကတော့ မှတ်ပုံတင်ကြေးကို ငါးသောင်းပေးရင်လည်း ပေးတယ်။ သက်တမ်းတိုးကြေးကို သုံးသောင်းပေး ရင်လည်း ပေးပါတယ်။ အခုသတ်မှတ်ဈေး ကလည်း တစ်နှစ်လုံးစာဖြစ်တဲ့အတွက် မများပါဘူး" ဟု ဝန်းရံခ အရောင်းစင်တာ ပိုင်ရှင် ဦးမင်းမင်းမောင်က ပြောဆိုသည်။

သက်သေခံကတ်များ ပြုလုပ်ရာ တွင် တစ်နှစ်လျှင် မှတ်ပုံတင်ကြေး ကျပ် တစ်သိန်း၊ သက်တမ်းတိုးကြေး ငါးသောင်း ကျပ်၊ ပြင်ဆင်ကြေး (ပြင်ဆင်ချက်တစ် ချက်လျှင်) တစ်သောင်းကျပ်နှင့် မိတ္တူမှန် ကြေး သုံးသောင်းကျပ်အဖြစ် ကောက်ခံ သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်သည်။ ■ S-04

# ရန်ကုန်-မူဆယ် တန်ဆာခဈေးတက်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

တရုတ်နှစ်ကူးပိတ်ရက် ဇန်နဝါရီလ ၂၄ ရက်နေ့မှ ဖေဖော်ဝါရီလ ၅ ရက်နေ့အထိ အပြီးတွင် ရန်ကုန်-မူဆယ် ကုန်တင်ယာဉ် တန်ဆာခများ ဈေးတက်သွားကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေးလုပ်ငန်း ရှင်များအသင်း(မူဆယ်) ထံမှ သိရသည်။

ယခင်တန်ဆာခမှာ တစ်တန်လျှင် ကျပ် ၆၇,၀၀၀ ခန့်သာရှိပြီး အရောင်း အဝယ်စတင်လုပ်ဆောင်သည့် ဖေဖော်ဝါရီ လ ၆ ရက်နေ့၌ ကျပ် ခုနစ်သောင်းအထိရှိ ကြောင်း၊ လက်ရှိတွင် တရုတ်၊ မြန်မာကုန် သည်များအနေနှင့် မူဆယ် ၁၀၅ မိုင်ကုန် သွယ်ရေးဇုန်တွင် ကုန်သွယ်ရေးလုပ်ငန်း များ ပုံမှန်ပြန်လည်လုပ်ဆောင်နေပြီး နှစ်ပတ်ခန့်ကြာမှသာ တရုတ်-မြန်မာ ကုန်သွယ်မှု မြင့်တက်လာမည်ဖြစ်ကြောင်း အဝေးပြေးကုန်စည်ပို့ဆောင်ရေး လုပ်ငန်း ရှင်များအသင်း (မူဆယ်) ဥက္ကဋ္ဌ ဦးဝင်း အောင်ခန့်က ပြောကြားသည်။

"ဒီနေ့မှစဖွင့်ကြတာဆိုတော့ Export ကားတွေတော့ရှိတယ်။ တင်သွင်း ကုန်ကတော့ မရှိသေးဘူး" ဟု ၎င်းက ပြောဆိုသည်။

မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန် သို့ တစ်နေ့လျှင် ဆန်၊ ပဲ၊ ပြောင်း၊ ဖရဲသီး နှင့် သကြား စသည်တို့တင်သည့် ကား အစီးရေ ၆၀၀ အထိ ဝင်ရောက်လျက်ရှိပြီး ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်သို့ ဆန်၊ ပဲ၊ ပြောင်းနှင့် သကြားကုန်ချောတို့ကို အဓိကတင်ပို့နေကြောင်း မူဆယ် ၁၀၅ မိုင်ရှိ ကုန်စည်ဒိုင်များထံမှ သိရသည်။

"အရောင်းအဝယ်က အဲဒီလောက် ကြီး မများသေးဘူး။ ဒီနေ့မှစလုပ်ကြတာ ဆိုတော့ နောက် သုံး၊ လေးရက်နေမှ အဝင်၊ အထွက် ကုန်တွေစုံမှာပါ။ အရောင်းအဝယ် ပြန်လုပ်ကြတော့ တန်ဆာခက နည်းနည်း တက်လာတယ်" ဟု မူဆယ် ၁၀၅ မိုင် သစ်သီးဝလံ ကုန်စည်ဒိုင်ပိုင်ရှင် ဒေါ်ကြည် ကြည်ခိုင်က ပြောကြားသည်။ ■ J-11

## ဖေဖော်ဝါရီလ ၆ ရက်နေ့ စတော့အိတ်ချိန်း ဈေးကွက်အခြေအနေ

FMI ကအဖွင့်ဈေးအတိုင်း ကျပ် ၁၄၀၀၀ ဖြင့် ဈေးငြိမ်နေပြီး MTSH က ကျပ် ၁၀၀ ကျဆင်းကာ ကျပ် ၄၀၀၀ သို့ ရောက်ရှိသည်။ MCB က ကျပ် ၉၁၀၀ ဖြင့် ဈေးငြိမ်နေကာ FPB က ဈေးနှုန်းဆက်တိုက်ကျဆင်းနေပြီး ကျပ် ၅၀၀ ထပ်ကျဆင်း ၍ ကျပ် ၃၀၅၀၀ သို့ ရောက်ရှိသည်။

| Name | Opening Price | 11(AM)Price | 1(PM)Price | Change | Trading Shares | Trading Value (MMK) |
|---|---|---|---|---|---|---|
| FMI | 14000 | 14000 | 14000 | - | 5013 | 70,182,000 |
| MTSH | 4100 | 4000 | 4000 | -100 | 4927 | 19,708,000 |
| MCB | 9100 | 9100 | 9100 | - | 137 | 1,219,400 |
| FPB | 31000 | 30500 | 30500 | -500 | 3165 | 96,532,500 |

**နိုင်ငံခြားငွေလဲလှယ်နှုန်း** Source: KBZ Bank

| 6.2.2017 | USD | EURO | SGD |
|---|---|---|---|
| ဝယ်ဈေး(ကျပ်) | ၁၃၅၄ | ၁၄၄၅ | ၉၅၅ |
| ရောင်းဈေး(ကျပ်) | ၁၃၅၈ | ၁၄၆၀ | ၉၆၂ |

**Source: ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များအသင်း**

| 6.2.2017 | ရွှေဈေး | |
|---|---|---|
| ပြည်တွင်းရွှေ(ကျပ်) | ၈၂,၀၀၀ (ဖွင့်) | ၈၁,၅၀၀ (ပိတ်) |
| ကမ္ဘာ့ရွှေ (ဒေါ်လာ) | ၁၂၂၄ (ဖွင့်) | ၁၂၂၄ (ပိတ်) |

# မြန်မာ့ပထမဆုံး ရမ်ဆာဒေသ

ပြည့်ဖြိုးလင်း



ဓာတ်ပုံ - ပြည့်ဖြိုးလင်း

**ဆူညံ** မွန်းကျပ်မှုများနှင့် ပြည့်နှက်နေသည့် ရန်ကုန်မြို့မှ ၆၉ မိုင်ကျော်အကွာ ရန်ကုန်-မန္တလေးလမ်းဟောင်း အရှေ့ဘက် ၆ ဖာလုံခန့်အကွာတွင် ကမ္ဘာတစ်ဝန်းမှ လာရောက်ကျက်စားသည့် ဆောင်းခိုငှက်များကို ကြည့်ရှုလေ့လာနိုင်ခြင်းနှင့် သဘာဝအလှအပများကို ခံစားနိုင်ခြင်းတို့ကြောင့် ခရီးသွားများအကြားနာမည်ကျော်ရေပန်းစားသည့် သဘာဝအခြေခံခရီးသွားစခန်းတစ်ခုရှိနေသည်။

ယင်းမှာ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောဖြစ်ပြီး မြန်မာနိုင်ငံ၏ ပထမဆုံးသော ကမ္ဘာ့အဆင့်ရေတိမ်ဒေသအဖြစ် သတ်မှတ်ထားခြင်းခံရသည့် ဘေးမဲ့တောလည်းဖြစ်သည်။

မိုးယွန်းကြီးအင်းသည် ၁၈၇၈ ခုနှစ်တွင် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့ကို ဆက်သွယ်ဖောက်လုပ်ထားသည့် ပဲခူး-စစ်တောင်းတူးမြောင်းတွင် နွေရာသီ၌ သစ်ဖောင်များမျှောရန် လိုအပ်သည့်ရေကို ဖြည့်တင်းပေးနိုင်ရန်ရည်ရွယ်တည်ဆောက်ခဲ့သည့် ရေလှောင်တမံဖြစ်သော်လည်း နှစ်ကာလကြာလွန်လာသည့်အခါ သဘာဝအင်းအဖြစ်သို့ပြောင်းလဲခဲ့ပြီး လူတို့ပြုလုပ်သည့် ရေတိမ်ဒေသတစ်ခုဖြစ်လာခဲ့သည်။

မြန်မာနိုင်ငံတွင် ခါကာဘိုရာဇီအမျိုးသားဥယျာဉ်၊ အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ မုတ္တမပင်လယ်ကွေ့၊ လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို အရေးကြီးထိန်းသိမ်းရမည့် ရေတိမ်ဒေသများအဖြစ် သတ်မှတ်ထားသည်။

ကမ္ဘာပေါ်တွင်လည်း အဆိုပါရေတိမ်ဒေသများသည် လူသန်းပေါင်းများစွာအတွက် အသက်မွေးဝမ်းကျောင်းမှုကို ဖြည့်ဆည်းပေးနိုင်ခြင်းနှင့် ဂေဟစနစ်ကောင်းမွန်စေခြင်းတို့အပြင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေသည်ဟုဆိုကာ အရေးတကြီးကာကွယ်ထိန်းသိမ်းလျက် ရှိနေသည်။

"လူ့ခန္ဓာကိုယ်မှာ ကျောက်ကပ်တစ်ခုအရေးကြီးသလို မြစ်ဝှမ်းလွင်ပြင်တွေရဲ့ဂေဟစနစ်ကြီးမှာလည်း Wetlands ဆိုတာက အရမ်းအရေးကြီးတယ်" ဟု ရေသုတေသနကျွမ်းကျင်ပညာရှင် ဒေါက်တာဒေါ်ခင်နီနီသိန်းက ဆိုသည်။

ရေတိမ်ဒေသသည် ရေကိုထိန်းညှိပေးသည့်စနစ်ဖြစ်သကဲ့သို့ အပင်နှင့်သားငှက်တိရစ္ဆာန်များ၊ ရေပျော်ငှက်များနှင့် ကမ္ဘာ့ဆောင်းခိုငှက် နေထိုင်ကျက်စားရာနေရာများဖြစ်ပြီး လူတို့အတွက်လည်း အပန်းဖြေရေးဆိုင်ရာတန်ဖိုးများရှိသည့်အတွက် ရေတိမ်ဒေသများတိမ်ကောပျောက်ကွယ်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်နစ်နာမှုများစွာ ကြုံတွေ့ရနိုင်ဖွယ်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက သုံးသပ်ပြောဆို သည်။

ယင်းကဲ့သို့အရေးပါလှသည့် ရေတိမ်ဒေသများသည် မြန်မာနိုင်ငံတွင်အများအပြားရှိနေရာ အရေးတကြီးကာကွယ်ထိန်းသိမ်းရမည့်နေရာများကိုကမ္ဘာ့အဆင့်အရေးကြီးထိန်းသိမ်းရမည့်ရေတိမ်ဒေသ (Ramsar Site) အဖြစ်အဆိုပြုလွှာတင်သွင်း၍ သတ်မှတ်နိုင်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနကလည်း ကြိုးပမ်းလျက် ရှိသည်။

မိုးယွန်းကြီးအင်းဘေးမဲ့တောကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ကမ္ဘာ့ရမ်ဆာအဖွဲ့ကြီးက အပြည်ပြည်ဆိုင်ရာအရေးပါသည့် ရေတိမ်ဒေသအဖြစ် အတည်ပြုသတ်မှတ်ခဲ့ပြီး ရမ်ဆာအဖွဲ့ဝင်နိုင်ငံအဖြစ်ကို မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးဝင်ရောက်ခဲ့သည်။

ယင်းကြောင့် ရေတိမ်ဒေသများထိန်းသိမ်းရေးကို နှစ်စဉ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပလေ့ရှိပြီး ယင်းနေ့တွင် မြန်မာနိုင်ငံအတွက် အရေးတကြီးထိန်းသိမ်းရမည့်ရေတိမ်ဒေသ (Ramsar Site) အသစ်များလည်းပေါ်ထွက်လေ့ရှိသည်။

"ကမ္ဘာ့အဆင့်သတ်မှတ်ခံရဖို့ကစံသတ်မှတ်ချက်ကိုးခုမှာ တစ်ခုခုနဲ့တော့ကိုက်ညီရတယ်" ဟု သစ်တောဦးစီးဌာနတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ရေတိမ်ဒေသများတွင် ရွှံ့နွံတောများ၊ ရေအိုင်များ၊ ရေကန်များ၊ စိမ့်တောမြေများ၊ မြစ်များ၊ ရေလွှမ်းလွင်ပြင်များ၊ ရေငန်ပိုင်းရွှံ့နွံဒေသများ၊ မြစ်ဝများ၊ ဒီရေတောများ၊ သန္တာကျောက်တန်းများအပါအဝင် လူလုပ်ရေတိမ်ဒေသများဖြစ်သည့် ငါးကန်များ၊ စပါးကွင်းများနှင့် ဆားကွင်းများကိုပါ ရမ်ဆာအဖွဲ့ကြီးက အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၂ ရက်နေ့က မိုးယွန်းကြီးအင်းဘေးမဲ့တောတွင် ကျင်းပသည့် ရေတိမ်ဒေသနေ့အခမ်းအနား၌ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ရှိ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို အတည်ပြုသတ်မှတ်ခဲ့ရာ မိုးယွန်းကြီးအင်းနှင့် အင်းတော်ကြီးအိုင်တို့ ပြီးပါက မိန်းမလှကျွန်းသည် မြန်မာနိုင်ငံ၏ တတိယမြောက်ရေတိမ်ဒေသ (Ramsar Site) ဖြစ်လာခဲ့သည်။

"ဒီဒေသမှာ မျိုးသုဉ်းဖို့ခြိမ်းခြောက်ခံနေရတဲ့ ရေပျော်ငှက်တွေအတွက် ကမ္ဘာနဲ့အဝန်း အလေးပေးထိန်းသိမ်းရမယ့် ရွှံ့နွံလတာပြင်တွေရှိနေတယ်" ဟု တတိယမြောက် Ramsar Site အဖြစ် သတ်မှတ်ခံခဲ့ရသည့် မိန်းမလှကျွန်းဘေးမဲ့တောကို ရည်ညွှန်း၍ အပြည်ပြည်ဆိုင်ရာတောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) မှ ဌာနေညွှန်ကြားရေးမှူး Frank Momberg က ပြောဆိုသည်။

ယင်းရေတိမ်ဒေသများသည် ကမ္ဘာ့တစ်ဝန်းမှ ဆောင်းခိုငှက်အများအပြားလာရောက်ဆောင်းခိုကျက်စားသည့် နေရာများဖြစ်နေရာ ရေတိမ်ဒေသများပျက်စီးပျောက်ကွယ်သွားပါက အနီးဝန်းကျင်ရှိဂေဟစနစ်နှင့် ရှားပါးငှက်မျိုးစိတ်များပါ မျိုးသုဉ်းပျောက်ကွယ်နိုင်ကြောင်း ငှက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက ပြောဆိုသည်။

ဆောင်းခိုငှက်များသည် ဆောင်းရာသီကာလအတွင်း ကမ္ဘာပေါ်တွင် လမ်းကြောင်းကြီးရှစ်ခုဖြင့် တစ်နေရာမှတစ်နေရာသို့ ပျံသန်းပြောင်းရွှေ့ကြရာ၌ မြန်မာနိုင်ငံသည် လမ်းကြောင်းကြီးနှစ်ခုအောက်တွင်ကျရောက်နေရာ နှစ်စဉ်ဆောင်းခိုငှက်များသည် အင်းတော်ကြီးအိုင်၊ မိုးယွန်းကြီးအင်း၊ အင်းလေးကန်နှင့် မုတ္တမကွေ့စသည့်ဒေသများတွင် ပုံမှန်လာရောက်ဆောင်းခိုလေ့ရှိသည်။

"ဖမ်းဆီးသတ်ဖြတ်တာတွေနဲ့ ရာသီဥတုပြောင်းလဲလာတာကြောင့် ငှက်တွေ ရှားလာတယ်။ တချို့မျိုးစိတ်တွေဆို မျိုးသုဉ်းဖို့အန္တရာယ် အလွန်ရှိနေတယ်" ဟု ငှက်ထိန်းသိမ်းရေးပညာရှင် ဦးသက်ဇော်နိုင်က ဆိုသည်။

ယင်းကြောင့်ပထမဆုံးသောရေတိမ်ဒေသအဖြစ်သတ်မှတ်ခံထားရသည့် မိုးယွန်းကြီးအင်းဘေးမဲ့တောတွင်လည်း နှစ်စဉ်ဆောင်းခိုငှက် အများအပြားလာရောက်ဆောင်းခိုလေ့ရှိပြီး ငှက်မျိုးစိတ်ပေါင်း ၁၃၃ မျိုးကျက်စားလျက်ရှိရာ ယခုနှစ်ဆောင်းရာသီတွင်မူ ဆောင်းခိုငှက် ဝင်ရောက်ကျက်စားမှုနည်းပါးခဲ့ကြောင်း အဆိုပါဘေးမဲ့တောအုပ်ချုပ်ရေးမှူးရုံးထံမှ သိရသည်။

ထို့ပြင်မိုးယွန်းကြီးအင်းပတ်လည်ရှိ ကျေးရွာ ၁၇ ရွာသည် အဆိုပါအင်းအပေါ်မှီခိုနေရာ အင်းအတွင်း ငါးအလွန်အကျွံဖမ်းဆီးခြင်းနှင့် ဘက်ထရီရှော့ခ်တိုက်ဖမ်းဆီးခြင်းတို့မပြုလုပ်ရန် အင်းအတွင်းကင်းလှည့်စစ်ဆေးခြင်းနှင့် အနီးဝန်းကျင်ရှိ ဈေးများတွင် သားငှက်တိရစ္ဆာန်များကို ဖမ်းဆီးရောင်းချခြင်းမပြုရန် ပုံမှန်လစဉ်စစ်ဆေးခြင်းနှင့် အသိပညာပေးကြောင်း မိုးယွန်းကြီးအင်း ဘေးမဲ့တောအုပ်ချုပ်ရေးမှူး ဒေါ်သင်းသင်းယုက ပြောဆိုသည်။

"အင်းထဲမှာ ငါးအလွန်အကျွံဖမ်းဆီးတာတွေ၊ ဘက်ထရီရှော့ခ်တိုက်ဖမ်းဆီးတာတွေအပြင် ငှက်တွေကိုအလွန်အကျွံဖမ်းဆီးရောင်းချတာတွေ ရှိနေတဲ့အတွက် ဝန်ထမ်းတွေနဲ့ တတ်နိုင်သမျှထိန်းသိမ်းနေပါတယ်" ဟု ၎င်းကဆိုသည်။

အဆိုပါအခြေအနေများကိုရင်ဆိုင်နေရသည့် မိုးယွန်းကြီးအင်းဘေးမဲ့တောသည် Ramsar Site အဖြစ်သတ်မှတ်ခံထားရပြီး နောက်တွင်ငှက်ကြည့်ရှုနိုင်ရန် စီစဉ်ပေးခြင်းနှင့် အပန်းဖြေစခန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နေခြင်းတို့ကြောင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာပြီး ပြည်တွင်းပြည်ပခရီးသွားဝင်ရောက်မှုတိုးလာကြောင်း ဒေါ်သင်းသင်းယုက ရှင်းပြပြောဆိုသည်။

မိုးယွန်းကြီးအင်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသို့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဒိန်းမတ်၊ ဩစတြေးလျနှင့် ရုရှားစသည့်နိုင်ငံများမှ ခရီးသွားအများစုလာရောက်လေ့ရှိပြီး ဆောင်းခိုငှက်များနှင့် ရေပျော်ငှက်များကို အဓိကလေ့လာခြင်းဖြစ်သည်။

ယင်းကဲ့သို့ သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့်အတူ ယှဉ်တွဲလာသည့်ပြဿနာတစ်ခုကား ရှိနေပေသည်။ ယင်းမှာ ဆောင်းခိုငှက်များ၏ နေထိုင်ကျက်စားရာနေရာများသို့လူများဝင်ရောက်လာခြင်းဖြစ်ပြီး လက်ရှိမိုးယွန်းကြီးအင်းတွင် လည်း ယခင်နှစ်ကထက်ဆောင်းခိုငှက်ဝင်ရောက်မှု နည်းလာသည်ကို စတင်ရင်ဆိုင်လာနေရပြီဖြစ်သည်။

သို့သော် ဆောင်းခိုငှက်များ မည်သည့်အကြောင်းအရင်းကြောင့် ဝင်ရောက်မှုလျော့နည်းလာသည်ဆိုသည့်အဖြေကိုမူ တပ်အပ်မပြောဆိုနိုင်ပေ။

ယင်းအခြေအနေနှင့်ပတ်သက်၍ သားငှက်ထိန်းသိမ်းရေးပညာရှင် ဦးနေမျိုးရွှေကမူ ယခုကဲ့သို့သုံးသပ်ပြောဆိုသည်။

"ခြိမ်းခြောက်မှုတွေရှိလို့ပါ။ မိုးယွန်းကြီးအင်းတစ်ခုတည်းကို ဆိုလိုတာတော့ မဟုတ်ပါဘူး။ လာရာလမ်းတစ်လျှောက်မှာ ပစ်ခတ်ဖမ်းဆီးတာ၊ အစာရေစာရှားပါးတာနဲ့ ငှက်တွေကျက်စားရာနေရာမှာ လူတွေ အသုံးပြုတာများတာတို့ကြောင့် ဖြစ်နိုင်တယ်"

ထိုသို့အခြေအနေများအပြင် မိုးယွန်းကြီးအင်းဝန်းကျင်တွင် ငါးဖမ်းဆီးခြင်းနှင့် အခြားထိခိုက်မှုများကြောင့်လည်းဖြစ်နိုင်ခြေရှိကြောင်း ၎င်းကယူဆထားသည်။

လာရောက်ဆောင်းခိုသည့် ရေငှက်မျိုးစိတ် ၈၈ မျိုးရှိသည့်အနက် မိုးယွန်းကြီးအင်းအတွင်း လာရောက်ဆောင်းခိုနေထိုင်သည့် ကြိုးကြာခေါင်းနီ၊ သိန်းငှက်နှင့် ပို့ချပ်ခေါင်းစိမ်းငှက်တို့သည် ယခုအခါမျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသည်။

ယင်းသို့ရှားပါးငှက်မျိုးစိတ်သုံးမျိုးအနက်မှ ကြိုးကြာခေါင်းနီငှက်မျိုးစိတ်သည် ဥဥသားပေါက်ချိန်တွင် ဖမ်းဆီးသတ်ဖြတ်မှုများရှိနေခြင်းနှင့် လူထူထပ်ခြင်းတို့၏အကျိုးဆက်တို့ကြောင့်ကောင်ရေလျော့နည်းလာသည်ကို ငှက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးသက်ဇော်နိုင်က "အလွန်ရှားတဲ့ကြိုးကြာခေါင်းနီက အရေအတွက် တိုးလာတာမရှိဘူး" ဟူ၍ မှတ်ချက်ပြုပြောဆိုသည်။

ဆောင်းခိုငှက်များ ဝင်ရောက်မှုလျော့နည်းပါက ယင်းဒေသ၏ ဂေဟစနစ်ကို ဟန်ချက်ညီနေမှုကို ထိခိုက်လာစေမည်ဖြစ်သည့်အတွက် မည်သို့သောငှက်မျိုးစိတ်များလျော့နည်းမှုရှိသည်နှင့် လျော့နည်းသွားသည့်ငှက်၏ အဓိကအစာ စသည့် အကြောင်းရင်းများကိုပြန်လည်ဆန်းစစ်ရန်လိုအပ်ကြောင်း သားငှက်ထိန်းသိမ်းရေးပညာရှင် ဦးနေမျိုးရွှေက အကြံပြုထားသည်။

"ဆောင်းခိုငှက်တွေ အဲလိုမလာရင် လူ့အဝင်အထွက် ထိန်းချုပ်သင့်တယ်" ဟု ၎င်းကဆိုသည်။

ကမ္ဘာ့တစ်ဝန်းမှ ဆောင်းခိုငှက်များ လာရောက်ကျက်စားနေသည့် မိုးယွန်းကြီးကဲ့သို့ အရေးပါလှသည့်ရေတိမ်ဒေသများ တိမ်ကောပပျောက်ခြင်း မရှိစေရန်နှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေရန် ဟန်ချက်ညီရမည်ဖြစ်ပြီး ရေတိမ်ဒေသများ ပျောက်ကွယ်ခြင်းမရှိစေရန် ကာကွယ်ထိန်းသိမ်းသင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက သုံးသပ်ပြောဆိုသည်။

"Ecotourism ဆိုတာ သဘာဝကို ကြည့်ရှုခံစားပြီးတော့မှ ထုတ်ယူမသုံးစွဲဘဲနဲ့ အမြဲတမ်းဝင်ငွေရဖို့လုပ်တာ။ ဒါကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသင့်တယ်" ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဦးစိန်ထွန်းက အကြံပြုသည်။ ■





ဓာတ်ပုံ - ပြည့်ဖြိုးလင်း

ဆောင်းခိုငှက်များလာရောက်ကျက်စားလျက်ရှိသည့် မိုးယွန်းကြီးအင်းအပန်းဖြေစခန်း

The VOICE Daily
Tuesday, February 7, 2017
MANDALAY VOICE

# နေပြည်တော်ကောင်စီနယ်မြေ ပထမဦးဆုံးအချုပ်ထောင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပြီးမည်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ပထမဦးဆုံးဖြစ်လာမည့် အချုပ်ထောင် တည်ဆောက်နေခြင်းလုပ်ငန်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း အကျဉ်းဦးစီးဌာနထံမှ သိရသည်။

ဝဏ္ဏသိဒ္ဓိမြို့နယ်တွင်ရှိပြီး အချုပ်သား ၅၀၀ ထားရှိနိုင်မည့် အဆိုပါအချုပ်ထောင် တည်ဆောက်ရေးလုပ်ငန်းမှာ လက်ရှိတွင် ၇၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမင်းထွန်းစိုးက ပြောကြားသည်။

"ထောင်ရှိတာက ရမည်းသင်းမှာ။ တရားရုံးက ပျဉ်းမနားမှာဆိုတော့ အချုပ်သားတွေရုံးထုတ်ရတာဝေးတယ်။ ထောင်ကိုသွားတာနဲ့ တရားရုံးကို သွားတာနဲ့ကလည်း ဝေးတယ်။ တစ်နေ့ကို ၅ နာရီလောက် အချိန်ပုတ်နေတယ်။ နောက်ပြီး လုံခြုံရေးဘက်ကကြည့်ရင်လည်း မကောင်းဘူး။ ဒီမှာအချုပ်ကျရင် ဒီမှာထားမယ်။ ထောင်ကျရင် ရမည်းသင်းပို့မယ်" ဟု ၎င်းက ရှင်းပြသည်။

မြန်မာနိုင်ငံတွင် အကျဉ်းထောင်ပေါင်း ၄၀ ကျော်ရှိပြီး အကျဉ်းထောင်အသီးသီး၌ အကျဉ်းကျခံနေရသူ ၇၀,၀၀၀ ကျော်ရှိကြောင်း အကျဉ်းဦးစီးဌာန စာရင်းများအရ သိရသည်။

အကျဉ်းထောင်အရေအတွက်နှင့် အကျဉ်းသားဦးရေအရေအတွက် မမျှတမှုများကို လျှော့ချနိုင်ရန် မွန်ပြည်နယ် ကျိုက်မရောမြို့၊ ကချင်ပြည်နယ် မိုးညှင်းမြို့နှင့်ပဲခူးတိုင်း ဒိုက်ဦးမြို့နယ်တို့တွင် လူဦးရေ တစ်ထောင်ဆံ့ အကျဉ်းထောင်တစ်ခုစီ တည်ဆောက်လျက်ရှိရာ ယင်းအကျဉ်းထောင်များ တည်ဆောက်နေမှုများမှာလည်း ၈၅ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း အကျဉ်းဦးစီးဌာနထံမှ သိရသည်။ ■

**M-05**




**အခန်းငှားခ၊ တစ်နှစ်စာ ရေအသုံးစရိတ်နှင့် လျှပ်စစ်မီး မီတာခများကို တစ်ပြိုင်တည်းကောက်ခံမှုကြောင့် အိမ်ခန်းငှားနေထိုင်သူအချို့ အငှားအိမ်ရာ အုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်ဖြေရှင်းနေစဉ်။**

# ကမ်းနားလမ်း အငှားအိမ်ရာနေသူများ မကျေနပ်၍ စုဝေး

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

အောင်မြေသာစံမြို့နယ် ကမ်းနားလမ်း နှင်းဆီအငှားအိမ်ရာတွင် အခန်းငှားနေထိုင်သူများ ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းက စရိတ်ကောက်ခံမှုအပေါ် မကျေနပ်၍ လူစုလူဝေးဖြစ်ခဲ့သည်။

အခန်းငှားခ၊ တစ်နှစ်စာ ရေအသုံးစရိတ်နှင့်လျှပ်စစ်မီး မီတာခများကို တစ်ပြိုင်တည်း စုပုံကောက်ယူမှုကြောင့်အခက်အခဲဖြစ်ကာ အခန်းငှားနေထိုင်သူများ စုဝေး၍ ဆူပူမှုဖြစ်ခဲ့ရသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုသည်။

"ဒီနေ့ဖြစ်တဲ့ပြဿနာက အိမ်ငှားခ၊ ရေမော်တာခတွေကို တစ်လတည်းမှာ တစ်ပြိုင်တည်း စုပုံကောက်တော့ ဒီမှာနေတဲ့သူတွေ အခက်အခဲဖြစ်သွားလို့ လူစုလူဝေးတွေဖြစ်သွားတာပါ၊ သူတို့ပြောထားသလို သုံးလတစ်ခါ ပုံမှန်ကောက်တာမဟုတ်ဘဲ ရေအသုံးပြုခကို တစ်နှစ်စာလုံး တစ်ခါတည်းဆောင်ခိုင်းလိုက်တော့ အခက်အခဲဖြစ်သွားတယ်" ဟု ယင်းအိမ်ရာတွင် နေထိုင်သည့် ဦးတင်မင်းထွန်းက ပြောကြားသည်။

အငှားအိမ်ရာတွင် နေထိုင်သူများအနေနှင့် တိုက်ခန်းငှားခ ၃၀,၀၀၀ ကျပ်၊ ရေမီတာခ ၁၀၀၀ ကျပ်နှင့် လျှပ်စစ်မီးမီတာခများကို လစဉ်ပေးသွင်းနေသော်လည်း ယခုလတွင်မူ ယင်းအခကြေးငွေများအပြင် စတင်နေထိုင်စဉ်မှ ပြီးခဲ့သည့် ဇန်နဝါရီလအထိ အသုံးပြုခဲ့သည့် ရေအသုံးပြုခများကိုပါ ကောက်ခံခဲ့ရာ ကျပ် ၅၀,၀၀၀ ကျော်အထိပေးသွင်းရမည်ဖြစ်၍ အခက်အခဲဖြစ်ရကြောင်း ၎င်းက ဆက်လက်ပြောဆိုသည်။

"ဒီမှာနေတဲ့သူတွေအားလုံး မရှိဆင်းရဲသား၊ တစ်ရက်လုပ်တစ်ရက်စားရတဲ့ လက်လုပ်လက်စားတွေ။ ခုလိုပြုံကောက်ရင်တော့ ဘယ်လိုမှ အဆင်ပြေမှာမဟုတ်ဘူး။ တစ်ရစ်ချင်း၊ တစ်ခုချင်းကောက်မယ်ဆိုရင် မပေးနိုင်စရာ အကြောင်းမရှိပါဘူး။ တစ်ခုနဲ့ တစ်ခုကြားမှာ အနည်းဆုံးတစ်ပတ်၊ ဆယ်ရက်ခြားပြီး ကောက်မယ်ဆိုရင်ကိုပဲ အဆင်ပြေပါတယ်" ဟု ယင်းအိမ်ရာတွင်နေထိုင်သူ အမျိုးသမီးတစ်ဦးက ဖြည့်စွက်ပြောကြားသည်။

ကမ်းနားလမ်းရှိ တန်ဖိုးနည်းအိမ်ရာတွင် နေထိုင်သူများအနေနှင့် အခန်းငှားခ၊ လျှပ်စစ်မီးမီတာခများကို သတ်မှတ်ရက်အတွင်း ပေးသွင်းနိုင်ခြင်းမရှိပါက ရက်လွန်ကြေးအဖြစ် တစ်ရက်လျှင် ၂၀၀၀ ကျပ် ဒဏ်ကြေးပေးဆောင်နေရခြင်းကလည်း အခက်အခဲဖြစ်ရသည်ဟု ၎င်းတို့ကပြောဆိုသည်။

ယင်းသို့ ဆူပူမှုများဖြစ်ပေါ်နေခြင်းနှင့်ပတ်သက်၍ အငှားအိမ်ရာအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ဖြေရှင်းပေးခြင်းမရှိဘဲ မြို့တော်စည်ပင်သာယာရေးကော်မတီတွင်သာ ဖြေရှင်းရန်ပြောဆိုခဲ့သည်။

"မြို့တော်ဝန်ကိုယ်တိုင် အငှားနေထိုင်သူတွေနဲ့တွေ့ခဲ့ပါတယ်။ သူတို့ပြောတဲ့အခက်အခဲတွေကို ညှိနှိုင်းပေးပါ့မယ်လို့ ပြောထားတယ်၊ သူတို့ပြောတဲ့အထဲက ဒဏ်ကြေးတွေကတော့ စည်ပင်သာယာရေးကော်မတီက တရားဝင်သတ်မှတ်ထားတာ ဖြစ်နေတဲ့အတွက် အဲဒါတွေကတော့ ဖြေရှင်းပေးဖို့ ခက်ခဲနိုင်ပါတယ်" ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောကြားသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီကတည်ဆောက်ပေးထားသည့် ကမ်းနားလမ်း အငှားအိမ်ရာတွင် အခန်းပေါင်း တစ်ထောင်ရှိပြီး နေထိုင်သူများအနေနှင့် လစဉ်ကြေးကျပ် ၃၀,၀၀၀ ဖြင့် ၂၀၁၆ ခုနှစ် ဧပြီလကစ၍ ငှားရမ်းနေထိုင်နေခြင်းဖြစ်သည်။ ■ **M-04**

# မန္တလေး ကားအရောင်းအဝယ်ဈေးကွက် ပြန်တက်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

မန္တလေးကားအရောင်းအဝယ်ဈေးကွက်အတွင်း ဇန်နဝါရီလ ကျဆင်းခဲ့သော်လည်း ဖေဖော်ဝါရီလ ပထမပတ်အတွင်း အရောင်းအဝယ် ပြန်တက်လာကြောင်း မန္တလေးမြို့တော်ရှိ မော်တော်ယာဉ်အကျိုးတော်ဆောင်များထံမှ သိရသည်။

"အစိုးရက ထုတ်ပြန်လိုက်တဲ့ စံညွှန်းတွေပေါ်မူတည်ပြီးတော့ ဈေးကွက်ထဲမှာ အရဲစွန့်ကြတာပေါ့။ လက်ရှိအချိန်မှာက ကားမော်ဒယ်လ်အမျိုးအစားအားလုံးနီးပါး ကျပ်ငါးသိန်းကျော်ကနေ ၁၀ သိန်းကျော်ထိ ဈေးကျသွားတယ်။ ဒါ့ကြောင့်လည်း ဈေးကွက်ထဲမှာ အရောင်းအဝယ်ဖြစ်လာတာ" ဟု ကားဝယ်ရောင်းလုပ်ဆောင်နေသူ ဦးစည်သူက ပြောကြားသည်။

အစိုးရကထုတ်ပြန်လိုက်သည့် ကားတင်သွင်းခွင့် နှုန်းထားများကြောင့် နောက်ပိုင်းတွင် ကားတင်သွင်းသူ လျော့ကျလာဖွယ်ရှိနိုင်သည်ဟု ၎င်းကပြောဆိုသည်။

ကားဈေးနှုန်းများ ကျဆင်းလာသည်မှန်သော်လည်း တက်ဈေးပေါ်မှ ပြန်ကျသွားသည်ဖြစ်သောကြောင့် ဈေးကျသွားသည်ဟု မပြောနိုင်ကြောင်း၊ တက်ဈေးမတိုင်မီရှိနေခဲ့သည့် မူရင်းဈေးထက် လျော့သွားမှသာလျှင် ဈေးကျသည်ဟုဆိုနိုင်ကြောင်း မော်ဒယ်လ်မြင့်ကားတစ်စီး ဝယ်ယူရန်ရှာဖွေနေသည့် ချမ်းအေးသာစံမြို့နယ်နေ ကုန်သည် ဦးခင်မောင်ထူးက ပြောကြားသည်။

အစိုးရက ကားတင်သွင်းခွင့် ပါမစ်များ ယာယီရပ်ဆိုင်းထားခဲ့ပြီးနောက် ကားဈေးကွက်အတွင်း ရောင်းချမည့် ကားများ ပိုများခြင်းကြောင့် ကားဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်ပြီး ကားတင်သွင်းခွင့်ပါမစ်များ ပြန်လည်ခွင့်ပြုပေးမှသာ ကားဈေး ကျနိုင်ကြောင်း မန္တလေးမြို့တော်ရှိ ကားအရောင်းအဝယ်လုပ်ဆောင်နေသူများထံမှ စုံစမ်းသိရှိရသည်။ ■

**M-03**

# NEWS IN BRIEF

## လူငယ်ဖွံ့ဖြိုးရေးစင်တာ အလုပ်အကိုင်ရအောင် ကူညီမည်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့ရှိ လူငယ်ဖွံ့ဖြိုးရေးစင်တာ (Centre for Youth Development) အနေနှင့် ဖွံ့ဖြိုးရေးသင်တန်းများ ဖွင့်လှစ်ပြီး အလုပ်အကိုင်အခွင့်အလမ်းရရှိရန် ကူညီပေးမည်ဖြစ်ကြောင်း ယင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရည်မွန်က ပြောကြားသည်။

အဆိုပါစင်တာအနေနှင့် လူငယ်ဖွံ့ဖြိုးရေးသင်တန်းများကို ဖေဖော်ဝါရီလမှစတင်ကာ အခမဲ့ပို့ချပေးမည်ဖြစ်ရာ သင်တန်းသားများ ခေါ်ယူနေပြီ ဖြစ်ကြောင်း၊ ဟိုတယ်လုပ်ငန်းရှင်များ (နေပြည်တော်) နှင့် အသေးစားစက်မှုလုပ်ငန်း ဦးစီးဌာနတို့က နည်းပြဆရာများ ကူညီမည်ဖြစ်ကြောင်း ၎င်းက ပြောဆိုသည်။

လူငယ်ဖွံ့ဖြိုးရေးစင်တာ (Centre for Youth Development) ကို ပုဗ္ဗသီရိမြို့နယ်မှ မြို့မိမြို့ဖများ၊ NLD ပါတီဝင်များ၊ လူငယ်များ တည်ထောင်ထားခြင်းဖြစ်ကာ သင်တန်းတွင် အခြေခံနှင့် ဟိုတယ်လုပ်ငန်းသုံး အင်္ဂလိပ်စာ၊ စကားပြောသင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု သင်တန်း၊ မော်တော်ဆိုင်ကယ် ပြင်ဆင်ခြင်းသင်တန်း၊ စားသောက်ကုန်ပြုလုပ်နည်းသင်တန်း၊ ဝါးလက်မှုထုတ်ကုန်ပြုလုပ်နည်းသင်တန်း၊ စက်ချုပ်သင်တန်းများ ပါဝင်မည်ဖြစ်ကြောင်း ယင်းစင်တာထံမှ သိရသည်။ **M-01**




ဧရာဝတီလင်းပိုင် စစ်တမ်းကောက်ယူရေးခရီးစဉ်ဖွင့်ပွဲကို မန္တလေးဆိပ်ကမ်းတွင် ပြုလုပ်နေစဉ်။

# ဧရာဝတီလင်းပိုင်စစ်တမ်း စကောက်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

ပြည်နယ်နှင့်တိုင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပူးပေါင်း၍ ဖေဖော်ဝါရီလ ၆ ရက်နေ့က စတင်ကာ ဧရာဝတီမြစ်အတွင်း ဧရာဝတီလင်းပိုင်စစ်တမ်း စတင်ကောက်ယူနေပြီဖြစ်ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

၁၀ ရက်တာ ကြာမြင့်မည့် စစ်တမ်းကောက်ယူမှုလုပ်ငန်းကို မန္တလေးမြို့မှ ဗန်းမော်မြို့အထိ လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ယင်းသို့ ကောက်ယူရာတွင် ဧရာဝတီလင်းပိုင်နှင့် ရေလုပ်သား (လက်ပစ်ကွန်) များအကြား ငါးဖမ်းဆီးမှုဓလေ့ ဆက်စပ်ထွန်းကားရေးနှင့် ငါးသယံဇာတကို သုံးသပ်နိုင်ရန် ရည်ရွယ်ကြောင်း ယင်းဌာနဦးစီးမှူး ဦးလှဝင်းက ပြောကြားသည်။

စစ်တမ်းကောက်ယူခြင်းနှင့်အတူ သုတေသနလုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်မည်ဖြစ်ရာ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်တို့ရှိ ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်ကြောင်း မြန်မာနိုင်ငံ သားငှက်ထိန်းသိမ်းရေးအဖွဲ့ထံမှလည်း သိရသည်။

လက်ရှိတွင် မင်းကွန်းကျေးရွာ (စစ်ကိုင်း) မှ ဗန်းမော်မြို့အထိ ဧရာဝတီလင်းပိုင် ၆၅ ကောင် တွေ့ရှိထားပြီး ဧရာဝတီမြစ်ရိုးတစ်လျှောက် မန္တလေးမြို့ နန်းတော်ကျွန်းကျေးရွာအနီးမှ ကျောက်မြောင်းမြို့ရေတော်ဘုရားအထိကို ဧရာဝတီလင်းပိုင် ထိန်းသိမ်း စောင့်ရှောက်ရေးနယ်မြေအဖြစ် ငါးလုပ်ငန်းဦးစီးဌာနက ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် သတ်မှတ်ခဲ့သည်။

သုတေသနပြုရေးယာအဖြစ်မန္တလေးမြို့မှ ဗန်းမော်မြို့အထိ ရေမိုင် ၂၇၅ မိုင်ရှိကာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဧပြီလမှ ဒီဇင်ဘာလ အထိ ဧရာဝတီလင်းပိုင်လေ့လာရေးခရီးနှင့်ပညာပေးခရီးစဉ် ၁၀ ကြိမ်၊ မှတ်တမ်းတင်မှု ၂၄ ကြိမ်ဖြင့် ဧရာဝတီမြစ်ကြောင်း တစ်လျှောက်ရှိ ကျေးရွာ ၂၁ ရွာတွင် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း မန္တလေးတိုင်း ငါးလုပ်ငန်းဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

နို့တိုက်သတ္တဝါဖြစ်သည့် ဧရာဝတီလင်းပိုင်များသည် အေဒီ ၈ ရာစု ပျူခေတ်ကတည်းက ဧရာဝတီမြစ်အတွင်း နေထိုင်ကျက်စားခဲ့ကြောင်း၊ ၁၉ ရာစုတွင် ဧရာဝတီလင်းပိုင်အမည်ဖြင့် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့ပြီး အခြားနိုင်ငံများတွင်လည်း ဧရာဝတီလင်းပိုင်အမည်ဖြင့် သာ ခေါ်ဝေါ်သုံးနှုန်းခဲ့ကြောင်း၊ ဧရာဝတီလင်းပိုင်များကို ဧရာဝတီမြစ်ရိုးတစ်လျှောက်ရှိ မန္တလေးမြို့မှ ဗန်းမော်မြို့အကြား၊ မြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်နှင့် တနင်္သာရီကမ်းရိုးတန်းတို့တွင် တွေ့နိုင်ကြောင်း၊ ထိန်းသိမ်းရေးဇရိယာအတွင်း လင်းပိုင်ကောင်ရေ ၂၀ ကျော်ကို ထိန်းသိမ်းထားကြောင်း ငါးလုပ်ငန်းဦးစီးဌာနက ထုတ်ပြန်ထားသည်။ ■ M-05

# NEWS PHOTO




ကျောင်းသားထုအခွင့်အရေးနှင့်ပတ်သက်၍ တက္ကသိုလ်အတွင်းလှုပ်ရှားမှုများကို တက္ကသိုလ်အာဏာပိုင်များက ပိတ်ပင်တားဆီးနေခြင်းနှင့် ပတ်သက်၍ မိတ္ထီလာတက္ကသိုလ် ကျောင်းသားများသမဂ္ဂအဖွဲ့ဝင်များက မန္တလေးမြို့တော်ရှိ နိုင်ငံရေးအကျဉ်းသားဟောင်းများ ကွန်ရက်ရုံးခန်းတွင် ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက်ပိုင်းက ရှင်းလင်းနေစဉ်။ ယင်းတက္ကသိုလ်ကျောင်းသားသမဂ္ဂကို ၂၀၁၆ ခုနှစ် ဇူလိုင်လက ပြန်လည်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

# ပညာရေးဌာနက ပါမောက္ခနှစ်ဦးကို ပြန်ခန့်

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခံခဲ့ရသည့် တက္ကသိုလ်ပါမောက္ခ နှစ်ဦးကို ဖေဖော်ဝါရီ ပထမပတ်က ပညာရေးဝန်ကြီးဌာနတွင် ပြန်ခန့်လိုက်ပြီဖြစ်ကြောင်း အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ဆရာ၊ ဆရာမများအသိုင်းအဝိုင်းထံမှ သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခံခဲ့ရပြီးနောက် လေးနှစ်အကြာတွင် မူလရာထူးအတိုင်း ပြန်ခန့်ထားခဲ့ခြင်းဖြစ်သည်ဟုၚင်းတို့က ပြောဆိုသည်။

"ပြောင်းရွှေ့ခံခဲ့ရတာနဲ့ပတ်သက်ပြီး ဘာမှပြောချင်စိတ်မရှိတော့ဘူး။ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ခဲ့တာမရှိဘူး။ အပြစ်ပေး အရေးယူခံရတာလည်း တက္ကသိုလ်ဆရာဘဝမှာ တစ်ကြိမ်မှ မရှိခဲ့တာ။ ပြောင်းရမယ်ဆို တုန်းက ကာယကံရှင်တွေဆန္ဒလည်းမတောင်းဘူး။ ဖြေရှင်းခွင့်လည်းမရှိခဲ့ဘူး။ အခြားဌာနမှာ လေးနှစ်နီးပါးနေခဲ့ရတယ်" ဟု မန္တလာကောလိပ်တွင် ပြန်လည်ခန့်ထားခြင်းခံရသည့် ပါမောက္ခတစ်ဦးက ပြောကြားသည်။

အဆင့်မြင့်ပညာဦးစီးဌာနတွင် ပြန်လည် ခန့်အပ်ခြင်းခံရသူနှစ်ဦးအပါအဝင် တောင်ငူတက္ကသိုလ်၊ ပုသိမ်တက္ကသိုလ်၊ ရတနာပုံတက္ကသိုလ်၊ ပြည်တက္ကသိုလ်၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ အရာထမ်း ၁၁ ဦးကို ၂၀၁၃ ခုနှစ်၊ မတ်လအတွင်းက အခြားဝန်ကြီးဌာနသို့ ပြောင်းရွှေ့ခံခဲ့ရခြင်းဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ရှိ မြန်မာစာဌာနပါမောက္ခ ဒေါက်တာညိုညိုအောင်ကို ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ မန္တလာကောလိပ်တွင် မြန်မာစာဌာန ပါမောက္ခအဖြစ် ပြန်လည်ခန့်ထားခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် (စစ်ကိုင်း) ရှိ သင်္ချာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာတင်တင်အေးကို မန္တလာကောလိပ် သင်္ချာဌာနပါမောက္ခအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်ကြောင်း ပညာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။ ■

M-01

# သာစည်မြို့နယ်ရှိ ဘိန်းခင်းသုံးဧကကို ဖျက်ဆီး

**မန္တလေး၊ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်း သာစည်မြို့နယ် မြင်းဒိုက်ကျေးရွာ ဆင်တောင်မကြီးပေါ်တွင် စိုက်ပျိုးထားသော ဘိန်းခင်း သုံးဧကကို ဖေဖော်ဝါရီလ ၅ ရက်နေ့က ဖျက်ဆီးခဲ့ကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

"ဘိန်းခင်းတွေ့တယ်ဆိုတဲ့ နေရာကို သွားပြီးတော့ ဒေသခံတောင်သူတွေနဲ့ တွေ့ဆုံတယ်။ သူတို့တွေကို ဘိန်းခင်းဆိုတာ တရားဝင်စိုက်ပျိုးခွင့် မရှိဘူး။ စိုက်ရင်ပျိုးရင် ဘယ်လိုအရေးယူခံရနိုင်တယ်၊ နောက်ဆက်တွဲ ဆိုးကျိုးတွေရှိတယ်ဆိုတာကို အသိပညာပေးဟောပြောမှုတွေလုပ်ပြီးမှ သူတို့နဲ့ပူးပေါင်းပြီး အင်အား ၁၅၀ လောက်နဲ့ ဖျက်ဆီးခဲ့တာ" ဟု တိုင်းရဲတပ်ဖွဲ့မှ အကြီးတန်းအရာရှိတစ်ဦးက ပြောကြားသည်။

ယင်းသို့ ဖျက်ဆီးရာတွင် ရဲတပ်ဖွဲ့၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့ ပါဝင်ခဲ့ကြောင်း ဒေသခံများထံမှလည်း သိရသည်။

တောင်မကြီးအပေါ် (သာစည်၊ ပင်လောင်း၊ ရမည်းသင်းမြို့နယ်များ နယ်စပ်) ကွင်းအမှတ် JD-101936 တွင် ဘိန်းခင်း နှစ်ဧကခန့်၊ ကွင်းအမှတ် JD-101950 တွင် တစ်ဧကခန့်တို့ကို ဖျက်ဆီးခဲ့ကြောင်း သာစည်မြို့နယ်ရဲတပ်ဖွဲ့က ပေးပို့သည့် ကြေးနန်းတွင် ဖော်ပြထားသည်။

အဆိုပါဘိန်းခင်းများရှိ ဘိန်းပင်များမှာ အမြင့်တစ်ပေခန့်မှ အမြင့်သုံးပေခန့်ရှိပြီး သီးပွင့်ဆဲဘိန်းပင်များ၊ အဆီခြစ်ယူထားသည့် ဘိန်းဆီအချို့ကို တွေ့ရှိခဲ့ရကြောင်း မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိကြီးက ထပ်လောင်းပြောဆိုသည်။

ဘိန်းခင်းတွေ့ရှိရာဒေသသည် ကယားပြည်နယ်နယ်စပ်တွင်ရှိနေပြီး ဝေးလံခေါင်ဖျားသောနေရာဖြစ်၍ ဘိန်းစိုက်ခင်းများ ရှိနိုင်ကြောင်း၊ သာစည်မြို့နယ်အတွင်း၌မူ ယင်းကဲ့သို့ ဘိန်းစိုက်ပျိုးခြင်း မရှိခဲ့ဖူးကြောင်း သာစည်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးစံထွန်းက ပြောကြားသည်။ ■

M-04

# ပြည်သူ့နီတိ (၇၃)

## ကောင်းမြတ်ခြင်းကို ကျောင်းတွင် ပျိုးထောင်ခြင်း

နိုင်ငံသူ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ရေးအတွက် အကျင့်စာရိတ္တကောင်းသူများဖြစ်စေရန် ပျိုးထောင်ပေးနိုင်ခြင်းကလည်း အရေးကြီးပါသည်။ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်မြောက်လာရေးအတွက် အရေးကြီး သည့် အချက်များတွင် မျိုးချစ်စိတ်ဓာတ်ရှိရေး၊ တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိရိုသေခြင်း၊ အမျိုးဂုဏ် ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးနိုင်ရေးကလည်း အထူးအရေးကြီးလှပါသည်။

နိုင်ငံတိုင်း လူမျိုးတိုင်းတွင် သတ်မှတ်ထားသည့် စံနှုန်းများမတူညီနိုင်ပါ။ စစ်ပွဲကို ထောက်ခံနေသည့် တိုင်းပြည်တွင် စစ်ဆန့်ကျင်နေသူသည် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦး မဖြစ်နိုင်ပါ။ အစိုးရကို ဆန့်ကျင်တိုင်း သူပုန်မဟုတ်ပါ။ အာဏာရ အစိုးရတိုင်းကို ဆန့်ကျင်သူတိုင်းကို သူပုန်ဟုပြောသော်လည်း ပြည်သူ့လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသူများကို ပြည်သူများက သူပုန်ဟုမသတ်မှတ်ဘဲ သူရဲကောင်းဟု ဆိုကြသည်။ အစိုးရဘက်ကကြည့်လျှင် သူပုန်၊ ပြည်သူ့ဘက်ကကြည့်လျှင် သူရဲကောင်းဖြစ်နေတတ်သည်။ ထို့ကြောင့် ကောင်းမြတ်ခြင်းတရားဆိုသည်မှာ ဘက်နှစ်ဖက် အမြင်နှစ်ခုရှိနိုင်ပါလိမ့်မည်။

ကောင်းမြတ်ခြင်းတရားကို သင်ကြားလေ့ကျင့်ပေးရန် ဆရာများတွင် တာဝန်ရှိပါသည်။ သို့သော် ဆရာများ သည် ကောင်းမြတ်ခြင်းတရားကို သင်ကြားမည်ဆိုပြီး ဘာသာရေးတစ်ခုတည်းကို အလေးပေးသင်ကြားနေရန် မဖြစ်နိုင်ပါ။ ဘာသာတရား၏ လမ်းညွှန်ချက်များသည် ကောင်းမြတ်နိုင်သော်လည်း အခြားဘာသာတရားများတွင် သူ့ထုံးဓလေ့ဆိုင်ရာ ကောင်းမြတ်ခြင်း သဘောတရားများ ရှိနေကြောင်း သဘောပေါက်ထားရန်လိုပါ သည်။ ထို့ကြောင့် အစွန်းမရောက်သည့် ကောင်းမြတ်ခြင်းဆိုင်ရာ သဘောတရား သို့မဟုတ် လူသားတိုင်းနှင့် ဆိုင်သော နိုင်ငံသားကောင်းတိုင်း လိုက်နာကျင့်သုံးအပ်သည့် သဘောတရားများကို လေ့ကျင့် သင်ကြားပေးရန်လိုပါသည်။

ကိုယ်ကျင့်တရားနှင့် တန်ဖိုးကို ကွဲပြားအောင် ခွဲခြားရှင်းနိုင်ရန်လိုပါသည်။ ထိုနှစ်ခုစလုံးသည် နိဂုံးတွင် လူတစ်ယောက်၏ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကို တိုးတက်မြင့်မားရေးအတွက် ဦးတည်ရမည်သာ ဖြစ်ပါ သည်။

တန်ဖိုးဆိုသည်မှာ မှားခြင်း မှန်ခြင်းကို ကိုင်စွဲထားရန်မဟုတ်ပါ။ မှားခြင်းမှန်ခြင်းကို ထောက်ပြရန်ဖြစ်ပြီး ပိုင်းဖြတ်တတ်စေရန် သင်ကြားပေးသင့်သည်။ ဆရာ၏ တစ်ဖက်မြင် အမှားအတိုင်း ကျောင်းသားများကို လက်ခံရမည်ဆိုခြင်းမှာ မတရားပါ။ အကြောင်းအရာတစ်ခုကို ချပြလိုက်မည်။ တန်ဖိုးများကို ခွဲခြမ်း စိတ်ဖြာပြလိုက်မည်။ အကောင်း အဆိုးများ ဒွန်တွဲနေကြောင်း လမ်းခင်းပေးထားမည်။

ဝီလျံဒါမွန်ဆိုသည့် ပုဂ္ဂိုလ်ကြီးက အရှိအတိုင်း ကျောင်းသားများကို နားလည်အောင် ဖော်ထုတ်ပြပြီး သူတို့ကို ကိုယ်တိုင်ပိုင်းဖြတ်ခိုင်းခြင်းအား 'အပြုသဘောဆောင်သောလမ်းဆီသို့ ဦးတည်ခြင်း' ဟု သတ်မှတ်ပေးထားပါသည်။ ထိုသဘောတရားအရ ဆရာသည် ကျောင်းသားများကို တံခါးဖွင့်ပေးလိုက်ရန်သာဖြစ်သည်။ သူတို့သည် တံခါး၏ တစ်ဖက်တွင် ဘာတွေကြုံတွေ့ရနိုင်ကြောင်း ဆရာကပြောပြထားပြီးသားဖြစ်သည်။ သူတို့တွင် ရွေးချယ်ပိုင်ခွင့်ရှိစေရန် ဆရာက လုပ်ဆောင်ပေးရမည်။

ဝီလျံဒါမွန်သည် ပညာရေးဆိုင်ရာသင်ကြားမှုတွင် တီထွင်ဖန်တီးသော နည်းသစ်များဖြင့် သင်ကြားခြင်းကို အထူးစိတ်ပါဝင်စားသူဖြစ်သည်။ သူက ကျောင်းသားများကို ကိုယ်ကျင့်တရားဆိုင်ရာ ဖွံ့ဖြိုးတိုးတက်စေလိုလျှင် ဒီမိုကရေစီ လူ့ဘောင်ကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမည်။ ဒီမိုကရေစီသဘောတရားများ ထွန်းကားအောင်လုပ်ရမည်။ အကောင်းမြင်စိတ်ထားများဖြင့် ပြောဆိုဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားပေးရမည်ဟု ဆိုထားပါသည်။

ဒီမိုကရေစီလူ့ဘောင်သည် အများအကျိုးအတွက် အများကဆောင်ရွက်ရသည့် ကောင်းမြတ်သော သဘောတရားများပါဝင်နေပြီးဖြစ်သည်။ တစ်ကိုယ်ကောင်းဝါဒဖြင့် ရှေ့တန်းရောက်အောင် လုပ်နေသည့် စနစ်ကို တွန်းအားပေးနေခြင်းသည် အာဏာရှင်ဝါဒ ထွန်းကားရေးကို မြှင့်တင်ပေးနေခြင်းသာဖြစ်သည်။ ထို့ကြောင့် အများပေါင်းပြီး အများကောင်းအောင်လုပ်သည့် နယ်ပယ်အတွင်း၌သာ ကောင်းမြတ်သည့် လူ့တန်ဖိုးများ ဖော်ထုတ်နိုင်မည်ဟုလည်း ဆိုခဲ့သည်။

ကျောင်းများတွင် ကျောင်းစည်းကမ်းထုတ်သည်။ အိမ်တွင်လည်း အိမ်စည်းကမ်းများထုတ်ကြသည်။ သူ့ တန်ဖိုးနှင့်သူ တူချင်မှတူမည်။ သို့သော် အားလုံးသော စည်းကမ်းများသည် မိမိအသိုက်အဝန်း ပတ်ဝန်းကျင်အပေါ် အလေးထားရမည့် အခြေခံကောင်းလေးများဖြစ်နေတတ်သည်။ အိမ်နှင့် ကျောင်းတွင် အခြေခံလိုက် သည့် စည်းကမ်းကောင်းလေး များကို နိုင်ငံသားကောင်းတစ်ယောက်ဖြစ်အောင်လုပ်ပြီး နိုင်ငံကောင်းအောင် ထူထောင်လိုစိတ်ရှိရန် လေ့ကျင့်ပျိုးထောင်မှုကို ထပ်ဆင့်လုပ်ဆောင်ခြင်းသည် ပြည်သူ့နီတိကို အခြေခံလုပ်ဆောင်ခြင်းဖြစ်ပါသည်။

ဒီမိုကရေစီလူ့ဘောင်တွင် လွတ်လပ်မှု၊ ညီမျှမှု၊ တန်းတူအခွင့်အရေးရမှု၊ ချစ်ကြည်ရင်းနှီးမှု၊ မခွဲခြားမှုစသည့် အခြေခံကောင်းများကိုလေ့ကျင့်သင်ကြားပေးရန် လိုပါသည်။ လွတ်လပ်စွာထုတ်ဖော်ခွင့်၊ လွတ်လပ်စွာ ဆွေးနွေးပြောဆိုခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ ကြိုက်ခွင့်၊ မကြိုက်ခွင့်များအားလုံး တွင်ရှိသင့်ကြောင်း သင်ကြားပေးခြင်းသည် ဒီမိုကရေစီအတွက် တံခါးဖွင့်ပေးခြင်းဖြစ်ပါသည်။

ကျောင်းသားတိုင်းကို တရားဥပဒေအကြောင်းပြောရမည်။ ဥပဒေကို လေးစားလိုက်နာသင့်ကြောင်း သင်ရမည်။ အခြားသူတစ်ဦးတစ်ယောက်၏ အခွင့်အရေးကို ပိတ်ပင်တားဆီးရန်မသင့်ကြောင်း ပြောရမည်။ နိုင်ငံနှင့် လူမျိုး၏ ဂုဏ်ကို ထိခိုက်စေနိုင်သော အပြုအမူ၊ အပြောအဆိုများ ကိုမပြုလုပ်ရန် လမ်းညွှန်နိုင်ရမည်။

ကျောင်းများတွင် အသိပညာ၊ အတတ်ပညာအတွက် စာမျိုးစုံ သင်ကြရပါသည်။ အထူးသဖြင့် စာသင်စဉ်တွင် စိတ်ကိုပါသင်ကြားပေးသွားရန် လိုသည်။ စိတ်သင်ခြင်းသည် ပြည်သူ့နီတိကို သင်ကြားခြင်းဖြစ်သည်။ ဒီမိုကရေစီ လူ့ဘောင်ဆိုသည်မှာ ပရမ်းပတာ ထင်ရာမြင်ရာ လုပ်ဆောင်တတ်သူများ၏ လူ့ဘောင်မဟုတ်။ ဒီမိုကရေစီလူ့ဘောင်ဆိုသည်မှာ အသိရှိပြီး ထိုအသိကို တန်ဖိုးထားကာ အများအကျိုးကို ရွက်ဆောင်ကြရ သည့် လူ့ဘောင်ဖြစ်ကြောင်း သင်ကြားပြသနိုင်မှ တန်ဖိုးရှိသည့် လူချွန်လူကောင်းများကို မွေးထုတ်နိုင်ကြမည်ဖြစ်ပါသည်။ ■ E01

## ကုသိုလ်လမ်းညွှန်

The Voice စာဖတ်ပရိသတ်တွေ ကုသိုလ်ပြုနိုင်ဖို့ အတွက် လမ်းညွှန်ပေးချင်တာကတော့ ကျန်းမာရေးအလှူပြုနိုင်ဖို့ပါ။ မန္တလေးမြို့ ငွေတော်ကျီကုန်းအရပ်မှာ နေထိုင်တဲ့ ဒေါ်မို့မို့က ကန်စွန်းခူးတဲ့အလုပ်လုပ်ကိုင်နေရတာ ဖြစ်ပြီး နှလုံးသွေးခဲတဲ့ ဝေဒနာနဲ့ မန္တလေးဆေးရုံကြီး ဖျားနာဆောင် ၃ မှာ တက်ရောက်ကုသနေရတယ်လို့ သိရပါတယ်။ နှလုံးသွေးခဲကို ချေဖျက်ဖို့အတွက် သွေးကြောတစ်လျှောက် စက်နဲ့ ကုသရမှာဖြစ်ပြီး ကျန်ကျစရိတ် ကျပ်ငါးသိန်းမို့ ငွေကြေးအခက်အခဲဖြစ်နေရတာပါ။ တတ်အားသရွေ့ပါဝင်လှူဒါန်း လိုသူတွေဆက်သွယ်နိုင်ပြီး အသေးစိတ်သိလိုတယ်၊ ဆက်သွယ်စုံစမ်း လှူဒါန်းလိုတယ်ဆိုရင် ကိုဝမ်း ဖုန်း ၀၉ ၄၅၆၅၆၇၈၇၈ ကို ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါတယ်။ ■



## ဈေးဝယ်လမ်းညွှန်

### အာမခံ ခြောက်လပေးထားတဲ့ လေ့ကျင့်ရေးစက်

ကျန်းမာရေးအတွက် GYM သွားဖို့ အချိန်မသွားနိုင်ပေမယ့် အိမ်မှာပဲ လေ့ကျင့်ခန်းလုပ်လိုသူတွေအတွက် 5 Minutes Shaper ကို ညွှန်ပေးချင်ပါတယ်။ ဒီစက်လေးက အမျိုးသားရော အမျိုးသမီးပါ လေ့ကျင့်ကစားနိုင်မှာဖြစ်ပြီး ပေါင်၊ လက်မောင်းနဲ့ ဗိုက်မှာရှိတဲ့ မလိုအပ်တဲ့ အဆီပိုတွေကို ကျဆင်းသွားစေမှာပါ။ အခုမှစပြီး ကစားမယ့်သူတွေအတွက် User Manual ပါဝင်ပြီး လေ့ကျင့်ခန်းတစ်ခုစီအတွက် ဘယ်နှကြိမ်ပြုလုပ်ရမယ်ဆိုတာက အစပါဝင်ပါတယ်။ လေ့ကျင့်ကစားနေစဉ်မှာလည်း ကိုယ့်ရဲ့ ကယ်လိုရီဘယ်လောက် လောင်ကျွမ်းသွားစေတယ်ဆိုတဲ့ Display ပါဝင်ပြီး အာမခံ ခြောက်လပေးထားပါတယ်။ ဈေးနှုန်းက ကျပ် ၄၀,၀၀၀ ဖြစ်ပြီး ဝယ်လိုတယ်ဆို အမှတ် ၂၉၉ ၊ မဟာဗန္ဓုလလမ်း၊ ၄၂ လမ်းနဲ့ ဘိုကလေးဈေးလမ်းကြား၊ ရန်ကုန်မှာ သွားဝယ်နိုင်ပါတယ်။ အိမ်အရောက်ပို့ ဝန်ဆောင်မှုနဲ့လည်းမှာနိုင်ပြီး အသေးစိတ်သိလိုတယ်ဆိုရင် ဖုန်း ၀၉ ၇၃၁၀၅၀၁၀ ၊ ၀၉ ၃၁၄၆၉၂၂၁ ကို ဆက်သွယ်နိုင်ပါတယ်။ ■






**မနေ့**က မြန်မာ့အသံက ကျွန်တော့်ကို အင်တာဗျူးပါတယ်။ အကြောင်းက ဇန်နဝါရီလ ၃၀ ရက်နေ့ထုတ် The Voice Weekly ပါ ကျွန်တော့်ဆောင်းပါး '၆၆(ဃ)၊ လွတ်လပ်စွာပြောဆိုခွင့်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ' ပါ အကြောင်းအရာများကို ရေဒီယိုပရိသတ် နားထောင်နိုင်အောင် အမေး-အဖြေပုံစံနဲ့ ပြန်ဖြေရတာပါ။ အဲဒီဆောင်းပါးရဲ့အဓိကဆိုလိုချက်က လွတ်လပ်စွာပြောဆိုခွင့်ဆိုတာ အကြွင်းမဲ့မဟုတ်တဲ့အတွက် ဆက်သွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက် ပုဒ်မ ၆၆ (ဃ) ကို ပယ်ဖျက်ရန်မသင့်ဘဲ အဲဒီမှာပါဝင်တဲ့ အသရေဖျက်ခြင်းဆိုတဲ့ ပြစ်မှုကိုခွဲထုတ်ပြီး မုချအာမခံပေးရမယ့် အမှုအဖြစ် ခွဲခြားပြဋ္ဌာန်းသင့်တဲ့အကြောင်းပါ။

အင်တာဗျူးမေးတဲ့သူက နောက်ဆုံးမှာ မေးခွန်းတစ်ခုမေးပါတယ်။ ဖေ့စ်ဘွတ်ခ်လို လူမှုကွန်ရက်တွေမှာ ဆိုးဆိုးရွားရွားဖြစ်နေတဲ့ အမုန်းစကားတွေပပျောက်အောင်ကော ဘယ်လိုလုပ်သင့်ပါသလဲတဲ့။ သူမေးလိုက်တဲ့အခါမှ ကျွန်တော်သတိရလိုက်ပါတယ်။ ဒါ သိပ်ကောင်းတဲ့မေးခွန်းပါ။

မှန်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Social Network လို့ခေါ်တဲ့ ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်ကိုသုံးစွဲဖို့ ဖွင့်လှစ်ထားတဲ့အကောင့်ဦးရေဟာ ၂၀၁၆ ခုနှစ် ဇွန်လစာရင်းအရ ၁၁ သန်းရှိတယ်လို့ သိရပါတယ်။ ဒီထဲက ၁၉ ဒသမ ၃ ရာခိုင်နှုန်းဖြစ်တဲ့ ၂ ဒသမ ၁၂၃ သန်းက တကယ်ဝင်ရောက်သုံးစွဲကြတဲ့ အကောင့်တွေဖြစ်တယ်လို့ ဆိုပါတယ်။ ဒီအရေအတွက်ဟာ အိမ်နီးချင်း ထိုင်းနိုင်ငံကို မမီသေးပါဘူး။ ထိုင်းနိုင်ငံမှာ ဖေ့စ်ဘွတ်အကောင့်ဖွင့်တဲ့အရေအတွက်ဟာ ၄၁ သန်းရှိပြီး ဝင်ရောက်သုံးစွဲတဲ့အကောင့်အရေအတွက်က ၆၀ ဒသမ ၁ ရာခိုင်နှုန်းဖြစ်တဲ့ ၂၄ ဒသမ ၆၄၁ သန်းရှိပါတယ်။ နိုင်ငံတစ်ဝန်း ဆက်သွယ်ရေးကွန်ရက် ပိုမိုကျယ်ပြန့်လာတာနဲ့အမျှ လူမှုကွန်ရက်ကိုသုံးစွဲသူတွေ တစ်နေ့တခြား တိုးများလာနေဦးမှာ သေချာပါတယ်။

ဆက်သွယ်ရေးကွန်ရက်ကို လွတ်လပ်စွာသုံးစွဲခွင့်ပြုလိုက်ပြီးနောက်ပိုင်း တစ်ယောက်နဲ့တစ်ယောက် စာ၊ ဓာတ်ပုံ၊ ဗီဒီယို၊ အသံ စတာတွေကို အင်တာနက်ကတစ်ဆင့် စက္ကန့်ပိုင်းအတွင်း ပေးပို့နိုင်တာ၊ အချင်းချင်းဖြန့်ဝေနိုင်တာ၊ ဆက်သွယ်ရေးမြန်ဆန်လာတာဟာ သိပ်ကောင်းတဲ့ကိစ္စဖြစ်ပါတယ်။ ဒီလိုဆက်သွယ်ရေးမြန်ဆန်လာတာက ကျွန်တော်တို့ရဲ့စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ နိုင်ငံရေးဘဝအသီးသီးအပေါ် ကောင်းမွန်တဲ့သက်ရောက်မှု အများအပြားရှိစေခဲ့ပါတယ်။

ကျွန်တော်ဆိုရင် ပြီးခဲ့တဲ့ပထမအကြိမ် လွှတ်တော်သက်တမ်း၊ နောက်ပိုင်း လေးနှစ်လောက်မှာကတည်းက အင်တာနက်ဆက်သွယ်ရေးကွန်ရက်ကို ကောင်းကောင်းအသုံးချနိုင်ခဲ့ပါတယ်။ လွှတ်တော်တက်နေစဉ်ကာလမှာ မိမိဒေသခံပြည်သူတွေဆီက မေးမြန်းလိုတဲ့မေးခွန်းတွေ-အဖြေတွေ၊ ဒေသဖွံ့ဖြိုးရေးအတွက် အပြန်အလှန်ပေးပို့ရမယ့် အချက်အလက်တွေ၊ ဓာတ်ပုံတွေ၊ စာအဆက်အသွယ်တွေ အားလုံးကို တယ်လီဖုန်းနဲ့သာမက အင်တာနက်ကွန်ရက်ကိုသုံးပြီး အချိန်မကုန်စေဘဲ မြန်မြန်ဆန်ဆန်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် သတင်းစာ၊ ဂျာနယ်တွေမှာ ဖော်ပြဖို့ လွှတ်တော်အတွေ့အကြုံ ဆောင်းပါးတွေရေးပို့တဲ့အခါမှာလည်း စာပေတိုက်ရှိတဲ့ ရန်ကုန်ကိုသွားပေးပို့စရာမလိုဘဲ စက္ကန့်ပိုင်းအတွင်း

> **အမုန်းစကားတွေကို ဘာဖြစ်လို့ ပိတ်ပင်တားမြစ်သင့်တာလဲဆိုတဲ့ အဓိကအကြောင်းကတော့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ ဘာသာတစ်ခုနဲ့တစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုအကြား အမုန်းပွားပြီး ပဋိပက္ခတွေဖြစ်လာကာ သွေးထွက်သံယို ရာဇဝတ်မှုတွေ ဖြစ်လာစေနိုင်လို့ပါပဲ။ ဒီအချက်ကြောင့် လူ့အဖွဲ့အစည်း တည်ငြိမ်ရေးကို ပျက်ပြားစေနိုင်ပြီး ဒီမိုကရေစီကို မင်းမဲ့စရိုက်ဖြစ်သွားစေနိုင်လို့ ဖြစ်ပါတယ်။**

အင်တာနက်ကိုသုံးပြီး ပေးပို့နိုင်ခဲ့ပါတယ်။

အရင်ခေတ်တုန်းကဆိုရင် စာရေးပြီး အသက်မွေးဝမ်းကျောင်းပြုမယ့်သူတစ်ယောက်ဟာ စာပေတိုက်ရှိတဲ့ ရန်ကုန်၊ မန္တလေး မြို့ကြီးတစ်မြို့မြို့မှာ နေထိုင်တာမဟုတ်ရင် အဆင်မပြေပါဘူး။ ဒါကြောင့် စာရေးဆရာတော်တော်များများဟာ ရန်ကုန်၊ မန္တလေး မြို့ကြီးတစ်မြို့မြို့မှာ ရွှေ့ပြောင်းနေထိုင်ကြတာ များပါတယ်။ နယ်မှာနေထိုင်ခဲ့မယ်ဆိုရင်လည်း သူရေးလိုက်တဲ့သတင်း သို့မဟုတ် ဆောင်းပါးကို စာပေတိုက်ရှိတဲ့ ရန်ကုန်၊ မန္တလေးကိုရောက်ဖို့ စာတိုက်ကတစ်ဆင့် ပေးပို့ရမှာဖြစ်တော့ လေး-ငါးရက်တော့ အချိန်ယူရပါလိမ့်မယ်။ အခုတော့ စက္ကန့်ပိုင်းအတွင်းမှာပဲ နယ်ကနေ ရန်ကုန်၊ မန္တလေးကိုသာမက ကမ္ဘာ့တစ်ဖက်ခြမ်းကိုတောင် ပေးပို့နိုင်ပြီဖြစ်ပါတယ်။

အမေရိကန်က သမ္မတသစ် ဒေါ်နယ်ထရမ့်ဆိုရင်လည်း ပြီးခဲ့တဲ့ရွေးကောက်ပွဲကာလက Facebook၊ Twitter နဲ့ Instagram ခေါ်တဲ့ လူမှုကွန်ရက်တွေကို ကျယ်ကျယ်ပြန့်ပြန့်သုံး၊ မဲဆွယ်မှုတွေလုပ်ခဲ့ပြီး အနိုင်ရခဲ့တယ်လို့ ဆိုပါတယ်။

"ဒီပြိုင်ပွဲတွေအားလုံးမှာ သူတို့က ကျွန်တော့်ထက် ငွေအမြောက်အမြားပိုသုံးခဲ့ပေမယ့် ကျွန်တော်ပဲနိုင်ရတဲ့အကြောင်းက ဒါတွေက (လူမှုကွန်ရက်များ- စာရေးသူ) ကျွန်တော့်ကိုကူညီသွားတာကြောင့်လို့ထင်ပါတယ်" လို့ CBS's 60 Minutes မှာထရမ့်က ပြောဆိုသွားခဲ့ပါတယ်။

"သူတို့ (ရွေးကောက်ပွဲပြိုင်ဘက်များ-စာရေးသူ) သုံးလိုက်တဲ့ငွေတွေထက် ဆိုရှယ်မီဒီယာက ပိုမိုအစွမ်းထက်တယ်လို့ ကျွန်တော် ထင်တာပဲ" ဆိုပြီး အစီအစဉ်တင်ဆက်သူ လက်စလေစတဲလ်ကို ပြောခဲ့ပါတယ်။

သမ္မတရွေးကောက်ပွဲ မဲဆွယ်စရိတ်အဖြစ် ဟီလာရီကလင်တန်က ဒေါ်လာ ၁၃၂ သန်း သုံးစွဲခဲ့ပေမယ့် ဒေါ်နယ်ထရမ့်ကတော့ ဒေါ်လာ ၉၄ သန်းသာ သုံးစွဲခဲ့ရတယ်လို့ ဆိုပါတယ်။

ဒီလိုကောင်းကျိုးတွေ အများအပြားရှိခဲ့ပေမယ့် မကောင်းတာတွေလည်း အများအပြားပါပဲ။ အဓိကအားဖြင့်ကတော့ အင်တာနက်လူမှုကွန်ရက်တွေပေါ်မှာ Hate Speech လို့ခေါ်တဲ့ အမုန်းစကားတွေ ရေးသားဖြန့်ဝေမှုပါ။ Hate Speech ခေါ်တဲ့ အမုန်းစကားဆိုတာက ကျား-မ (လိင်)၊ မျိုးနွယ်ဗီဇ၊ ဘာသာရေး၊ လူမျိုးရေး၊ ကိုယ်ကာယ မသန်မစွမ်းမှု ဒါမှမဟုတ် လိင်လုံ့ဆော်မှု စတာတွေနဲ့ပတ်သက်ပြီး တစ်ဖက်သားကိုနစ်နာအောင် တိုက်ခိုက်ပြောဆိုတာကို ဆိုလိုတာပါ။ တချို့တိုင်းပြည်တွေမှာတော့ Hate Speech ဆိုတာ သွေးထွက်သံယိုအကြမ်းဖက်မှုဖြစ်လာမှာစိုးလို့ 'လူတစ်ဦးတစ်ယောက် ဒါမှမဟုတ် တစ်စုတစ်ဖွဲ့' ကို အကာအကွယ်ပေးထားတဲ့စကားပြောဆိုမှု၊ ကိုယ်ခန္ဓာ အမူအရာ၊ အရေးအသားဒါမှမဟုတ် တားမြစ်ထားတဲ့အရာတွေကို ရေးသားဖော်ထုတ်ပြသတာကို ဆိုလိုတယ်လို့ သတ်မှတ်ထားပါတယ်။

အမုန်းစကားတွေကို ဘာဖြစ်လို့ ပိတ်ပင်တားမြစ်သင့်တာလဲဆိုတဲ့ အဓိကအကြောင်းကတော့ လူမျိုးတစ်မျိုးနဲ့တစ်မျိုး၊ ဘာသာတစ်ခုနဲ့တစ်ခု၊ လူ့အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုအကြား အမုန်းပွားပြီး ပဋိပက္ခတွေဖြစ်လာကာ သွေးထွက်သံယို ရာဇဝတ်မှုတွေဖြစ်လာစေနိုင်လို့ပါပဲ။ ဒီအချက်ကြောင့် လူ့အဖွဲ့အစည်း တည်ငြိမ်ရေးကိုပျက်ပြားစေနိုင်ပြီး၊ ဒီမိုကရေစီကို မင်းမဲ့စရိုက်ဖြစ်သွားစေနိုင်လို့ ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ဃ) မှာတော့ တိုင်းရင်းသားလူမျိုးတစ်မျိုးနှင့်တစ်မျိုး သို့မဟုတ် တိုင်းရင်းသားအချင်းချင်းကိုသော်လည်းကောင်း၊ အခြားဘာသာ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချင်ခင်မြတ်နိုးသည့် စကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်သည့်ဘာသာ သာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ဆိုပြီး နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနဲ့တာဝန်များဆိုတဲ့အခန်းမှာ ပြဋ္ဌာန်းထားပါတယ်။ ဒါကြောင့် တခြားသူရဲ့အခွင့်အရေးများကို မထိခိုက်ရလေအောင်နဲ့ အမုန်းစကားပြောကြားတာတွေမဖြစ်ရလေအောင် သတင်းမီဒီယာဥပဒေပုဒ်မ (၉)(ဇ) မှာ ဒီလိုပြဋ္ဌာန်းထားပါတယ်။

(ဇ) ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ လူမျိုးတစ်မျိုးကိုအကြောင်းပြု၍ ပဋိပက္ခဖြစ်စေနိုင်သော လှုံ့ဆော်ရေးသားမှုမှ ရှောင်ကြဉ်ခြင်း

ဒီပြဋ္ဌာန်းချက်ဟာ သတင်းမီဒီယာသမားများ လိုက်နာရမယ့်တာဝန်နဲ့ ကျင့်ဝတ်အနေနဲ့ သတ်မှတ်ထားတဲ့ အချက်တွေထဲကတစ်ချက်ပါ။ ဒီပြဋ္ဌာန်းချက်ကို မလိုက်နာဘူးဆိုရင်တော့ ပုဒ်မ (၂၁) အရ ပထမဦးစွာအားဖြင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီကို တိုင်ကြားနိုင်ပါတယ်။ ကောင်စီရဲ့ဖြေရှင်းပေးမှုကို မကျေနပ်လို့ရှိရင်တော့ မကျေနပ်တဲ့သူက ဥပဒေနဲ့အညီ တရားစွဲဆိုနိုင်ပါတယ်။

ထို့အတူ ပုံနှိပ်ခြင်းနဲ့ ထုတ်ဝေခြင်းလုပ်ငန်းဥပဒေမှာ လိုက်နာရမယ့်စည်းကမ်းချက်တွေအဖြစ် ပုဒ်မ (၈) မှာ

၈။ ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် အောက်ပါအချက် တစ်ရပ်ရပ်တွင် အကျုံးဝင်သောထုတ်ဝေစာများကိုပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းမပြုရ။

(က) တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း၊ လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေမည့် အကြောင်းအရာများကိုဖော်ပြခြင်း၊

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်း တန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု အခွင့်အရေးတို့ကိုသော်လည်းကောင်း ထိခိုက်စေမည့် အကြောင်းအရာများကိုဖော်ပြခြင်း၊

(ဂ) ညစ်ညမ်းစာများကို ဖော်ပြခြင်း၊

(ဃ) ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှု၊ လောင်းကစားမှုနှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ပြစ်မှုကျူးလွန်ခြင်းတို့ကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းလို့ ပြဋ္ဌာန်းထားပါတယ်။ ဒါတွေကို ကျူးလွန်ဖောက်ဖျက်ရင်တော့ ငွေဒဏ် ကျပ်ဆယ်သိန်းမှ ကျပ်သိန်းသုံးဆယ်အထိ ဒဏ်တပ်ခံရမှာပါ။

ဒီတားမြစ်ထားချက်ထဲမှာ ကျွန်တော်တို့ပြောပြောနေတဲ့ Hate Speech 'အမုန်းစကား' တွေကိုမလုပ်ဖို့ တားမြစ်ထားတာလည်း ပါဝင်တယ်ဆိုတာ တွေ့နိုင်ပါတယ်။

သို့သော်လည်း အင်တာနက်ကွန်ရက်ကိုအသုံးပြုတဲ့ ဖေ့စ်ဘွတ်ခ်လို လူမှုကွန်ရက်အသုံးပြုသူတွေအတွက် ဒီလိုအမုန်းစကားတွေမရေးဖို့၊ မပြောဖို့၊ မဖြန့်ဝေဖို့ကိုတော့ 'ဆက်သွယ်ရေးဥပဒေ' မှာ ပြဋ္ဌာန်းမထားပါဘူး။ မမှန်ကန်တဲ့ သတင်းအချက်အလက်တွေကို မရိုးဖြောင့်တဲ့သဘောနဲ့ ဆက်သွယ်ခြင်း၊ ဖမ်းယူခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ချိခြင်း၊ သို့မဟုတ် ပေးဝေခြင်း သို့မဟုတ် ပါဝင်ဆောင်ရွက်ခြင်းတွေကိုသာ တားမြစ်ထားပါတယ်။

ဒါကြောင့် လူမှုကွန်ရက်တွေဖြစ်တဲ့ ဖေ့စ်ဘွတ်၊ တွစ်တာ၊ အင်စတဂရမ် စတာတွေသုံးစွဲတဲ့ နိုင်ငံသားတွေကို အမုန်းစကားတွေ မရေး၊ မပြော၊ မဖြန့်ဝေစေချင်ရင်တော့ ပုဒ်မ ၆၆ (ဃ) ကို ပြင်ဆင်ရင်းနဲ့ တစ်ဆက်တစ်စပ်တည်းဆောင်ရွက်သွားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

**ရဲထွန်း (သီပေါ)**

စာကိုး

:http://www.pyithuhluttaw.gov.mm jynfolYvTwfawmf Oya'qdkif&mrsm;

: The verge ; Donald Trump says Facebook and Twitter 'help him win'.

: Wikipedia.

**ကျွန်တော်** နဲ့ ဆရာဦးကိုနီ ရင်းနှီးသိကျွမ်းခြင်း မရှိပေမယ့် အမှတ်တရဖြစ်စေခဲ့တဲ့ ပတ်သက်မှုလေးတွေတော့ အနည်းအကျဉ်း ရှိခဲ့တာမို့ ဆရာဦးကိုနီကို သတိတရဖြစ်နေမိလို့ သည်စာကို ရေးသားမိခြင်းပါ။ ကြိုတင်ပြီးပြောထားချင်တာကတော့ ကျွန်တော်ဟာ ဘယ်ပါတီ၊ ဘယ်အဖွဲ့အစည်းမှာမှ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေသူမဟုတ်ဘဲ Stakeholder ကောင်းတစ်ယောက်ဖြစ်ချင်သူ နိုင်ငံသားတစ်ယောက်အနေနဲ့ ရင်ထဲမှာရှိတဲ့ စေတနာအရင်းခံအတိုင်း ဆင်ခြင်သုံးသပ်ထင်မြင်ယူဆချက်ကို ရေးသားမှာဖြစ်တဲ့အတွက် မကျေလည် မကျေနပ်သူများရှိခဲ့ပါရင် ဖြည့်နားလည်သည်းခံကြစေချင်ပါတယ်။

ဆရာဦးကိုနီလို့ဆိုရခြင်းက ကျွန်တော့်ရဲ့သင်ဆရာမဟုတ်ပေမယ့် သူ့စာအုပ်တွေကို ဖတ်ဖူးတဲ့အတွက်၊ သူ့ဟောပြောချက်တွေကို နားထောင်ဖူးတဲ့အတွက် မြင်ဆရာ ကြားဆရာဖြစ်တာမို့ ရိုသေမှုနဲ့ ဂါရဝပြုခြင်းဖြစ်ပါတယ်။

သူ့နာမည်ကိုကြားဖူးပြီး မကြာခင်မှာပဲ သူ့ရဲ့စာပေဟောပြောပွဲကို နားထောင်ခဲ့ရပါတယ်။ ဆရာဦးဝင်းတင်နဲ့အတူ တောင်ဒဂုံနိုကာယ်စာသင်တိုက်မှာ ဟောပြောခဲ့တာပါ။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ပတ်သက်ပြီး ဆရာဦးကိုနီရဲ့ဝေဖန်ထောက်ပြချက်တွေက ပရိသတ်ကို အပြည့်အဝ ညို့ယူဖမ်းစားနိုင်တာကတော့ အသေအချာပါပဲ။ ၂၀၁၃ ခု နှစ်ဆန်းပိုင်းကာလတွေကတည်းက သူဟာ ၂၀၀၈ အခြေခံဥပဒေ ကျွမ်းကျင်နှံ့စပ်သူတစ်ယောက်အဖြစ် ထင်ရှားလာခဲ့ပြီလို့ ဆိုရတော့မှာပါ။ စာပေလွတ်လပ်ခွင့် ရစကာလမှာ အတွေးစူးစူး အပြောရဲရဲနဲ့ ၂၀၀၈ အခြေခံဥပဒေပြင်ဆင်ဖို့ သို့မဟုတ် အသစ်ရေးဆွဲဖို့အတွက် ဦးဆောင်လှုပ်ရှားခဲ့သူအဖြစ် မှတ်တမ်းတင်နိုင်လောက်ပါတယ်။

> **'တပ်မတော်ဘက်က ပြောင်းချင်အောင်၊ ပြောင်းတတ်အောင်၊ ပြောင်းနိုင်အောင်၊ ပြောင်းရဲအောင်' ဘယ်လို နည်းပေါင်းစုံသုံးရမလဲဆိုတာ နိုင်ငံရေးသမားအားလုံး ညီညွတ်မှု၊ တစ်နည်းအားဖြင့် 'နိုင်ငံရေးတပ်ပေါင်းစု' ဖွဲ့စည်းနိုင်မှ ဖြစ်လိမ့်မယ်ဆိုတာကိုလည်း နက်နက်ရှိုင်းရှိုင်း နားလည်ပြီး နိုင်ငံရေးပါတီအားလုံး (ပြည်ခိုင်ဖြိုးပါတီပါမကျန်) ပူးပေါင်းနိုင်တဲ့ တစ်နေ့မှသာ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်လာလိမ့်မယ်လို့ပဲ ကျွန်တော်မြင်မိပါတယ်။**

ရှစ်လေးလုံး ၂၅ နှစ်ပြည့် ငွေရတုသဘင်အခမ်းအနားကျင်းပရာ MCC ခြံဝင်းမှာ ဆရာဦးကိုနီနဲ့ ဆုံပြန်ပါတယ်။ ဖြတ်သွားဖြတ်လာ နှုတ်ဆက်ရင်းနဲ့ ကျွန်တော်သိချင်တဲ့မေးခွန်းတစ်ခုကို မေးဖြစ်တာပါ။ "၁၉၄၇ ဖွဲ့စည်းပုံကာလတုန်းက မြန်မာနိုင်ငံမှာ တိုင်းရင်းသား ၁၄၅ မျိုး သတ်မှတ်ခဲ့တယ်ဆိုတာ ဟုတ်ပါသလား" ဆိုတော့ "၁၄၇ မျိုး သတ်မှတ်ခဲ့တယ်" လို့ သူကဖြေပါတယ်။ သမိုင်းကို စိတ်ဝင်တစားရှိလို့ မေးခဲ့ခြင်းမှတစ်ပါး အခြား ဘာအကြောင်းမှ နားမလည်ပေမယ့် လက်ရှိ ဖွဲ့စည်းပုံအရ တိုင်းရင်းသား ၁၃၅ မျိုးသာ သတ်မှတ်ထားတာမို့ပျက်ပြယ်သွားခဲ့ရတဲ့တိုင်းရင်းသားတွေအနေနဲ့ ကျေနပ်မှု မရှိလောက်ဘူးဆိုတဲ့အတွေးတော့ ဝင်မိသား။

သည့်နောက် ဆရာဦးကိုနီ ရေးသားတဲ့ '၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဘယ်လိုပြင်မလဲ' ဆိုတဲ့စာအုပ်ကို ဝယ်ဖတ်ဖြစ်ခဲ့ပါတယ်။ ကျွန်တော်နားမလည်တဲ့ အချက်အလက်တွေကို သူ့ဆီ တယ်လီဖုန်းနဲ့ ဆက်သွယ်မေးမြန်းတဲ့အခါမှာ လိုလိုချင်ချင် လှိုက်လှိုက်လှဲလှဲနဲ့ ဖြေကြားပေးတဲ့အတွက်လည်း အားရကျေနပ်ကျေးဇူးတင်ခဲ့ရပါတယ်။

ပုဒ်မ ၄၃၆(က)နဲ့ပတ်သက်ပြီး သူ့အတွေးအမြင်တစ်ခုကတော့ ကျွန်တော့်အနေနဲ့ မှတ်မှတ်ရရဖြစ်လောက်အောင် စွဲထင်ကျန်ရစ်စေခဲ့ပါတယ်။

ပုဒ်မ ၄၃၆(က) က သည်လိုဆိုထားပါတယ်။

၄၃၆ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁) ပုဒ်မ ၁ မှ ၄၈ ထိ၊ အခန်း (၂) ပုဒ်မ ၄၉ မှ ၅၆ ထိ၊ အခန်း (၃) ပုဒ်မ ၅၉၊ ၆၀၊ အခန်း (၄) ပုဒ်မ ၇၄၊ ၁၀၉၊ ၁၄၁၊ ၁၆၁၊ အခန်း(၅) ပုဒ်မ ၂၀၀၊ ၂၀၁၊ ၂၄၈၊ ၂၇၆၊ အခန်း (၆) ပုဒ်မ ၂၉၃၊ ၂၉၄၊ ၃၀၅၊ ၃၁၄၊ ၃၂၀၊ အခန်း (၁၁) ပုဒ်မ ၄၁၀ မှ ၄၃၂ ထိ၊ အခန်း(၁၂) ပုဒ်မ ၄၃၆ တို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်...တဲ့။

တည့်တည့်ဆိုရလျှင် ပြည်ထောင်စုလွှတ်တော်မှာ တပ်မတော်သား




လွှတ်တော်ကိုယ်စားလှယ်တွေကပါ ပြင်ဆင်ဖို့ထောက်ခံကြစေဦးတော့ တကယ်တမ်းပြင်ဆင်တဲ့အခါ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခဲ့ချိန်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ထက်ဝက်ကသာ မဲမပေးဘဲနေခဲ့ရင် ပြင်လို့မရနိုင်တော့ဘဲ ဖြစ်နေပါတယ်။ ဖွဲ့စည်းပုံပြင်ဆင်ဖို့အတွက် ဆန္ဒခံယူပွဲကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံးရဲ့ထက်ဝက်က မဲပေးဖို့အရေးဟာလည်း အခက်ခဲဆုံးဖြစ်တယ်လို့ ဆရာဦးကိုနီက ထင်မြင်ယူဆသုံးသပ်ပြပါတယ်။ ဒါဟာ တော်တော်စဉ်းစားသင့်တဲ့အချက်ဖြစ်တာ အမှန်ပါပဲ။ (ပြည်သူလူထုရဲ့စိတ်ဝင်စားမှုရေချိန် အနိမ့်အမြင့်နဲ့ သက်ဆိုင်လွန်းနေလို့ပါ။)

နောက်ပြီးတော့ အခန်း (၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း သတ်မှတ်နည်းလမ်း '(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ' လို့ ဆိုပြန်တဲ့အတွက် 'အခြားအဆို' ရဲ့အဓိပ္ပာယ်သတ်မှတ်ချက် တိကျမှုမရှိခြင်း အခြေခံပေါ်မှာ သဘောထားကွဲလွဲမှုတွေ ဖြစ်ပေါ်လာနိုင်တာကိုလည်း ဝေဖန်ထောက်ပြခဲ့ပါတယ်။ ဒါလည်း စဉ်းစားစရာတစ်ခုအဖြစ် ဗဟုသုတတိုးပွားစေခဲ့တာအမှန်ပါ။ (ပေရှည်လာနိုင်တာကိုး။)

ကျွန်တော်ကတော့ နိုင်ငံတစ်ခုကောင်းဖို့အတွက်ဆိုရင် လူရော၊ မူရော ကောင်းဖို့ လိုအပ်တယ်လို့ မြင်တဲ့အပေါ်မှာ နိုင်ငံတစ်ခုရဲ့ 'မူ' ဟာ 'ဖွဲ့စည်းပုံအခြေခံဥပဒေ' လို့ ရိုးရိုးရှင်းရှင်းပဲမြင်တဲ့အတွက် မူမကောင်းရင် လူတွေ ဘယ်လောက်ကောင်းကောင်း ကြီးပွားအောင်မြင်တိုးတက်အောင် လုပ်နိုင်ဖို့အတွက် အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲမျိုးစုံက တစ်ချိန်မဟုတ်တစ်ချိန်၊ တစ်နေရာမဟုတ် တစ်နေရာမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ပေါ်ပေါက်နေမှာပါ။ ဒါဟာ ငြင်းပယ်လို့မရနိုင်တဲ့ ဓမ္မသဘာဝပဲ ဖြစ်ပါတယ်။ ဒီလို ဓမ္မသဘာဝရဲ့အောက်မှာ လူတွေဟာ သိလျက်နဲ့ဖြစ်စေ၊ မသိသားဆိုးရွားစွာပဲဖြစ်စေ ပြောဆို၊ ပြုမူ၊ ဆောင်ရွက်၊ လုပ်ကိုင်ပြီး လောကကြီးကို ဖြစ်တည်စေတာပဲ မဟုတ်ပါလား။ (ကောင်းကျိုး ဆိုးကျိုးဟာ လောကခံတွေပါ)။

မြောက်ဥက္ကလာပမြို့နယ် စာပေဟောပြောပွဲတစ်ခုမှာ ဦးကိုနီနဲ့ ကိုမြအေးတို့ကို ဟောပြောခွင့်မပေးနိုင်ဘူးဆိုပြီး ဘုန်းဘုန်းအပါး ၃၀ ခန့်က ဆန္ဒပြဆန့်ကျင်ကြတဲ့အတွက် စာပေဟောပြောပွဲ ပျက်ပြားခဲ့ရပါတယ်။ အဲဒီလိုမျိုးဖြစ်ရခြင်းကိုတော့ စာပေမြတ်နိုးသူတစ်ယောက်ဖြစ်တဲ့ ကျွန်တော် မနှစ်သက်ခဲ့ပါဘူး။ ဒါကြောင့် 'သာသနာ့ဦးသျှောင်၊ မဟာနာယက ဆရာတော်ကြီးများထံသို့ အိတ်ဖွင့်လျှောက်တင်စာ' ဆိုပြီး 'ပြည်သူ့ဆန္ဒ' ဂျာနယ်ကတစ်ဆင့် ခါတ်ပုံ၊ လိပ်စာနဲ့တကွ ရေးသားဖော်ပြခဲ့ပါတယ်။ ဘုန်းဘုန်းတွေရဲ့လုပ်ရပ်ကို ဝေ့လည်ကြောင်ပတ် စွပ်စွဲမနေဘဲ ဘုန်းတော်ကြီးတွေထံ တင်ပြလျှောက်ထား တိုင်ကြားပြီး ရဟန်းချင်းဖြေရှင်းပေးဖို့ တောင်းဆိုလိုက်ခြင်းပါပဲ။ နားမလည်သူအချို့က ကျွန်တော့်ကို အကြီးအကျယ် မကျေမနပ်ဖြစ်ပြီး တယ်လီဖုန်းကတစ်ဆင့် ပြစ်တင်ဆဲဆိုကြတာ ခံရပါတယ်။ ဒီလိုရေးရင် ဒီလောက်တော့ ခံရမယ်ဆိုတာ ကြိုတင်တွက်ဆပြီးသားဖြစ်တာမို့ စိတ်မကောင်းဖြစ်ပေမယ့် တုံ့ပြန်ခြင်း မပြုခဲ့ပါဘူး။ ကိုယ်ရေးတဲ့စာကို စိတ်ဝင်စားကြတဲ့သူအားလုံးအပေါ် အထူးကျေးဇူးတင်ရမှာပဲလေ။

တရားဥပဒေစိုးမိုးမှု ငြိမ်းချမ်းရေးအစစ်အမှန်ကို ရမယ်ဆိုတာ လူသားအားလုံး နားလည်လက်ခံကြပြီးသား။ ဘာသာရေးနယ်ပယ်က တရားနဲ့မညီတဲ့လုပ်ရပ်တွေကိုတွေ့ရင် တရားသဖြင့် ဖွဲ့စည်းထားတဲ့ ဘာသာရေးအဖွဲ့ အကြီးအကဲတွေထံကို တရားနည်းလမ်းကျစွာ တိုင်ကြားရမှာဖြစ်သလို ဥပဒေမဲ့လုပ်ရပ်တွေကို ကြုံတွေ့ရင်လည်း ဥပဒေနဲ့အညီ ဖွဲ့စည်းထားတဲ့အာဏာပိုင်အကြီးအကဲ အဆင့်ဆင့်ထံကို ဥပဒေ၊ နည်းဥပဒေအတိုင်းပဲ တိုင်ကြားအရေးယူရမှာ ဖြစ်ပါတယ်။ ရှင်းရှင်းလေး။

တရားနဲ့မညီတဲ့ဥပဒေတွေ ပေါ်ပေါက်လာတယ်လို့ ယူဆကြတဲ့အခါမှာ တည်ဆဲဥပဒေအရ အာဏာပိုင်နေသူတွေ၊ အင်အားကြီးသူတွေနဲ့ ဥပဒေကို လက်မခံနိုင်သူတွေ၊ အာဏာမဲ့သူတွေ၊ အင်အားချည့်နဲ့သူတွေ အကြီးအကျယ်ပြဿနာတက်ကြပြီး လွတ်လပ်စွာ ရေးသားပြောဆိုခွင့်ကို ပါ ပိတ်ပင်ခံရပြီဆိုရင်တော့ လက်နက်စွဲကိုင်တိုက်ပွဲဝင်ကြတဲ့အထိ ပဋိပက္ခကြီးထွားလာကာ အသက်အိုးအိမ်စည်းစိမ်တွေ အလဟဿ ဆုံးရှုံးရတဲ့ ဖြစ်ရပ်ဆိုးကြီးတွေ ပေါ်ပေါက်ရတာပါပဲ။

ကျွန်တော်တို့နိုင်ငံရဲ့သမိုင်းကိုကြည့်ရင် ၁၉၄၇ ခု ဖွဲ့စည်းပုံဥပဒေကို မကျေနပ်လို့ ၁၉၄၈ ခု ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာ ကရင်တိုင်းရင်းသား လေးသိန်းလောက် ဆန္ဒပြခဲ့တယ်လို့ ၂၁ ရာစု ပင်လုံညီလာခံတွေ့ဆုံပွဲမှာ ပြောကြပါတယ်။ အဲဒီနောက် လက်နက်ကိုင်အဖွဲ့မျိုးစုံ ပေါ်ပေါက်လာကာ ပြည်တွင်းစစ်ဖြစ်ခဲ့တာတွေကို အကြောင်းပြုပြီး ၁၉၆၂ ခုနှစ်မှာ တပ်မတော်က အာဏာသိမ်းရခြင်းဖြစ်တယ်လို့ တပ်မတော်ဘက်က ရှင်းလင်းပါတယ်။ (စေတနာအမှန်အမှားက သတ်သတ်ပါ)။

နောက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီးပြန်တော့လည်း ၁၄ နှစ်အကြာမှာ ရှစ်လေးလုံး လူထုအုံကြွမှုကြီး ပေါ်ပေါက်ပြီး ဖွဲ့စည်းပုံဖျက်သိမ်းရေးကိုပဲ တောင်းဆိုရပြန်ပါတယ်။ တပ်မတော်က အာဏာပြန်သိမ်းပြီး အနှစ် ၂၀ ကြာတဲ့အခါ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုတာပါ။ ဒီ ၂၀၀၈ ဖွဲ့စည်းပုံကိုတော့ ကမ္ဘာ့နိုင်ငံအများစုကတောင် တအံ့တဩဖြစ်ရလောက်အောင် 'အပြုလွယ် အပြင်ခက်' ဖွဲ့စည်းပုံအဖြစ် သတ်မှတ်ခံခဲ့ရတဲ့အထိ ကမ္ဘာ့ရာဇဝင်မှာ မှတ်တမ်းဝင်ခဲ့ရပါတယ်။ ပြင်ဖို့လိုအပ်ကြောင်းကို ပြုသူတွေကိုယ်တိုင်က တွင်တွင်ဝန်ခံနေကြပြီး ပြင်လို့မရနိုင်လောက်အောင် ခက်နေတဲ့အတွက် မြန်မာ့နိုင်ငံရေးဟာ ထွက်ပေါက်ပိတ်ပြီး 'ရွာလည် တိုင်ပတ်' နေတာကို လည်ပတ်သူတွေက 'ရောယိမ်းလိုက် ဘသားယိမ်းလိုက်' လုပ်နေကြလေတော့ 'နေမြင့်လေ အရှူးရင့်လေ' ဆိုတာလို ဆပ်ပြာပူဖောင်းကြီးက တစ်နေ့တခြား ကြီးထွားတင်းကားလာနေပြီး ပေါက်ထွက်တဲ့တစ်နေ့မှာ ဇာထိဆိုရင် ခံလိုက်ကြရမှာကတော့ အခြေခံပြည်သူတစ်ရပ်လုံးပါပဲနော့။ (တကယ်တော့ လည်ပတ်သူတွေလည်း စိတ်ဆင်းရဲရတာပါပဲ။)

ဘယ်လိုနောက်ခံအကြောင်းရင်းတွေရှိလို့ လုပ်ကြံခံရတယ်ဆိုတာ ကျွန်တော် မသိပါဘူး။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဖို့၊ အသစ်ရေးဆွဲဖို့အတွက် တစိုက်မတ်မတ်ပြောဆိုနေသူတစ်ယောက် အခုလိုအဖြစ်ဆိုးကြုံရတာကတော့ နိုင်ငံသားအများစုမျှော်လင့်နေတဲ့ ဖွဲ့စည်းပုံပြုပြင်ရေးလမ်းခရီးအတွက် အတိတ်နိမိတ်ရဲ့အလားအလာမကောင်းခြင်းသဘောသက်ဝင်နေတာအမှန်ပါ။

အနိုင်ရပါတီရဲ့ဥပဒေရေးရာကျွမ်းကျင်သူ၊ ဗုဒ္ဓဘာသာဝင်မဟုတ်သူတစ်ဦးဖြစ်နေတဲ့အတွက် ပါတီနိုင်ငံရေးအမြင်၊ လူမျိုးရေး၊ ဘာသာရေးအမြင်သက်သက်နဲ့ ဝေဖန်ရေးပေးနေကြတဲ့ FB ပရိသတ်တွေကလည်း များလွန်းတော့ နိုင်ငံတော်လုံခြုံရေးအတွက် အထူးသတိထားရမယ့် အခြေအနေလည်းဖြစ်ပါတယ်။ နိုင်ငံငယ်တစ်ခုအရေးကို နိုင်ငံကြီးတွေက ခြယ်လှယ်စွက်ဖက်တတ်တာမျိုးကလည်း ရှိသေး။

တကယ်ဆိုတော့ 'ဆန်စဉ်ရာ ကျည်ပွေ့လိုက်' ထောင်းနေရုံနဲ့တော့ ကောင်းလာဖို့အကြောင်း နည်းပါတယ်။ 'ဆုံ' နဲ့ 'မောင်း' ကို ပြောင်းမှဖြစ်တော့မှာပါ။ မြန်မြန်ကိုပြောင်းရမှာ။

ဗုဒ္ဓသာသနာတော်ကို နှစ်ပေါင်းနှစ်ထောင့်ခြောက်ရာကျော် တည်တံ့အောင် လက်ယာတော်ရံ အရှင်သာရိပုတ္တရာနဲ့ လက်ဝဲတော်ရံ အရှင်မဟာမောဂ္ဂလ္လာန်တို့က စတင်တာဝန်ယူစောင့်ရှောက်ခဲ့ရတာပါ။ 'ပညာ' နဲ့ 'အင်အား' နှစ်ပါးစုံ ညီညွတ်စွာနဲ့ သာသနာပြုမှ အရှည်ခိုင်ခံ့နိုင်ပါတယ်။ 'အဘိဓမ္မာ' က 'ပညာ'၊ 'ဝိနည်း' က 'အင်အား'၊ နှစ်ပါးစုံ ညီညွတ်စွာနဲ့ သာသနာပြုမှ အရှည်ခိုင်ခံ့နိုင်ပါတယ်။ 'အဘိဓမ္မာ' က 'ပညာ'၊ 'ဝိနည်း' က 'အင်အား' လို့ဆိုရင်လည်း မမှားနိုင်ပါဘူး။ နိုင်ငံတစ်ခု တည်ဆောက်ရာမှာလည်း နိုင်ငံရေးသမားတွေက 'ပညာ' ဖြစ်ပြီး တပ်မတော်က 'အင်အား' ဖြစ်ပါတယ်။ ပညာနဲ့အင်အား ညီညွတ်ဖို့ အထူးအရေးကြီးပါတယ်။

ညီဖို့အတွက် ဇွတ်အတင်း မညှိပါနဲ့။ ညှိရင်ငြိတတ်ပါတယ်။ အားလုံးသဘောပေါက်ရမှာကတော့ တစ်ဦးကိုတစ်ဦး ဦးညွှတ်ပေးကြဖို့ပါ။ ညွှတ်လို့ညွှတ်သွားပြီဆိုရင် ညီသွားတာပါပဲ။ ညီညွတ်မှ ငြိမ်းအေးပြီး ချမ်းသာခြင်းသုခနဲ့ပြည့်စုံတဲ့ နိုင်ငံတော်ကြီးဖြစ်မှာမို့ နှစ်ဖက်စလုံးက အပြန်အလှန် ဦးညွှတ်၊ စိတ်ညွှတ်ကြဖို့ပါပဲ။ နိုင်ငံရေးအဖွဲ့တွေရော၊ တပ်မတော်ကိုရော မြေစာပင် ပြည်သူတစ်ရပ်လုံးကိုယ်စား ကျွန်တော် တောင်းဆိုပါရစေ။ (ဦးညွှတ်တယ်ဆိုတာ အလျှော့အရှုံးပေးတာလို့ မယူဆဖို့လည်း ပန်ကြားချင်ပါတယ်။)

နိုင်ငံရေးသမားတွေအနေနဲ့ တပ်မတော်က ပြောင်းပေးမှဖြစ်နိုင်မယ်ဆိုတာကို နားလည်ကြပြီးသားဖြစ်တာမို့ 'တပ်မတော်ဘက်က ပြောင်းချင်အောင်၊ ပြောင်းတတ်အောင်၊ ပြောင်းနိုင်အောင်၊ ပြောင်းရဲအောင်' ဘယ်လို နည်းပေါင်းစုံသုံးရမလဲဆိုတာ နိုင်ငံရေးသမားအားလုံး ညီညွတ်မှု၊ တစ်နည်းအားဖြင့် 'နိုင်ငံရေးတပ်ပေါင်းစု' ဖွဲ့စည်းနိုင်မှ ဖြစ်လိမ့်မယ်ဆိုတာကိုလည်း နက်နက်ရှိုင်းရှိုင်းနားလည်ပြီး နိုင်ငံရေးပါတီအားလုံး (ပြည်ခိုင်ဖြိုးပါတီပါမကျန်) ပူးပေါင်းနိုင်တဲ့တစ်နေ့မှသာ ဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်လာလိမ့်မယ်လို့ပဲ ကျွန်တော်မြင်မိပါတယ်။

အလုပ်လုပ်သူအားလုံးကို လေးစားအားကိုးပါတယ်ခင်ဗျား။

**စိုးမိုး (ပါရနိုင်း)**

# “စီးပွားရေးနှေးနေတာကြောင့် စတော့တွေ ဈေးကျနေတာပေါ့”

## ဒေါက်တာမောင်မောင်သိမ်းနှင့် တွေ့ဆုံခြင်း

အောင်သီဟထွန်း

**မြန်မာနိုင်ငံ၏ စတော့ရှယ်ယာဈေးကွက် ရန်ကုန်စတော့အိတ်ချိန်း တစ်နှစ်သက်တမ်းကျော်လာသည့် အချိန်တွင် အရောင်းအဝယ်အေးပြီး ကုမ္ပဏီများ၏ရှယ်ယာဈေးနှုန်းများ ကျဆင်းနေသည့် အခြေအနေနှင့် နောင်လာမည့် ဈေးကွက်အလားအလာများနှင့်ပတ်သက်၍ ရန်ကုန်စတော့အိတ်ချိန်း စတင်တည်ထောင်စဉ်က အဓိကပါဝင်ဆောင်ရွက်ခဲ့သော ယခင်အစိုးရလက်ထက် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး (ငြိမ်း) ဒေါက်တာမောင်မောင်သိမ်းနှင့် The Voice က တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြအပ်ပါသည်။**



ဓာတ်ပုံ-အောင်နိုင်

**Voice : လက်ရှိဈေးကျနေတဲ့ စတော့ဈေးကွက်အပေါ် ဆရာ့အမြင်ဘယ်လိုရှိလဲ။**

**Dr. MMT** : လက်ရှိကတော့ စတော့ဈေးကျနေတာပေါ့။ ဒီမှာ ဈေးကွက်တစ်နှစ်သားလောက်ပဲ ရှိသေးတယ်။ ဒါကြောင့် ဈေးကျနေတာလည်း ပါတယ်။ နောက်တစ်ခုက နိုင်ငံတော်ရဲ့ စီးပွားရေးကလည်း နှေးနေတဲ့အချိန် ဖြစ်နေတယ်။ စီးပွားရေးတက်မှလည်း စတော့တွေက ဈေးတက်တာဆိုတော့ ဈေးကွက်ရဲ့အသက် နုနေသေးတာရယ်၊ နိုင်ငံရဲ့စီးပွားရေး နှေးနေတာကြောင့် စတော့တွေ ဈေးကျနေတာပေါ့။

**Voice : နောက်တစ်ခုက FMI တို့၊ သီလဝါ MTSH တို့ အရင်စတုန်းက လူစိတ်ဝင်စားမှု မြင့်တက်ခဲ့တယ်။ နောက်ထပ် Player နှစ်ခုဖြစ်တဲ့ ဘဏ်လုပ်ငန်းနှစ်ခုကြောင့် ဒီလိုမျိုး စိတ်ဝင်စားမှုလျော့ကျတာလား။**

> Great HORKHAN ကတော့ ရှယ်ယာအသစ်တွေ ထုတ်ရောင်းမယ်ဆိုတော့ လူတွေရဲ့အမြင်မှာ ဆန်းသွားမှာပေါ့။ အဲဒီမှာလည်း မြန်မာစတော့ရှယ်ယာဈေးကွက်က တစ်ခေတ်ဆန်း သွားနိုင်တယ်

**Dr. MMT** : Player တွေကြောင့်တော့ မဟုတ်ဘူး။ အဓိကက ဘာလဲဆိုရင် ပြည်သူလူထုတွေရဲ့စိတ်ဝင်စားမှုအပေါ်ပဲ မူတည်တယ်။ စတော့အိတ်ချိန်းကလည်း မြန်မာပြည်မှာ အခုမှပေါ်တာလည်းပါတယ်။ အခုမှ လူတွေကစသိတယ်။ ကျယ်ကျယ်ပြန့်ပြန့် မသိတာလည်း ပါတာပေါ့။ သူတို့ (YSX) ကလည်း လူတွေကျယ်ကျယ်ပြန့်ပြန့်သိအောင် ကြိုးစားနေကြတယ်။ ကိုယ့်တုန်းကတော့ ကိုယ်တိုင် စတော့နဲ့ သက်ဆိုင်တဲ့ ဟောပြောပွဲတွေ လုပ်ခဲ့တယ်။ နယ်တွေမှာ ဒုဝန်ကြီးအဖြစ်နဲ့။ ဘယ်သူမှ ဟောပြောပွဲမလုပ်ခဲ့ဘူး။ ကိုယ်ပဲ ဒုဝန်ကြီးကိုယ်တိုင် ဟောပြောပွဲလိုက်လုပ်တော့ လူတွေက စိတ်ဝင်စားမှုပိုတာပေါ့။ နောက်ပိုင်းကျတော့ အဲဒါတွေလည်း နည်းနည်းလေး အားနည်းသွားတာ တွေ့ရတယ်။ အခုတော့ ပြန်လုပ်ဖို့ လုပ်နေကြတယ်။ အဓိကကတော့ မြန်မာပြည်စီးပွားရေးနှေးတာရယ်၊ သက်တမ်းငယ်သေးတယ် နုသေးတာတွေကြောင့် ကျတာ။ ဒါပေမဲ့ အခုအခွန်ကင်းလွတ်ခွင့်တွေ၊ သက်သာခွင့်တွေပေးမယ် ဘာမယ်ဆိုရင် စာရင်းတင်မယ့် ကုမ္ပဏီတွေလည်း တိုးလာမယ့်အနေအထားရှိတယ်။ အခုကလည်း စာရင်းတင်နေတဲ့ ကုမ္ပဏီတွေ ကိုယ်တိုင်ကလည်း လောဘမကြီးဘဲ ဈေးတွေကို ပုံမှန်ဈေးနဲ့ပဲ ထုတ်ရောင်းဖို့လိုတာပေါ့။ စရောင်းကတည်းက သူက ပေါက်ဈေးထက် တအားမြှင့်ထားရင်တော့ ဘယ်သူကဝယ်မှာလဲ။ လူတွေက အညံ့တွေမှ မဟုတ်တာ။ အဲဒါတွေလည်း ပါမှာပေါ့။

**Voice : နောက်တစ်ခုက YSX ဘက်ကလည်း ပြောတယ်။ တချို့စီးပွားရေးအဖွဲ့အစည်းတွေကလည်း မြန်မာပြည်ရဲ့ စတော့ဈေးကွက်က ဖြည်းဖြည်းနဲ့ မှန်မှန်လေး ဖွံ့ဖြိုးနေတယ်ပေါ့။ တခြားအရင်လုပ်နေတဲ့ အိမ်နီးချင်းနိုင်ငံတွေထက်လည်း အခြေအနေပိုကောင်းတယ်ပေါ့။ အဲဒီအပေါ် ဆရာ့အမြင်ကရော။**

**Dr. MMT** : အကောင်းဆုံးကတော့ ရုတ်တရက် ခုန်ပြန်ကျော်လွှား တက်သွားမယ့်အစား ဖြည်းဖြည်းပေါ့ကွာ။ တို့က စတော့မရှိဘဲ နေခဲ့တာပဲ နှစ်ပေါင်း ၆၀ ကျော်နေပါပြီ။ အဲဒီတော့ အခုနှစ်ပေါင်း ၆၀ တောင် နေလို့ရနေမှာတော့ စတော့ရှိနေတဲ့အချိန်မှာလည်း အေးအေးသက်သာနဲ့ တက်သွားဖို့ပဲလိုတာ။ အဲဒီ ခုန်ပြန်ကျော်လွှား တက်တာကြီးက မှားတယ်လေ။ ဖြည်းဖြည်းနဲ့ လိုမ့်လိုမ့်ပြီးတက်လာမယ့် အနေအထားရှိတာပေါ့။

**Voice : ၂၀၁၇ ထဲမှာပဲ ရှယ်ယာသစ်ထုတ်ရောင်းမယ့် Great HORKHAN ဝင်လာရင်ရော ဈေးကွက်ဘယ်လိုပြောင်းလဲနိုင်မလဲ။**

**Dr. MMT** : သူဝင်လာမယ်ဆိုရင်တော့ မြင်ကွင်းပြောင်းသွားမှာပေါ့။ အခုဟာက ရှယ်ယာရောင်းနေတဲ့ ကုမ္ပဏီတွေက ရှယ်ယာအဟောင်းတွေကိုပဲ မွမ်းမံပြီး ရောင်းနေတာဆိုတော့ ရှယ်ယာအသစ် ထုတ်ရောင်းတာမဟုတ်ဘူးလေ။ Great HORKHAN ကတော့ ရှယ်ယာအသစ်တွေ ထုတ်ရောင်းမယ်ဆိုတော့ လူတွေရဲ့အမြင်မှာ ဆန်းသွားမှာပေါ့။ အဲဒီမှာလည်း မြန်မာစတော့ရှယ်ယာဈေးကွက်က တစ်ခေတ်ဆန်းသွားနိုင်တယ်။

**Voice : နောက်ဆုံးအနေနဲ့ စတော့ဈေးကွက်ဖွံ့ဖြိုးဖို့အတွက် ဘာလိုအပ်ချက်တွေ ရှိနေဦးမလဲ။**

**Dr. MMT** : လိုအပ်ချက်ကတော့ ရှိနေမှာပေါ့လေ။ တဖြည်းဖြည်း ပြင်နေရမှာပေါ့။ အခုလောလောဆယ်မှာ စတော့နဲ့ပတ်သက်နဲ့ ပညာပေးတဲ့လုပ်ငန်းများများလုပ်ပေးရမယ်။ အဲဒါမှ လူထုရဲ့စိတ်ဝင်စားမှုကိုရမယ်။ သူ (YSX) လုပ်နိုင်တာလည်း အဲဒါကိုပဲ များများလုပ်ပေးဖို့ လိုတယ်။

**Voice : အခုလိုဖြေကြားပေးတာ ကျေးဇူးတင်ပါတယ်။** ■

**အောင်သီဟထွန်း**

# ဘဏ်ကတ်များ အာရှတွင်သုံးနိုင်ရန် APN အဖွဲ့သို့ဝင်ရောက်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ပြည်တွင်းရှိ MPU ကတ်များ အာရှတိုက်အတွင်း သုံးစွဲခွင့်ရစေရေးအတွက် အာရှငွေပေးချေမှုကွန်ရက် (Asian Payment Network -APN) သို့ ဝင်ရောက်မည်ဖြစ်ကြောင်း Myanmar Payment Union (MPU) အဖွဲ့ထံမှ သိရသည်။

ယခင်နှစ်က ယင်းအဖွဲ့သို့ဝင်ရောက်ရန်ပြင်ဆင်ခဲ့သော်လည်း အဆင်သင့်မဖြစ်သေးသောကြောင့် ယခုနှစ် ဧပြီလတွင် လျှောက်လွှာတင်ရန် လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ကတ်အဆင့်မြှင့်တင်မှုများ ဆောင်ရွက်နေပြီး နည်းပညာပိုင်းကို တရုတ်နိုင်ငံအခြေစိုက် ကတ်ကုမ္ပဏီမှ အဓိကကူညီပေးမည်ဖြစ်ကြောင်း MPU အဖွဲ့၏ ဥက္ကဋ္ဌဟောင်း ဦးမြသန်းက ပြောကြားသည်။

“လက်ရှိတော့ ပြည်ပမှာ ပိုက်ဆံသုံးချင်ရင် ပြည်ပကတ်ကုမ္ပဏီတွေနဲ့ ချိတ်ဆက်နေရတာရှိတယ်။ အဲဒီအဖွဲ့ဝင်ဖြစ်ရင် ပြည်တွင်းကထုတ်တဲ့ ဘယ်ကတ်ပဲဖြစ်ဖြစ် အာရှမှာရှိတဲ့ စက်အားလုံးမှာ ငွေထုတ်နိုင်တယ်၊ ငွေချေနိုင်တယ်” ဟု ၎င်းကဆိုသည်။

APN အဖွဲ့ဝင်ဖြစ်သွားပါက မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများကြားတွင် ငွေပေးချေမှု၊ ငွေလွှဲပြောင်းမှုနှင့် အွန်လိုင်းဈေးဝယ်မှု လုပ်ငန်းများမှာ ပိုမိုလျင်မြန်လာမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်လိုသည့်နိုင်ငံများမှာ National Payment Network ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ကတ်လုပ်ငန်းမှာ နောက်ကျသော်လည်း နိုင်ငံအဆင့်ငွေပေးချေမှုအဖွဲ့ကို သီးသန့်ထပ်ဖွဲ့ရန်မလိုအပ်ကြောင်း ဦးမြသန်းက ရှင်းပြသည်။

MPU က ယင်းကဲ့သို့ အာရှအဖွဲ့အစည်းနှင့်ချိတ်ဆက်မှုမှာ ကောင်းမွန်သောအလားအလာဖြစ်ပြီး ပြည်တွင်းရှိ ငွေပေးချေမှုများတွင် ကတ်သုံးစွဲမှုမှာ ပိုမိုတွင်ကျယ်လာနိုင်ကြောင်း၊ သုံးစွဲမှုများပြားလာသည်နှင့်အတူ သက်ဆိုင်ရာ ကတ်ထုတ်သည့်ဘဏ်များကလည်း ဝန်ဆောင်မှု ပိုကောင်းစေရန်ဆောင်ရွက်သင့်ပြီး အကြွေးဝယ်ကတ်သုံးစွဲမှု တွင်ကျယ်စေရန် ဆောင်ရွက်သင့်ကြောင်း ဘဏ်လုပ်ငန်းရှင်တစ်ဦးက ပြောဆိုသည်။

MPU အနေနှင့် ပြည်တွင်း၌ ငွေပေးချေသည့်ကတ် (Debit Card)နှင့် အကြွေးဝယ်ကတ် (Credit Card)များ ထုတ်ထားပြီး လက်ရှိအချိန်၌မူ ငွေပေးချေသည့်ကတ်များသာ သုံးစွဲမှုများပြားနေကြောင်း၊ အကြွေးဝယ်ကတ်များကို ပြည်တွင်းဘဏ် လေးခုခန့်ကသာ ထုတ်ထားသောကြောင့် သုံးစွဲသူနည်းပါးနေသေးကြောင်း ၎င်းကဆိုသည်။ ■ J-13

# Selife ရိုက်တင်မယ်ဆိုရင် ဘာတွေရှောင်ရမလဲ

**လူမှုကွန်ရက်ပေါ်မှာ Selfie ပုံတွေရိုက်တင် ကြတာကိုတချို့ကတော့ သဘောမကျကြပါဘူး။ ဘာပဲဖြစ်ဖြစ် ကိုယ်ဘယ်ရောက်ခဲ့တယ်၊ ဘာလုပ်ခဲ့တယ်ဆိုတဲ့ အမှတ်တရအချိန်လေးတွေတော့ လူတိုင်းမှာရှိတတ်တာပဲလေ။ ဒီလိုပျော်ရွှင်စရာ အမှတ်တရအချိန်တွေကို မှတ်တမ်းတင်ထားမယ်ဆိုရင် တစ်ချိန်မှာ ပြန်ကြည့်တိုင်း ကိုယ့်ရဲ့နှပျိုခဲ့တဲ့အရာတွေကို ပြန်လည်ခံစားနိုင်မှာပါ။ ဒါပေမဲ့ Selfie ရိုက်တာက ယာဉ်မောင်းလိုင်စင်တို့၊ မှတ်ပုံတင်တို့၊ ဝန်ထမ်းကတ်တို့မှာ သုံးဖို့အတွက်မှ မဟုတ်တာ။ လှလှပပဖြစ်အောင် ဘယ်လို ရိုက်ကြမလဲ၊ ဘာတွေရှောင်ဖို့လိုမလဲဆိုတာ ကြည့်ရအောင်။**

## ပခုံးတွေ တန်းမနေစေနဲ့

Selfie ရိုက်ကျွမ်းကျင်သူတွေကတော့ ဒါကို ရှာဖွေတွေ့ရှိပြီးဖြစ်ပါလိမ့်မယ်။ ဒါပေမဲ့ အများစုမှာ တွေ့ရတာက ဓာတ်ပုံထဲမှာ ပခုံးတွေက ဖုန်းရဲ့မျက်နှာပြင်ဘောင်နဲ့ တစ်တန်းတည်းဖြစ်နေတာပါပဲ။ ခပ်ရှင်းရှင်းပြောရရင် တောင့်တောင့်ကြီး ဖြစ်နေတာပေါ့။ ဒါဆိုဘယ်လိုလုပ်မလဲ။

ဖုန်းကို ဘယ်ဘက် သို့မဟုတ် ညာဘက်ကို နာရီလက်တံအတိုင်း အသာအယာ လှည့်ကြည့်သွားပါ။ ဘယ်အခြေအနေမှာ အဆင်အပြေဆုံးဖြစ်မလဲရွေးချယ်ပါ။ ဒါဆိုရင် အဆင်ပြေမယ်မဟုတ်လား။

## အသစ်တစ်ခုခုပေးပါ

လူမှုကွန်ရက်မှာတင်ဖို့အတွက် ဆိုပါစို့။ မနေ့ကလည်း Selfie ပုံတစ်ပုံတင်ပြီးပြီး မဟုတ်လား။ ဒီနေ့အတွက် ထပ်တင်ရတဲ့ အကြောင်းအရင်းက ဘာလဲ။ နားဆွဲအသစ်လား၊ မိတ်ကပ်လိမ်းခြယ်မှုလား၊ နှုတ်ခမ်းနီလား ဒါမှမဟုတ် ဆံပင်ပုံစံအသစ်လား။ Selfie ပုံတွေတိုင်းမှာ ထူးခြားတာလေးတစ်ခု ပါနေတယ်ဆိုရင် ဒါက တကယ်စိတ်ဝင်စားဖို့ ကောင်းပါ တယ်။ အလကားနေရင်း လက်နှစ်ချောင်းထောင်ပြီး ရိုက်နေတဲ့ပုံတွေကတော့ ပျင်းရိစရာပါပဲ။

## ကင်မရာခလုတ်နှိပ်ဖို့ လွယ်ရဲ့လား

Selfie ပုံကောင်းတစ်ပုံရဖို့က Selfie Stick နဲ့မဟုတ်ရင် သိပ်တော့မလွယ်လှပါဘူး။ မကျွမ်းကျင်သူတွေကို အကြံပြုချင်တာက ဖုန်းကို လက်နှစ်ဖက်နဲ့ ကိုင်ပါ။ ဒါဆိုရင် ကင်မရာခလုတ်ကို နှိပ်ဖို့က မခက်ခဲ တော့ဘူးပေါ့။ တစ်ဖက်က ဖုန်းကို ကိုင်ထားမယ်။ နောက်တစ်ဖက်က ခလုတ်နှိပ်မယ်ပေါ့။

တချို့ဖုန်းတွေကတော့ မျက်နှာပြင် ဘယ်နားကိုထိထိ ပုံရိုက်ပေးတာမျိုး၊ အသံအတိုးအချဲ့ခလုတ်နဲ့ ပုံရိုက်လို့ရတာမျိုးတော့ ရှိပါတယ်။ ဒါမျိုးဆိုရင်တော့ တစ်မျိုးပေါ့။

## အလင်းရောင်ကောင်းကောင်းရရဲ့လား

မကျွမ်းကျင်တဲ့သူတွေကို အကြံပြုချင်တာက ကင်မရာကို ကိုင်ထားချိန်မှာ ကိုယ့်ရဲ့ပုံကို ကြည့်ပါ။ မရိုက်ခင်မှာ လူကို ၉၀ ဒီဂရီလှည့်ကြည့်ပါ။ အလင်းရောင်က ဘာကွာခြားသွားသလဲ၊ နောက်ထပ်ထပ်လှည့်ပါ။ ကွာခြားမှုကို မှတ်သားထားပါ။ သုံးကြိမ်လှည့်အပြီးမှာ အလင်းရောင်အနေအထား ၄ ခု ရရှိမှာပေါ့။ ဘယ်ဟာက အကောင်းဆုံးလဲရွေးချယ်ပြီး ရိုက်မယ်ဆိုရင် လွယ်လွယ်ကူကူနဲ့အလင်းရောင်ကောင်းကောင်းပုံကို ရရှိနိုင်မှာ ဖြစ်ပါတယ်။

တစ်ဆက်တည်းမှာ အကြံပြုချင်တာက ပြီးမှာ Effect တွေသုံးပြီးပြင်မယ်ဆိုတာမျိုး မတွေးပါနဲ့။ ဒီ Selfie ပုံတွေက သဘာဝနဲ့ ဝေးကွာလွန်းပါတယ်။ နောင်တစ်ချိန်ပြန်ကြည့်တဲ့အခါ အဆင်ပြေမှာမဟုတ်ပါဘူး။

အထက်ပါအချက်တွေက Selfie ရိုက်ချင်တဲ့ သူတွေအတွက် အထောက်အပံ့ဖြစ်စေမှာ ဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ဖော်ပြပေးလိုက်ပါတယ်။



# NEW PRODUC

## ရှေ့ကင်မရာနှစ်လုံးပါဝင်တဲ့ ပြည်တွင်းဈေး

**ပြည်တွင်းဈေးကွက်ကို အသစ်မိတ်ဆက်လာတဲ့စမတ်ဖုန်းတွေထဲက ဒီတစ်ပတ်မှာတော့ Vivo ရဲ့ V5 Plus ကို ဖော်ပြဖို့ရွေးချယ်ထားပါတယ်။ ဒီစမတ်ဖုန်းက ရှေ့ကင်မရာနှစ်လုံးပါဝင်ပါတယ်။ ဈေးကွက်အတွင်းမှာ အချိန်တိုအတွင်း ဈေးကွက်အောင်မြင်မှုရခဲ့တဲ့ VIVO က ပြည်တွင်းဈေးကွက်မှာတော့ ဈေးကွက်ဝေစုကို သိမ်းပိုက်ဖို့ ဘယ်လိုပြင်ဆင်လာမလဲဆိုတာ စိတ်ဝင်စားဖို့ကောင်းပါတယ်။**

### မျက်နှာပြင်အရွယ်အစားနဲ့ အရည်အသွေး

မျက်နှာပြင်အရွယ်အစားက ၅ ဒသမ ၅ လက်မ ရှိပါတယ်။ မျက်နှာပြင်အရည်အသွေးက 1920 x 1080 pixels ရှိပါတယ်။ ပုံရိပ်သိပ်သည်းဆက 401 ppi ရှိပါတယ်။ ဒီအရည်အသွေးတွေက အသုံးပြုသူတွေ စိတ်ကြိုက်တွေ့စေမယ့် အနေအထားပါ။ IPS LCD မျက်နှာပြင်ကို အသုံးပြုထားပါတယ်။ မျက်နှာပြင် ထိခိုက်မှုတွေက ကာကွယ်နိုင်ဖို့အတွက် Gorilla Glass 5 ကို အသုံးပြုထားပါတယ်။

### ကင်မရာစွမ်းဆောင်ရည်

ရှေ့ကင်မရာကို နှစ်လုံးတပ်ဆင်ထားပါတယ်။ 20 MP နဲ့ 8MP ကင်မရာနှစ်လုံး ပါဝင်ပါတယ်။ ကင်မရာစွမ်းဆောင်ချက်တွေကို စိတ်ဝင်စားတယ် ဆိုရင်တော့ ဒီစမတ်ဖုန်းကို စမ်းသပ်ကြည့်ပြီး ရွေးချယ် ဖို့တိုက်တွန်းချင်ပါတယ်။ များပြားလှတဲ့စွမ်းဆောင်ချက်ကောင်းတွေပါဝင်ပါတယ်။ နောက်ကင်မရာက 16 MP ရှိပါတယ်။

Geo-tagging, touch focus, face detection, panorama, HDR စတဲ့ ကင်မရာ စွမ်းဆောင်ချက်တွေ ပါဝင်ပါတယ်။

### ဘက်ထရီအရည်အသွေး

စမတ်ဖုန်းတစ်လုံးအတွက် ဘက်ထရီစွမ်း ဆောင်ရည်နဲ့ အရည်အသွေးကောင်းမွန်ဖို့ကလည်း အရေးကြီးပါတယ်။ 3160 mAh ဘက်ထရီကို အသုံးပြုထားပါတယ်။ တစ်ရက်စာ အသုံးပြုနိုင်မှုထက် ပိုတဲ့ စွမ်းဆောင်ရည်ပါ။ ဘက်ထရီကိုတော့ ဖြုတ်လို့ရမှာမဟုတ်ပါဘူး။

### အခြားစွမ်းဆောင်ရည်များ

Android ဗားရှင်း 6.0 (Marshmallow) ကို အသုံးပြုထားပါတယ်။ CPU က Octa-core 2.0 GHz ကို အသုံးပြုထားပါတယ်။ ဖုန်းအတွင်းသိုမှီး နိုင်မှုပမာဏက 64 GB ဖြစ်ပါတယ်။ RAM က 4 GB ပါဝင်ပါတယ်။ ဖုန်းအတွင်း သိုမှီးနိုင်မှုကိုတော့ ထပ်မံမြှင့်တင်နိုင်မှာ မဟုတ်ပါဘူး။ Accelerometer, Proximity Sensor, Gyro, Compass စတဲ့

## SMARTPHO



**Huawei GR5(2017)**

Size – 5.5"
CPU – 64 bit Octa Core
Camera – 13MP and 2MP & 5 MP(front)
RAM – 3GB
Storage – 32GB (Up to 128 GB)
Battery – Li-po 3340 mAh
Price – 309,000 Ks



**HTC Desire 728G**

Size – 5.5"
CPU – 1.3 GHz Octa Core
Camera – 13 MP & 5 MP
RAM – 1.5 GB
Storage – 8 GB(Up to 2 TB)
Battery – Li-po 2800 mAh
Price – 265,000 Ks



**OP**

Size –
CPU –
Camer
RAM
Storag
Batter
Price -

T

## ထွက်ရောက် စမတ်ဖုန်းသစ် VIVO V5 Plus




အာရုံခံ စနစ်တွေပါဝင်ပါတယ်။ လက်ဗွေလုံခြုံရေးစနစ်ထည့် သွင်းပေးထားပါတယ်။

GSM ဆင်းမ်ကတ် နှစ်ကတ်အသုံးပြုနိုင်ပါတယ်။

ဈေးနှုန်းအနေနဲ့ ၅၃၈,၀၀၀ ကျပ် သတ်မှတ် ထားပါတယ်။ အရည်အသွေးကောင်းမွန်တဲ့အပြင် ကင်မရာပိုင်းဆန်းသစ်တဲ့စိတ်ကူးနဲ့ အကောင်းဆုံး Selfie ပုံရိပ်တွေ ရိုက်ကူးနိုင်မယ့် စမတ်ဖုန်းတစ်လုံးဖြစ်တဲ့အတွက် ဒီတစ်ပတ်အတွက် ရွေးချယ်ဖော်ပြလိုက်ပါတယ်။

## NE CHOICE



### Asus Zenfone 3

Size - 5.2"
CPU - 2.0 GHz Octa Core
Storage - 64 GB (Up to 256 GB)
RAM - 4 GB
Camera - 16 MP & 8 MP
Battery - Li-ion 2600 mAh
Price - 399,000 Ks




### PPO F1s

5.5"
– 1.5 GHz Octa Core
ra – 13 MP & 16 MP
– 3 GB
ge – 32GB(Up to 128 GB)
y – Li-ion 3070 mAh
–299,000 Ks

# Android Game

## Find The Pump Handel



နယ်မြို့တွေမှာတော့ အရင်က ဖြစ်တတ်တဲ့ သဘောလေးတွေပါ။ ရေတွင်းထဲက ရေငင်မယ့်အချိန်ကျမှ လက်ကိုင်မရှိတာမျိုး။ ဖြုတ်သိမ်းထားတာလည်း ဖြစ်နိုင်သလို တမင်ဖြုတ်ယူသွားတာလည်း ဖြစ်နိုင်ပါတယ်။

ဒီဂိမ်းမှာတော့ ရွာထဲက မိန်းကလေးတစ်ယောက်က ဦးဆောင်ရစ်ထားတယ်။ နေ့စဉ် နံနက်တိုင်း ရေလောင်းရတာပေါ့။ ရေတွင်းမှာအသုံးပြုတဲ့ လက်ကိုင်ပျောက်နေတဲ့အတွက် ရွာထဲပတ်ရှာရမှာပါ။ ဘယ်နေရာမှာလဲ။ နေ့တိုင်းတစ်နေရာနဲ့ တစ်နေရာတော့ မတူနိုင်ပါဘူး။

## Angry Stick Fighter 2017




မြို့တစ်မြို့မှာ လုံခြုံရေးနဲ့ ဥပဒေစိုးမိုးမှုရှိရေးက အရမ်းကို အရေးပါပါတယ်။ ဒီဂိမ်းထဲက မြို့တော်မှာတော့ ဘာလုံခြုံရေးမှ မရှိတော့ဘူး။ ဘယ်လို ဥပဒေမှလည်း မသက်ရောက်တော့ဘူး။ ဒီဂိမ်းထဲက မြို့တော်မှာ စည်းကမ်းသစ်တစ်ခုပဲ သတ်မှတ်ထားတယ်။ 'တွေ့သမျှအားလုံးကို သတ်'။

ဒါပေမဲ့လည်း မြို့တော်ကို ကယ်တင်မယ့်သူတစ်ယောက်တော့ရှိနေပါတယ်၊ ကရာတေး၊ ကစ်ဘောက်ဆင်နဲ့ MMA ပညာရပ်တွေ ပေါင်းစုံတတ်မြောက်ကျွမ်းကျင်တဲ့ သူတစ်ယောက်ပေါ့။ မင်းရဲ့လက်ချောင်းတွေနဲ့ သူ့ကို ထိန်းချုပ်ပေးလိုက်ပါ။

## Basketball




ဘတ်စကက်ဘော ကစားနည်းက တကယ်စိတ်ဝင်စားဖို့ကောင်းသလို ကိုယ်ကာယကြံ့ခိုင်မှု၊ သက်လုံကောင်းမွန်မှုနဲ့ ကျွမ်းကျင်မှုတွေကို အချိုးကျကျပေါင်းစပ်ထားတဲ့ ကစားနည်းတစ်ခုပါ။ သုံးမှတ်စည်းရဲ့အပြင်ဘက်ကနေ ပစ်သွင်းလိုက်တဲ့ ဘောလုံးတစ်လုံးကို စောင့်ကြည့်နေလိုက်ပါ။ ရုပ်ရှင်တွေထဲမှာ အနှေးပြကွက်နဲ့ ပြသလေ့ရှိတဲ့ ပုံစံမျိုးပေါ့။ တကယ်ကို စိတ်လှုပ်ရှားရင်ခုန်ဖို့ ကောင်းပါတယ်။

ဒီဂိမ်းထဲမှာ တကယ့်ကစားသမားတစ်ယောက်ရဲ့ခံစားချက်ကို ကိုယ်တိုင်ခံစားနိုင်မယ့် အခွင့်အရေးရှိနေပါတယ်။ လက်လွတ်မခံပါနဲ့။

## Fruit Paradise



အသီးတွေကို ဟိုရွှေ့ဒီရွှေ့ပေါ့။ ဒီဂိမ်းမျိုးပုံစံတူတွေအများကြီး ဆော့ခဲ့ဖူးပါလိမ့်မယ်။ ဒါပေမဲ့ ဒီဂိမ်းမှာကတော့ ပါဝါတွေရဖို့အတွက်ကို အလွယ်တကူ မဖြစ်နိုင်ပါဘူး။ အကွက်မြင်မြင်နဲ့ ဆော့ကစားရမှာပါ။

ကစားနည်းပုံစံတွေလည်း အတော်များများ ပါဝင်တာမို့ ဒီဂိမ်းကို ဆော့ကြည့်ဖို့ ညွှန်းချင်ပါတယ်။ ကြိုက်မှာပါ။ ကြိုက်သွားမှာပါ။

# "အဆင်မပြေရင်တော့ ကျောင်းပြီးရင် မြို့ကြီးတက်ပြီး ကြိုးစားရမှာပေါ့"

## CU (Kyaing Tong) မိုဘိုင်းလ် App ရေးဆွဲသူ မောင်မင်းသန့် နှင့်တွေ့ဆုံခြင်း

မောင်မန်း

**ပြည်တွင်း၌ ရန်ကုန်နှင့် မြို့ကြီးများမှ ကွန်ပျူတာတက္ကသိုလ်ကျောင်းသားလူငယ်များနှင့် နည်းပညာစိတ်ပါဝင်စားသူလူငယ်များက နည်းပညာထုတ်ကုန်များ၊ မိုဘိုင်းလ် App များကို ရေးဆွဲထုတ်လုပ်လာနိုင်နေပြီဖြစ်သည်။ သို့ရာတွင် နယ်စပ်ဒေသများနှင့် နည်းပညာ ဖွံ့ဖြိုးမှုနည်းပါးသည့် ဒေသများရှိ လူငယ်များအတွက်မူ အခက်အခဲအချို့ရှိနေဆဲပင်ဖြစ်သည်။ အခက်အခဲများ၊ အကန့်အသတ်များကြားမှ ကွန်ပျူတာတက္ကသိုလ် (ကျိုင်းတုံ)မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသားများ အချင်းချင်းဆက်သွယ်နိုင်မည့် CU (Kyaing Tong) မိုဘိုင်းလ် App ကို ရေးဆွဲသည့် တတိယနှစ်ကျောင်း သားမောင်မင်းသန့်နှင့် မိုဘိုင်းလ် App ရေးဆွဲသည့် အတွေ့အကြုံများ၊ အခက်အခဲများကို တွေ့ဆုံမေးမြန်းပြီး ပြန်လည်ဖော်ပြပေးအပ်ပါသည်။**

**Voice ႏ ကွန်ပျူတာတက္ကသိုလ်(ကျိုင်းတုံ) မှာရှိတဲ့ ဆရာ၊ ဆရာမတွေနဲ့ ကျောင်းသားတွေအချင်းချင်း ဆက်သွယ်လို့ရမယ့် မိုဘိုင်းလ် App ကို ရေးဆွဲထားတယ်လို့ သိရတယ်ဗျ။ ဒီ App က ဘယ်လိုအသုံးပြုနိုင်မှာလဲ။**

**MT** ႏ Application မှာ ဆရာ ဆရာမတွေက သင်ခန်းစာတွေနဲ့ ပုံတွေကို သူ့ဆိုင်ရာဆိုင်ရာ အကန့်ထဲကနေ တင်ပေးလို့ရမှာပါ။ ဥပမာ ပထမနှစ် english ဆိုရင် ပထမနှစ်ထဲ အရင်ဝင်ပေါ့၊ ပထမနှစ်အကန့်ထဲမှာဆိုရင် ဘာသာတွေ ပြန်ခွဲထားတာပါ။ ၇ ဘာသာရှိတယ်ပေါ့ဗျာ။ အဓိက က App ထဲမှာ ဆရာမတွေက စာတွေ တင်ပေးလို့ရမယ်၊ Tutorial ရှိမယ်ဆိုရင် အသိပေးလို့ရတယ်၊ Assignment တွေ ပေးလို့ရတယ်ဗျ။ ကျောင်းသားက နားမလည်ရင် Comment က ပြန်မေးလို့ရတယ်ပေါ့။ Star ဆိုတာလေးလည်းပါတယ်ဗျ။ Facebook က Like သဘောမျိုးပေါ့။ ကျောင်းတွင်း မဲပေးမှုတွေမှာ အသုံးပြုလို့ရမယ်။ Facebook အကောင့်နဲ့ Login ဝင်ဖို့လိုမယ်။ ဆရာမ အကောင့်တွေကတော့ Admin သဘောမျိုး ပုံတွေ စာတွေ တင်လို့ရတယ်။ ကျောင်းသားတွေကိုတော့ တင်ခွင့်မပေးထားဘူး။

**Voice ႏ ဒီ App က ကျောင်းသားနဲ့ ဆရာအကြား ဆက်သွယ်မှုကို ဘယ်လောက်အထိ အထောက်အပံ့ပေးနိုင်မယ်ထင်လဲ။ ဒီ App ကို အသုံးပြုရင် ဘယ်လိုကောင်းတဲ့အချက်တွေရှိလာမလဲ။**

**MT** ႏ Application သုံးမယ်ဆိုရင်တော့ ဆရာ၊ ဆရာမက အကယ်၍ ကျောင်းမှာ စာတွေသင်လို့ မပြီးလို့ အိမ်စာတွေ ဘာတွေပေးမယ်။ Assignment တွေကို အတန်းထဲမှာ ပေးဖို့ကျန်သွားတာတို့၊ ပေးဖို့ အချိန်မရှိတာတို့ဆိုရင် အဆောင်ကနေပဲ တင်ပေးလိုက်ရုံပါ။

နောက်တစ်ခုကတော့ ကျွန်တော်တို့ ကျိုင်းတုံမှာ အရမ်းအေးတယ်ဗျ။ အဲ့ဒီတော့ ရာသီဥတု ဖောက်ပြန်လို့ အရမ်းအေးတဲ့အချိန်ဆို ကျောင်းပိတ်ပေးရတာမျိုးရှိတယ်။ အဲ့ဒီလိုပိတ်ပေးလိုက်ရလို့ ကျောင်းက သင်ရိုးသင်လို့မကုန်မှာ စိုးရိမ်စရာမလိုဘဲနဲ့ ဆရာမတွေကလည်း အဆောင်ကနေတင်ပေး၊ ရှင်းပေး ကျောင်းသားတွေကလည်း အိမ်ကနေ လေ့လာလို့ရတာပေါ့။ စာတွေကို ၁၀၀ ရာခိုင်နှုန်း နားလည်တာမဟုတ်ရင်တောင်မှ တချို့တစ်ဝက် နားလည်တယ်ဆိုရင်တောင် ကျောင်းပြန်ဖွင့်လို့ ပြန်သင်မယ်ဆို မြန်ဆန်တာပေါ့ဗျာ။ သင်ရိုးတွေ မကုန်မှာ စိုးရိမ်စရာမလိုတော့ဘူးပေါ့။

**Voice ႏ အခုဆိုရင် ရန်ကုန်၊ မန္တလေးတို့အပြင် နယ်ကျောင်းအချို့မှာပါ နည်းပညာထုတ်ကုန်ပြပွဲ၊ ပြိုင်ပွဲတွေ ရှိလာတယ်။ ကျိုင်းတုံကျောင်းမှာရော ဒီလိုပြိုင်ပွဲတွေရှိသလား။**

**MT** ႏ ပြိုင်ပွဲတော့မရှိသေးဘူးဗျ။ ပြပွဲတော့ ဒီနှစ်မှ စလုပ်ဖြစ်တယ်။ ထုတ်ကုန်သိပ်မရှိသေးတော့ ကျောင်းဈေးရောင်းပွဲလေးနဲ့ ပေါင်းလုပ်ဖြစ်တယ်ဗျ။

**Voice ႏ နယ်မှာကျတော့ ပညာရပ်တွေကို လေ့လာတဲ့ နေရာမှာ ဘယ်လိုအခက်အခဲတွေရှိသလဲ။ ဒီအခက်အခဲတွေကိုရော ဘယ်လိုဖြေရှင်းခဲ့သလဲ။**

**MT** ႏ နယ်မှာ အင်တာနက်အခက်အခဲတော့ နည်းနည်းတော့ရှိတယ်။ အခုတော့ ကျောင်းကစီစဉ်နေပါပြီ။ ကျွန်တော် ဒီ App နဲ့ ပတ်သက်တာတွေ များသောအားဖြင့် Google ကနေကြည့်ယူပါတယ်။ ကျောင်းက ဆရာမတွေကိုလည်း မေးယူပါတယ်။ တခြား အခက်အခဲတော့ သိပ်မရှိဘူးဗျ။

**Voice ႏ Android ပိုင်းကိုရော ဘယ်လိုလေ့လာခဲ့သလဲ။**

**MT** ႏ ကျွန်တော် Samsung ကခေါ်ယူတဲ့ ပြိုင်ပွဲဝင်ပြိုင်တုန်းက စလေ့လာမိတာပါ။ ပြီးတော့မှ စိတ်ဝင်စားတာနဲ့ ဆက်လေ့လာဖြစ်တာပါ။

**Voice ႏ ပြည်တွင်းမှာက နည်းပညာလုပ်ငန်းခွင်မှာ အလုပ်အကိုင်အခွင့်အလမ်းတွေက အရင်ကထက်စာရင်တော့ များလာတာပေါ့လေ။ ဒါပေမဲ့ နယ်တွေမှာကျတော့ နည်းပညာလုပ်ငန်းခွင်က ရှားပါးတယ်ဆိုတာထက် ပိုခက်ခဲတဲ့ အခြေအနေတော့ရှိတာပေါ့။ ဒါကို ဘယ်လိုကျော်ဖြတ်ဖို့ စဉ်းစားထားသလဲ။**

**MT** ႏ ကျွန်တော့် အမြင်တော့ အခုတော့ ရှိလာတယ်လို့မြင်ပါတယ်။ ကျွန်တော်က တာချီလိတ်ကပါ။ တာချီလိတ်မှာတော့ ITနဲ့ ပတ်သက်တဲ့လုပ်ငန်းတချို့ ရှိမယ်လို့မြင်ပါတယ်ဗျ။ အဆင်မပြေရင်တော့ ကျောင်းပြီးရင် မြို့ကြီးတက်ပြီး ကြိုးစားရမှာပေါ့။

**Voice ႏ လက်ရှိမိုဘိုင်းလ် App က ကျိုင်းတုံကျောင်းတစ်ခုတည်းအတွက်ပဲလား။ အခြားကျောင်းတွေကရော ယူပြီး အသုံးပြုလို့ရနိုင်မလား။ အဲ့ဒီလို ယူသုံးမယ်ဆိုရင် Server ပိုင်းအခက်အခဲတွေ ဘာတွေရှိလာမလဲ။**

**MT** ႏ Server က အခုတော့ ကျွန်တော် အခမဲ့ရတဲ့ Server တွေ သုံးထားတယ်ဗျ။ အခမဲ့ဆိုတဲ့ အတိုင်းပဲ အကန့်အသတ်တွေရှိနေတော့လောလောဆယ်ကျွန်တော်တို့ကျောင်းတစ်ကျောင်းစာအတွက်ပဲ စဉ်းစားထားတယ်။ အကယ်၍ App က တဖြည်းဖြည်း Function တွေ စုံလာတာနဲ့အမျှ Server ဝယ်မယ်။ ပြီးတော့ တခြားကျောင်းတွေက ကျောင်းသားတွေနဲ့ ပေါင်းပြီး အားလုံးသုံးလို့ရအောင်တော့ စီစဉ်မယ်လို့စဉ်းစားထားတယ်။

**Voice ႏ လက်ရှိမှာက ကျောင်းတက်နေတုန်းပေါ့လေ။ ကျောင်းပြီးသွားတဲ့အခါ ပြည်ပထွက်ခွာပြီး လုပ်ကိုင်ဖို့ စိတ်ကူးရှိသလား။**

**MT** ႏ ပြည်ပတော့ ထွက်ပြီးပညာတော့ သင်ချင်တယ်။ အလုပ်အကိုင်ကတော့ ပြည်တွင်းမှာပဲလုပ်ဖို့ စဉ်းစားထားပါတယ်။

**Voice ႏ ကွန်ပျူတာကျောင်းကနေ ကျောင်းပြီးလာတဲ့ ကျောင်းသားတွေထဲက အများစုက နည်းပညာလုပ်ငန်းခွင်ရဲ့ပြင်ပနယ်ပယ်ကို ရောက်သွားတယ်လို့ ပြောလို့ရတဲ့အခြေအနေမှာ ရှိတယ်။ တချို့လည်း ပြည်ပထွက်ခွာ အလုပ်လုပ်ကြတယ်ပေါ့။ ဒီတော့ တိုင်းပြည်က လူ့စွမ်းအားအရင်းအမြစ်တွေကို ဆုံးရှုံးနေတယ်လို့ ဆိုနိုင်မလား။ ဒီအပေါ်မှာ သဘောထားအမြင် ဘယ်လိုရှိမလဲ။**

**MT** ႏ ဆုံးရှုံးတယ်လို့တော့ မဆိုလိုဘူးဗျ။ ကျွန်တော်တို့ တိုင်းပြည်တိုးတက်ဆဲကာလမှာတော့ မြန်မာနိုင်ငံမှာ IT နဲ့ ပတ်သက်တဲ့ လုပ်ငန်းခွင်တွေနည်းနေသေးတဲ့အတွက် ပြည်ပသွားအလုပ်လုပ်သူတွေများပါတယ်။ ဒါပေမဲ့ ဒီအခိုက်အတန့်မှာ ပြည်ပအလုပ်လုပ်နေတဲ့သူတွေ တစ်ချိန်မြန်မာပြည်ကို နည်းပညာနဲ့ ပတ်သက်တဲ့ အလုပ် အတွေ့အကြုံတွေနဲ့ပြန်လာမယ်ဆိုရင် ကျွန်တော့် အမြင်ပြောရမယ်ဆိုရင်တော့ ဆုံးရှုံးသွားတယ်လို့ မမြင်ပါဘူး။ ဒီနေ့အချိန်မှာလည်း လုပ်ငန်းခွင်နယ်ပယ်က တစ်စထက်တစ်စ ရှိလာပြီလို့မြင်ပါတယ်။


ဓာတ်ပုံ - ရန်နိုင်

> "ဒါပေမဲ့ ဒီအခိုက်အတန့်မှာ ပြည်ပအလုပ်လုပ်နေတဲ့သူတွေ တစ်ချိန်မြန်မာပြည်ကို နည်းပညာနဲ့ ပတ်သက်တဲ့ အလုပ် အတွေ့အကြုံတွေနဲ့ ပြန်လာမယ်ဆိုရင် ကျွန်တော့်အမြင် ပြောရမယ်ဆိုရင်တော့ ဆုံးရှုံးသွားတယ်လို့ မမြင်ပါဘူး။"

**Voice ႏ ပြည်တွင်းက နည်းပညာပိုင်းလေ့လာနေတဲ့ ကျောင်းသားလူငယ်တွေကို ဘာများ မျှဝေချင်သေးသလဲ။**

**MT** ႏ ပြည်တွင်းကျောင်းသားကျောင်းသူတွေကိုတော့ Language တစ်ခုဆိုတစ်ခုကိုပဲ အဆုံးထိ သွားပါလို့၊ ပြောချင်ပါတယ်။ ကျောင်းပြီးသွားတယ်။ ကျောင်းကသင်ပေးတဲ့ Language ကိုသိရုံပဲသိပြီး ကျောင်းပြီးမှ အသည်းအသန်ပြန်လေ့လာတာမျိုးဆို အချိန်အလကားကုန်တယ်။ ဒါကြောင့် တစ်ခုကိုကျွမ်းကျင်ပြီဆိုမှ နောက်လေ့လာချင်တာ လေ့လာကြပါလို့ အကြံပေးလိုပါတယ်။ တခြားတော့ ပြောစရာမရှိပါဘူး။ ■

မောင်မန်း

# ကြမ်းတမ်းလှသည့် ဒုက္ခသည်စခန်းမှ စွန့်စားခန်း

ကျော်ဗလ


GoFundMe

အလာကန်သည် အသက် ၅၀ ဝန်းကျင် အပ်ချုပ်သမားတစ်ဦးဖြစ်သည်။ သူ့အပ်ချုပ်ဆိုင်လေးကို လူစည်ကားသည့် အေသင်မြို့လယ်တွင် ဖွင့်လှစ်ထားသည်။

သူက စက်မချုပ်ရသည့်နေ့များတွင် သူ့ဆိုင်အနောက်ဘက်ရှိ ဗစ်တိုးရီးယားရင်ပြင်ဘက်ကို သွားလေ့ရှိသည်။ ထိုနေရာသည် ဂရိနိုင်ငံကို ရောက်လာသည့် ဒုက္ခသည်များ၊ နိုင်ငံခြားကရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများစုဝေးသည့် နေရာလည်းဖြစ်နေသည်။

အလာကန်ထံတွင် သတင်းအချက်အလက်များရှိသည်။ ဂရိနိုင်ငံက ထွက်သွားလိုသူ ဒုက္ခသည်များ၊ ရွှေ့ပြောင်း နေထိုင်သူများနှင့် လူကုန်ကူးသူများသည် ပတ်စ်ပို့ပုံများ ရနိုင်သလိုငွေလည်း လဲလှယ်နိုင်သည်။

“ကျွန်တော့်မှာ နည်းလမ်းတွေရှိတယ်။ အဲဒီလိုလုပ်နေတဲ့သူတွေကိုလည်း ကျွန်တော်သိတယ်” ဟု သူကဆို သည်။

ယမန်နှစ် မတ်လက မက်ဆီဒိုးနီးယားနိုင်ငံသည် ဂရိနှင့် ဆက်စပ်နေသော နယ်ခြားဒေသများကို ဖြတ်သန်းခွင့်များ ပိတ်လိုက်သည်။ ထိုပိတ်ဆို့လိုက်ခြင်းကြောင့် ဂရိနိုင်ငံတွင် ဒုက္ခသည်ပေါင်း ၅၀၀၀၀ ခန့်သောင်တင် သွားတော့သည်။ တူရကီမှ လှေစီးဒုက္ခသည် ပေါင်း နောက်ထပ် ၆၂၀၀၀ ထပ်ရောက်လာသည့်အခါ ဂရိနိုင်ငံတွင် အခြေအနေတွေက ပိုပြီးဆိုးရွားသွားတော့သည်။

ဒုက္ခသည်အများစုသည် အခြားဒေသတစ်ခုခုကို ပြောင်းရွှေ့နေထိုင်ရခြင်းထက် ဂရိနိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့် ရရှိရေးကို ကြိုးစားလာကြသည်။ ထိုသူများမှာ အဆုံးသတ်တွင် လူကုန်ကူးခြင်း ခံရသူများဖြစ်ခဲ့ကြရလေသည်။

အလာကန်က ရာပေါင်းများစွာသော ဒုက္ခသည်များသည် ဂရိနိုင်ငံမှ ထွက်ခွာခွင့်ရရေးကို ကြိုးပမ်းနေကြကြောင်း ပြောပြသည်။ သူတို့ နိုင်ငံကူးလက်မှတ်အတုများရရှိရေးကိုဆောင်ရွက်ကြသည်။ ခက်ခဲကြမ်းတမ်းသော ကုန်းလမ်းခရီးမှ ဖြတ်သန်းခွင့်ရရန် သူတို့ လက်မှတ်အတုများကို တန်ကြေးထက် နှစ်ဆပေးနေကြရသည်။ ဂရိရဲတပ်ဖွဲ့ကလည်း ဘော်လ်ကန်လမ်းကြောင်းကတစ်ဆင့် နိုင်ငံကူးလက်မှတ် အတုများဖြင့် ဖြတ်သန်းရန် ကြိုးစား နေသူပေါင်းများစွာကို ဖမ်းဆီးနေရမှုမှာ ၂၃၀ ရာခိုင်နှုန်းအထိ တိုးမြင့်လာကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဥရောပနိုင်ငံများအနေနှင့် ၎င်းတို့နိုင်ငံများအတွင်း ဝင်လာသည့် ဒုက္ခသည်များကို ဂရိနိုင်ငံကတစ်ဆင့် သက်ဆိုင်ရာ နိုင်ငံများသို့ပြန်ပို့ရန် ယမန်နှစ်မတ်လလယ်ခန့်ကတည်းက စီစဉ်ဆောင်ရွက်ခဲ့သည်။ UNHCR အဖွဲ့ကလည်း ထိုသို့ဆောင်ရွက်နေမှုများ မတိုင်မီကတည်းက လူကုန်ကူးမှုများ ရှိနေကြောင်း ဖော်ထုတ်ပြောကြားထားသည်။ လူကုန်ကူးသည်ဆိုခြင်းမှာ ဈေးကွက်ရှိနေခြင်းကြောင့်ဖြစ်ကြောင်း UNHCR မှအရာရှိတစ်ဦး ဖြစ်သူ ရိုလင်း စခုန်းဘဲယားကပြောကြားသည်။

**ကြားပွဲစား**

အလာကန်က သူ၏အလုပ်ကို လုပ်ကိုင်နေရခြင်းမှာ မိတ်ဆွေ အဆက်အသွယ်အဆင့်ဆင့်ရှိနေသောကြောင့် ဟုဆိုသည်။ ထို့ပြင် သူက ယခုလို လိုက်လုပ်ပေးနေခြင်းကြောင့်လည်း ပိုက်ဆံမယူကြောင်း ပြောဆိုခဲ့သည်။

“ကျွန်တော် လုပ်နေတာတွေက လူတွေကို ကူညီနေတာ” ဟုသူကဆိုသည်။ အထူးသဖြင့် သူ့နိုင်ငံ ဆီးရီးယားက ထွက်လာသည့် ဒုက္ခသည်များအတွက် သူက အခမဲ့လိုက်ပြီး အကျိုးဆောင်ပေးနေခြင်းဖြစ်သည်။

သူ့အနေနှင့် ဥပဒေကို ချိုးဖောက်ခြင်း မရှိကြောင်း၊ မဟုတ်တာကို မလုပ်သောကြောင့် ထောင်ကျစရာလည်း အကြောင်းမရှိကြောင်း၊ သူ့တွင် ဇနီးနှင့် သမီးတစ်ဦးရှိသောကြောင့် အန္တရာယ်ရှိသည့် လုပ်ငန်းများကို သူလုပ် ဆောင်ခြင်းမရှိကြောင်း ရှင်းပြသည်။

**မှောင်ခိုဈေးကွက်**

နိုင်ငံကူးလက်မှတ်အတုများကို ခိုးယူရရှိသည့် အချက်အလက်များအား အခြေခံပြီး လုပ်ဆောင်နေကြခြင်းဖြစ်သည်။ အီတလီ၊ စပိန်၊ အယ်လ်ဘေးနီးယား၊ ဘူလ်ဂေးရီးယားနှင့် ပြင်သစ်နိုင်ငံများမှ နိုင်ငံကူးလက်မှတ်များသည် အာရပ်နှင့် အာဖဂန်များအတွက်တော့ အံကိုက်ဖြစ်နေတတ်သည်။ များသောအားဖြင့် ဖြတ်ညှပ်ကပ်လုပ်ပြီး အတုဖန်တီးပေးနေခြင်းဖြစ်ကြောင်း အလာကန်ကဆိုသည်။

ဂရိတွင် နိုင်ငံကူးလက်မှတ်များ အတုပြုလုပ်ခြင်း၊ မှောင်ခိုရောင်းဝယ်နေခြင်းများမှာ နှစ်ပေါင်းများစွာ အမြစ်တွယ်နေသည့် လုပ်ငန်းကြီးတစ်ခုဖြစ်နေကြောင်း အေသင်ဒုက္ခသည်စခန်းရှိ ယခင်အာဖဂန်ကပြောင်းလာသူ လိုမာနီကပြောကြားသည်။ ဒုက္ခသည်အဖြစ် ရောက်လာသူတိုင်း တစ်ဆင့်စကားတစ်ဆင့်ကြားပြီး မှောင်ခိုလုပ်နေသူတွေကို ဆက်သွယ်ပေးသွားကြသည်သာဖြစ်သည်။ မဟုတ်တာ လုပ်သူကိုလည်း သူတို့ တစ်ဆင့် စကားပါးသွားကြသည်သာဖြစ်သည်။

**မှောင်ခိုသမား**

အဘာ့စ်သည် မှောင်ခိုလုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ သူသည် နိုင်ငံကူးလက်မှတ် လုပ်သူများကြားထဲတွင်ဆရာကြီးတစ်ဦးဖြစ်သည်၊ သူတို့ကျင်လည်ရာအရပ်သည် ဂရိနိုင်ငံအတွင်းရှိ ဗစ်တိုးရီးယားရင်ပြင်တွင် ဖြစ်ပြီး ထိုနေရာတွင် နိုင်ငံခိုလှုံခွင့်ရရန် စောင့်စားနေသူတွေလည်း နေ့စဉ်ရောက်နေကြသည်။ အဘာ့စ်တစ်ယောက် သူ့အလုပ်အတွက် နေ့စဉ်လိုလိုဤနေရာကို ရောက်လာရသည်။

အဘာ့စ်သည် ငွေရောင် အော်ဒီကားလေးကို ရင်ပြင်နေရာဆီသို့မောင်းလာတတ်သည်။ သူ့ကားထဲတွင် ဖုန်း အလုံးပေါင်းများစွာကို အားသွင်းထားသည်ကို တွေ့ရမည်ဖြစ်သည်။ သူက နိုင်ငံကူးလက်မှတ်တွင် ဓာတ်ပုံများ ပြောင်းလဲကပ်ပေးခြင်း၊ နိုင်ငံကူးလက်မှတ်ပုံစံတူ အတုပြုလုပ်ခြင်းများကိုလည်း လုပ်ဆောင်ပေးတတ်သည်။ သူက ကွန်ပျူတာပေါ်တွင် CoralDRAW ဆော့ဖ်ဝဲကိုသုံးပြီး လုပ်စားနေခြင်းဖြစ်သည်။

“ဓာတ်ပုံပြောင်းတာ ကျွန်တော်တို့မှာ နည်းလမ်းတွေရှိပါတယ်။ ပုံဟောင်းနေရာမှာ ပုံသစ်ကို ကပ်လိုက်ရတာလည်းရှိတယ်။ ဒါကျွန်တော် လုပ်နေကျအလုပ်ပဲ။ ပုံပြောင်းထားတယ်ဆိုတာ ဘယ်သူမှ မသိနိုင်ဘူး။ ကျွန်တော်ကလွဲလို့ပေါ့” ဟုသူကဆိုသည်။

ဓာတ်ပုံပြောင်းထားသူများသည် ကိုယ်တိုင်က နိုင်ငံကူးလက်မှတ်ထဲက လူမဟုတ်တော့သော်လည်း လေဆိပ် လုံခြုံရေးများကို ဖြတ်သန်းရန်အတွက် အကောင်းဆုံးအတုများဖြစ်နေတတ်သည်။ အဘာ့စ်တစ်ယောက် ဤလုပ်ငန်းနှင့်ပင် ကြီးပွားနေခြင်း ကြောင့် သူ့လက်ရာ မည်မျှကောင်းကြောင်းကို ခန့်မှန်းကြည့်နိုင်ပါသည်။ သူလုပ်ဆောင်နေခြင်းသည် တရားမဝင်လုပ်ငန်းတစ်ခုဖြစ်မှန်း သိသော်လည်း ဒုက္ခသည်များအတွက် အကောင်းဆုံး အကူအညီပေးနေခြင်းဟု သူကခံယူထားသည်။

**စခန်း**

ဒုက္ခသည်စခန်းများသို့ရောက်လာကြသည့် ဒုက္ခသည်များသည် မှောင်ခိုသမားများအပေါ်မှီခိုနေကြရသည်။ နိုင်ငံရေးခိုလှုံခွင့်များ ပေးသည့်ကာလသို့ရောက်ချိန် သို့မဟုတ် အခြေအနေမကောင်းတော့သည့် အချိန်များတွင် ဒုက္ခသည်များက မှောင်ခိုများကလွဲပြီး အားကိုးစရာ မမြင်သည့်အခါ သူတို့ဘဝလွတ်မြောက်ရေးအတွက်မှောင်ခိုတွေကိုသာ ရှာကြရသည်။

အေသင်မြို့ပြင်တွင် Oinofyta ဆိုသည့် ဒုက္ခသည်စခန်းတစ်ခုရှိသည်။ Do Your Part ဆိုသည့် NGO အဖွဲ့အစည်းတစ်ခုကို ထိုစခန်းကို နှစ်စဉ်အစားအစာ၊ နေရာထိုင်ခင်းနှင့် ဆေးဝါး အထောက်အပံ့များ ပေးနေရသည်။ ထိုစခန်းအတွင်း နှစ်စဉ်ရာနှင့်ချီသော ဒုက္ခသည်များ ရောက်လာတတ်ပြီး အနည်းဆုံး ဒုက္ခသည် ပေါင်း ၇၀၀ ခန့်အမြဲရှိနေသည့် နေရာတစ်ခုဖြစ်သည်။

လွန်ခဲ့သည့်လအတွင်းက ထိုစခန်းမှ ဒုက္ခသည် ၁၅၀ ခန့်သည် နယ်စပ်ကိုဖြတ်ကျော်ထွက်သွားနိုင်ခဲ့ကြသည်။ အချို့က ကြမ်းတမ်းသည့် တောင်ကြားလမ်းက ခြေလျင်ဖြတ်သွားကြပြီး အချို့မှာ နိုင်ငံကူး လက်မှတ်အတုများ ကိုင်ဆောင်ကာ ထွက်သွားကြခြင်းဖြစ်သည်။ ကုန်းလမ်းမှ ဖြတ်ကျော်သွားသူများအတွက် အလွန်အန္တရာယ် များလှသည်။ အစာရေစာ ပြတ်လပ်သည့်ဘေးအပြင် အေးခဲသည့်ဒဏ်၊ မုဒိမ်းကျင့်ခြင်းနှင့် လူကုန်ကူးခြင်း စသည့် ဒုက္ခများကိုပါ ခံစားရဖွယ်ရှိကြောင်း စခန်းတာဝန်ခံများက မည်မျှရှင်းပြသည်ဖြစ်စေ စွန့်စားပြီး ထွက်သွားလိုသူများကို တားဆီးနိုင်ခြင်း မရှိခဲ့ပေ။

“နယ်စပ်ကိုဖြတ်ကျော်ထွက်သွားသူတွေနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းတွေ အများကြီး ကြားနေရတယ်။ သူတို့တောအုပ်တွေထဲကနေ ထွက်တဲ့အခါလာပြီးတော့ စောင့်ခေါ်နေတဲ့ မှောင်ခိုသမားတွေ အများကြီးတွေ့ရတယ်။ သူတို့အစာပြတ်၊ရေပြတ် ဘဝတွေဖြစ်နေကြပြီ။ သူတို့ကိုခေါ်သွားတဲ့ အုပ်စုတစ်စုဆိုရင် ဟန်ဂေရီမှာ ခရီးဆုံးကုန်ကြတယ်။ ၁၃ နှစ်သမီးလေးတစ်ယောက်တောင် ပြေးနိုင်လို့ လွတ်လာတာ။ မှောင်ခိုသမားတွေ သတ်နေတာကို သူမြင်ခဲ့ရတယ်” ဟု စခန်းတာဝန်ခံတစ်ဦးဖြစ်သူ ကမ့်ဘဲလ်ကဆိုသည်။

ဒုက္ခသည်စခန်းအတွင်း နေထိုင်ရသူများဘဝမှာ အလုပ်အကိုင်အခွင့်အလမ်းရရန် လမ်းမမြင်။ ပေးတာယူ ကျွေးတာစားဘဝကို ကျေနပ်မနေနိုင်သည့် ဒုက္ခသည်များမှာ မှောင်ခိုသမားတွေနှင့်ပေါင်းပြီး ထွက်ပြေးရန် အခွင့်အလမ်းရှာကုန်ကြသည်သာဖြစ်သည်။

**ဒုက္ခသည်မိသားစု**

Oinofyta ဒုက္ခသည်စခန်းတွင် အာဖဂန်မှရောက်လာသည့် အဇီဇာမိသားစုရှိသည်။ သူတို့မိသားစုသည် ဂရိနိုင်ငံမှ ထွက်ခွာရန် နိုင်ငံကူးလက်မှတ်အတုများဖြင့် သုံးကြိမ်တိုင် ကြိုးစားဖူးသည်။ သူတို့ သုံးကြိမ်စလုံး မအောင်မမြင်ဖြစ်ခဲ့ရသည်။ နောက်ဆုံးအခေါက်က သူတို့စပိန်နိုင်ငံကူး လက်မှတ်များ ကိုင်ထားကြသည်။ အေသင်လေဆိပ်ရဲများက သူတို့ကို ဝင်လာသည့်အပေါက်ကို လက်ညှိုးပြန်ထိုးပြပြီး ထွက်သွားရန်မောင်းထုတ်ခဲ့သည်။ သူတို့ ဒုက္ခသည်စခန်းကို ပြန်ရောက်လာကြသည်။

အဇီဇာနှင့် သူမ၏ မိသားစုသည် ၂၀၁၆ ခုနှစ်အစောပိုင်းတစ်ညတွင် အာဖဂန်နစ္စတန်နိုင်ငံက ထွက်ပြေးလာကြခြင်းဖြစ်သည်။ ခင်ပွန်းသည်ခေါ်ရာ နောက်ကိုလိုက်လာခြင်းဖြစ်သည်။ သူ့ခင်ပွန်းက အမေရိကန်စစ်တပ်တွင် အလုပ်လုပ်သည်။ သူမတွင် ကိုယ်ဝန်ခြောက်လကတည်းက တီဟီရန်ကတစ်ဆင့် သူတို့ထွက်ပြေးပြီး တူရကီနိုင်ငံကို ရောက်လာသည်။ ထိုခရီးစဉ်အတွက် မှောင်ခိုပို့ပေးသူများကိုပင် အားကိုးခဲ့ကြရသည်။

သူတို့ ဒီကီလီမြို့အရောက် မှောင်ခိုပို့ပေးသူကို တစ်ဦးလျှင် ဒေါ်လာ ၁၀၀၀ ပေးကြရသည်။ သူတို့ကို ကားတစ်တန်၊ ရော်ဘာဖောင်များဖြင့်တစ်တန် အရောက်ပို့ပေးကြခြင်းဖြစ်သည်။ ဧပြီ ၄ ရက်နေ့တွင် ဂရိနိုင်ငံ လက်စ်ဘော့စ်ကျွန်းဆွယ်ကို သူတို့ရောက်လာကြသည်။ ရော်ဘာဖောင်များပေါ်တွင် ပိတ်ကျပ်နေအောင် စီးပြီးမှ ရောက်လာပြီး ထိုကတစ်ဆင့် အေသင်ကို ရောက်လာကြခြင်းဖြစ်သည်။

ဒုက္ခသည်များသည် နိုင်ငံကူးလက်မှတ်အတုတစ်ခုလျှင် ဓာတ်ပုံဖြတ်ညှပ်ကပ်ပြောင်းပေးသည့်အတွက် ဒေါ်လာ ၃၂၀၀ ခန့်ပေးနေကြရသည်။ မှောင်ခိုသမားတွေ ဝင်ငွေကောင်းပြီး စီးပွားဖြောင့်နေကြသော်လည်း လေကြောင်းလမ်းဖြင့် ဂရိနိုင်ငံက ထွက်ခွင့်ရရေးမှာ အခွင့်အလမ်း နည်းပါးလှသည်။ ထို့ကြောင့် ဒုက္ခသည်များသည် ဥရောပနိုင်ငံ တစ်နိုင်ငံသို့ရောက်ရေးအတွက် ကြိုးစားပြီး ဖောက်ထွက်နေကြသော်လည်းကြားတွင် အသက်ပျောက်သူတွေ ပျောက်နေကြရသည်။ အဇီဇာမိသားစုဆိုလျှင် စခန်းပြောင်းရွှေ့ပြီး ဝဲလှည့်နေရသည်မှာ ၁၀ ကြိမ်ခန့်ပင်ရှိသွားပြီဖြစ်သည်။

“ဂရိမှာ ကျွန်မတို့နေထိုင်ရတဲ့ဘဝက ရှင်လျက်နဲ့သေနေကြရတာပဲ။ ဒါကြောင့် ကျွန်မတို့ စွန့်စားဖို့လမ်းကြောင်းကိုပဲ ရွေးကြရတယ်” ဟု သူမကဆိုသည်။ သို့သော် စွန့်စားတိုင်း မရေရာသည့်လမ်းကို သူတို့ လျှောက်လှမ်းနေခဲ့ကြရသည်သာ။

**■(Ref : Inside the world of human smuggling, Fahrinisa Oswald)**

# ကိုယ်ပိုင်စတူဒီယိုမှာ ဂီတသမားတွေကို ကုန်ကျစရိတ်သက်သက်သာသာနဲ့ အသံသွင်းနိုင်အောင် ကူညီပေးနေတယ်ဆိုတဲ့ အနုဂ္ဂ


ဓာတ်ပုံ- အနုဂ္ဂ Facebook Page

မြန်မာနိုင်ငံမှာ ဟစ်ဟော့ပ်ဂီတလမ်းကြောင်းကို Acid အဖွဲ့နဲ့အတူ စတင်လမ်းဖောက်ခဲ့တဲ့ တေးသံရှင် အနုဂ္ဂက ကိုယ်ပိုင်ဖွင့်ထားတဲ့ TRINITA စတူဒီယိုမှာ ဂီတသမားတွေကို ကုန်ကျစရိတ်သက်သက်သာသာနဲ့ အသံသွင်းနိုင်အောင် ကူညီပေးနေပါတယ်လို့ The Voice ကို ပြောကြားပါတယ်။

"ကျွန်တော့်စတူဒီယိုက ၂၀၁၆ ခုနှစ်၊ မတ်လက စဖွင့်တာပေါ့။ တစ်နှစ်လုံးတိတိကို ကျွန်တော်တို့ Promotion တွေ လုပ်ပေးထားတယ်။ တခြားစတူဒီယိုက တစ်နာရီကို ရှစ်ထောင်၊ ကိုးထောင် ယူတယ်။ ကျွန်တော်တို့ကတော့ တစ်နာရီ ငါးထောင်ပဲယူတယ်။ သူများတွေက တစ်ဂျူတီကို လေးသောင်းခွဲယူတယ်။ ကျွန်တော်တို့ကတော့ သုံးသောင်းပဲ ယူပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

စတူဒီယို စဖွင့်စကာလကနေ ပြီးလက်ရှိအချိန်အထိ သင်္ကြန်ကာလတစ်လပဲ နားခဲ့ရပြီး၊ လာရောက် အသံသွင်းယူကြတဲ့သူတွေရဲ့ နှစ်သက်အားပေးမှုကို လက်ခံရရှိထားကြောင်း၊ ရှေ့ဆက်ပြီးတော့လည်း အောင်မြင်တဲ့ စတူဒီယိုအဖြစ် ရေရှည်ရပ်တည်နိုင်အောင် လိုအပ်ချက်တွေကို အမြဲတမ်းပြန်လည်သုံးသပ်ပြင်ဆင်သွားမှာဖြစ်ကြောင်း အနုဂ္ဂက ပြောကြားပါတယ်။

"ကျွန်တော့်အယူအဆကတော့ စတူဒီယိုဆိုတာက ကျွန်တော်တို့ ဂီတသမားတွေအတွက် ဟိုတယ်လိုပါပဲ။ ဟိုတယ်သွားရင် သက်သောင့်သက်သာ နေချင်သလို၊ စတူဒီယိုသွားရင်လည်း ပစ္စည်းအစုံ သုံးချင်တယ်။ လက်တစ်ကမ်းမှာ အကုန်ရချင်တယ်ဆိုတော့ အဲ့ဒီလိုမျိုး ဖြစ်အောင် ကျွန်တော်က စီစဉ်ပေးထားပါတယ်။ နောက်ပြီးစတူဒီယိုထဲမှာ အနံ့အသက်ကင်းအောင် သန့်ရှင်းမှုရှိအောင်လည်း ဂရုစိုက်ထားပါတယ်" လို့ ၎င်းက ဆိုပါတယ်။

# '7' အယ်လ်ဘမ်က သီချင်းတွေကို ပရိသတ်တွေရှေ့မှာ နားထောင်ချင်တယ်ဆိုရင် One Lady Show လုပ်မယ်ဆိုတဲ့ တင်ဇာမော်




**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ခုနစ်ခွေမြောက် တစ်ကိုယ်တော်တေးအယ်လ်ဘမ်ဖြစ်တဲ့ ' 7 ' မှာ ပါဝင်မယ့် သီချင်းတွေကို ပရိသတ်တွေက ရှေ့မှာ နားထောင်ချင်တယ်ဆိုရင် ယခုနှစ်အတွင်း One Lady Show လုပ်သွားဖို့ရှိပါတယ်လို့ တေးသံရှင် တင်ဇာမော်က The Voice ကို ပြောကြားပါတယ်။

"ဒီခွေလေးထွက်ပြီးသွားရင်၊ ပရိသတ်တွေက သီချင်းတွေ နားထောင်ပြီးသွားရင် သူတို့ဆီက ပြန်ကြားရမယ့် အသံ လေးကို စောင့်ပါမယ်။ခွေထဲက သီချင်းတော်တော်များများကို ပရိသတ်ကကြိုက်လည်း ကြိုက်တယ်။ ရှေ့မှာလည်း နားထောင်ချင်တယ်ဆိုရင် ကျွန်မ တစ်ကိုယ်တော်ဖျော်ဖြေပွဲလုပ်ဖို့ အစီအစဉ်ရှိပါတယ်" လို့ ၎င်းက ထပ်လောင်း ပြောဆို ပါတယ်။

ယခင်နှစ်က တော့ တစ်ကိုယ်တော် ဖျော်ဖြေပွဲသုံးပွဲ ပြုလုပ်ပြီးဖြစ်တဲ့အတွက် ပွဲအတွေ့အကြုံလည်း ရှိသင့်သလောက်တော့ရှိနေပြီဖြစ်ပြီး၊ ယခုနှစ်မှာ One Lady Show လုပ်ဖြစ်မယ်ဆိုရင်တော့ ရန်ကုန်နဲ့ မန္တလေး တစ်မြို့မြို့အပြင်၊ မော်လမြိုင်နဲ့ မြစ်ကြီးနားမြို့တွေကိုလည်း သွားရောက်ချင်ကြောင်း တင်ဇာမော်က ပြောကြားပါတယ်။

"အရင်နှစ်ကတော့ မစီစဉ်ဘဲနဲ့ တစ်ကိုယ်တော်ပွဲကို တစ်ပွဲပြီးတစ်ပွဲ လုပ်ဖြစ်သွားတာပါ။ ဒီနှစ်မှာလည်း လောလောဆယ်အထိ ပွဲလုပ်ဖို့ အစီအစဉ်မရှိသေးပါဘူး။ ဖြစ်ဖို့ရှိလို့ဖြစ်လာရင်တော့ ဖြစ်သွားမယ်လို့ပဲ ပြောပါ ရစေ။ အမှန်အတိုင်းပြောရရင်တော့ One Lady Show ထပ်လုပ်ချင်ပါတယ်။ ပထမဆုံးပွဲကတော့ ရန်ကုန်( သို့) မန္တလေး တစ်မြို့မြို့မှာဖြစ်ဖို့များပါတယ်" လို့ ၎င်းကဆိုပါတယ်။

ခုနစ်ခွေမြောက် တစ်ကိုယ်တော် စီးရီးဖြစ်တဲ့ '7' ကိုတော့ ဖေဖော်ဝါရီလ ၇ ရက်နေ့မှာ စတင်ဖြန့်ချိပေးသွားမှာဖြစ်ပြီး၊ ယင်းနေ့နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီအထိ ၄၆ လမ်း( ပထမဘလောက်) မှာရှိတဲ့ The Sun Music Production မှာ ပရိသတ်တွေကိုအမှတ်တရလက်မှတ်ရေးထိုးပေးသွားမှာဖြစ်သလို၊ ဓာတ်ပုံတွေလည်း တွဲဖက်ရိုက်ကူးပေးသွားမယ်လို့ တင်ဇာမော်က ပြောကြားပါတယ်။

# ပဲရစ်ဂျက်ဆင် ရဲ့အချစ်ဇာတ်လမ်းကို မိတ်ဆွေသူငယ်ချင်းများက ပူပန်နေကြ

အရက်စွဲခြင်း၊ စိတ်ကျခြင်းများနဲ့ ရုန်းကန်ခဲ့ရတဲ့ ပဲရစ်ဂျက်ဆင်ရဲ့အချစ်ဇာတ်လမ်းကို မိတ်ဆွေသူငယ်ချင်းတွေက စိတ်ပူပေးနေကြတယ်လို့ ဖျော်ဖြေရေး အင်တာနက်စာမျက်နှာ တွေက ဆိုထားပါသတဲ့။

အသက် ၁၈ နှစ်ရှိသွားပြီဖြစ်တဲ့ အဆိုပါ နာမည်ကျော်ကြား ထင်ရှားအမျိုးသမီးငယ်လေးဟာ တေးသံရှင်ကြီး မိုက်ကယ်ဂျက်ဆင်ရဲ့ သမီးလည်း ဖြစ်ပါတယ်။


contactmusic.com

Rolling Stone မဂ္ဂဇင်းနဲ့ ပြုလုပ်တဲ့ ဓာတ်ပုံရိုက်ကူးခြင်း အပြီးမှာ အင်တာဗျူးတွေကို လက်ခံဖြေကြားပေးခဲ့ပါသေးတယ်။

သရုပ်ဆောင်ခြင်းနဲ့ မော်ဒယ်လုပ်ခြင်း အနုပညာလုပ်ရှားမှုတွေကိုလည်း ပြန်လည်လုပ်ဆောင်နေပြီဖြစ်ပါသတဲ့။ လက်ရှိတွဲနေတဲ့ ချစ်သူ ဂီတသမား မိုက်ကယ်စနုဒီနဲ့ အချစ်ဇာတ်လမ်းကို မိတ်ဆွေအပေါင်းအသင်းတွေက စိုးရိမ်နေကြတယ်လို့ နီးစပ်သူတွေက ပြောကြပါတယ်။

မိုက်ကယ်စနုဒီနဲ့ ပဲရစ်ဂျက်ဆင်တို့ဟာ အရက်စွဲသူများ စကားပြောကြတဲ့ နေရာမှာ သိကျွမ်းခင်မင်ရာက ချစ်သူဖြစ်သွားကြပါတယ်။

ပဲရစ်ဂျက်ဆင်ရဲ့ ချစ်သူဟာ ကောင်မလေးအပေါ်ကို တွယ်ကပ်လွန်းတယ်လို့ မိတ်ဆွေတွေက ဝေဖန်ကြပေမယ့် ပဲရစ်ဂျက်ဆင်ကတော့ ချစ်သူကောင်လေး နေထိုင်ရာ လော့အိန်ဂျလိစ်မြို့ကို ရီးယားရပ်ကွက်က အခန်းမှောင်မှောင်လေးကို ပြောင်းသွားခဲ့ပါတယ်တဲ့။ **F-02**

# Movie Guide: A Dog's Purpose



ဒီဇာတ်ကားကတော့ ခွေးလေးတစ်ကောင်က လေးဘဝပြောင်းပြီးတဲ့နောက်မှာ သူ့ကို ပထမဆုံးကောက်ယူမွေးစားခဲ့တဲ့ သခင်ဖြစ်သူနဲ့ ပြန်လည်ဆုံစည်းခွင့်ရတဲ့ အကြောင်းကိုရိုက်ကူးထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ စာရေးဆရာ W. Bruce.Cameron ရဲ့ဝတ္ထုကို အခြေခံကာ ဒါရိုက်တာ Lasse Hallstrom က ရိုက်ကူးထားပြီး သရုပ်ဆောင် Dennis Quaid၊ Britt Robertson နဲ့ Josh Gad တို့က ပါဝင်သရုပ်ဆောင်ထားကြပါတယ်။

ဇာတ်လမ်းကတော့ လေးဘဝပြောင်းခဲ့ရတဲ့ Bailey ဆိုတဲ့ ခွေးလေးတစ်ကောင်ရဲ့ ဘဝဇာတ်ကြောင်းကို သူမွေးဖွားလာရာကနေ သေဆုံးတဲ့ အချိန်အထိ ပုံဖော်ရိုက်ကူးပြထားတာပါ။ Baily က ၁၉၅၀ ပြည့် နှစ်ကျော် ကာလကနေ ၂၀၀၀ ပြည့်နှစ်ကျော်ကာလအထိ လေးဘဝတိတိ ဖြတ်သန်းခဲ့ရပါတယ်။ ပထမဘဝမှာတော့ ခွေးပေါက်စလေး တစ်ကောင် ဖြစ်တဲ့ Bailey ကို Ethan ဆိုတဲ့လူငယ်လေးနဲ့ သူ့မိခင်တို့က ကောက်ယူမွေးစားခဲ့ကြပါတယ်။

Ethan တို့မိသားစုရဲ့ပြုစုစောင့်ရှောက်ပေးမှုကြောင့် Baiey က အရွယ်ရောက်လာခဲ့ပါတယ်။ သူ့လိုပဲ သခင်ဖြစ်တဲ့ Ethan ကလည်း အထက်တန်းကျောင်းသားအရွယ် ရောက်လာခဲ့ပါတယ်။ Ethan က ကျောင်း လက်ရွေးစင်ဘောလုံးသမားတစ်ယောက်ဖြစ်ပြီး သူ့ရဲ့အတန်းဖော် Hannah ဆိုတဲ့ ကောင်မလေးနဲ့ မေတ္တာမျှနေတာပါ။ တစ်နေ့မှာတော့ Ethan ရဲ့ ဖခင်နဲ့ မိခင်တို့စကားများရန်ဖြစ်ကြပါတယ်။ မိခင်ကို ကိုယ်ထိလက်ရောက်နှိပ်စက်တဲ့ ဖခင်ဖြစ်သူကို အိမ်ကနေ ထွက်သွားဖို့၊ ဘယ်တော့မှ သူတို့ဘဝထဲကို ပြန်မလာဖို့ Ethan က ပြောပါတယ်။

Etahan ကို ကျောင်းမှာ ချစ်တဲ့သူတွေရှိသလို၊ မုန်းတဲ့သူတွေလည်းရှိပါတယ်။ သူ့အပေါ်ရန်ငြိုးထားနေတဲ့ ကျောင်းသားတစ်ယောက်က တစ်ရက်မှာတော့ Ethan တို့ အိမ်ထဲကိုမီးရှူးမီးပန်းတစ်ခု ပစ်ဖောက်ခဲ့မှုကြောင့် အိမ်မီးလောင်ခဲ့ပါတယ်။ အိပ်မောကျနေတဲ့ Ethan တို့ သားအမိကိုတော့ ခွေးလေး Bailey က နှိုးခဲ့တဲ့အတွက် အချိန်မီနိုးခဲ့ပြီး ပြတင်းပေါက်ကနေ ခုန်ချထွက်ပြေးနိုင်ခဲ့ပါတယ်။ မီးလောင်ခံရမယ့်ဘေးကနေ လွတ် မြောက် ခဲ့ပေမယ့် Ethan ရဲ့ ခြေထောက်ကျိုးသွားခဲ့ပါတယ်။ Ethan က ထူးချွန်တဲ့ အားကစားသမား ဖြစ်ချင်တဲ့ သူ့ရဲ့အိပ်မက်ကို စွန့်လွှတ်ခဲ့ရပြီး စိုက်ပျိုးရေးတက္ကသိုလ်ကိုသာ ရွေးချယ်တက်ရောက်ခဲ့ရပါတယ်။ ဘဝကံကြမ္မာဆိုးနဲ့ ကြုံခဲ့ရတဲ့အပေါ် နာကျင် ဝမ်းနည်းနေတဲ့ Ethan က ချစ်သူ Hannah နဲ့လည်း လမ်းခွဲခဲ့ရပါတယ်။

Ethan တို့ မိသားစုပြောင်းရွှေ့သွားပြီး နောက်ပိုင်းမှာ အသက်အရွယ်အိုမင်းမစွမ်း ဖြစ်လာတဲ့ Bailey ကို တိရစ္ဆာန်ဆေးကု ရာဝန်တစ်ယောက်က သတ်ပေးခဲ့ရပါတယ်။ Bailey က နောက်ထပ်ဘဝသုံးခုကို ဖြတ်သန်းရဦး မှာပါ။ ဘယ်ဘဝမှာ သူ့ရဲ့ သခင်ဟောင်း Ethan နဲ့ ပြန်လည်ဆုံစည်းရမှာလဲ။ သူချစ်ရတဲ့ သခင် Ethan ရဲ့ဘဝကို ရော Bailey က ဘယ်လို ပြောင်းလဲပေးသွားမှာလဲဆိုတာ ဆက်လက်ရှုစားရမှာပါ။

# “ကျွန်မယောက်ျားက Gay ပါလို့တစ်ခါမှမပြောခဲ့ဖူးဘူးလို့ ကျွန်မက ပြန်ပြောလိုက်တယ်။ ကိုယ်မပြောတဲ့ စကားတစ်ခွန်းကို ပြောတယ်လို့ ရေးတာက အသရေဖျက်မှုလေ”

## နန္ဒာသန်းနဲ့ တွေ့ဆုံခြင်း

သန့်ဇင်ဦး


ဓာတ်ပုံ- နန္ဒာသန်း Facebook Page

**ထူးခြားတဲ့ သီဆိုဟန်၊ ဆန်းပြားတဲ့ဖက်ရှင်တွေကြောင့် ပရိသတ်တွေရဲ့ စိတ်ဝင်စားအားပေးမှုကို ရရှိနေတဲ့ တေးသံရှင် မြန်မာပြည်သိန်းတန်ကို နောက်ကွယ်ကနေ ပံ့ပိုးပေးနေသူက ဇနီးဖြစ်သူ ဒေါက်တာ နန္ဒာသန်းပါ။ တေးသံရှင်မြန်မာပြည်သိန်းတန်နဲ့ မခွဲမခွာ အမြဲလိုလို မြင်တွေ့ရလေ့ရှိတဲ့ ဒေါက်တာနန္ဒာသန်းနဲ့ တွေ့ဆုံပြီး လတ်တလော ပရိသတ်တွေ စိတ်ဝင်စားနေတဲ့ Myanmar Idol သီချင်းဆိုပြိုင်ပွဲမှာ အကဲဖြတ်ဒိုင်တစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်ပေးနေတဲ့ ဦးသိန်းတန်ရဲ့ ဖက်ရှင်များအကြောင်း၊ နှစ်ယောက်ဖူးစာဆုံခဲ့တဲ့အကြောင်းတွေနဲ့ မြန်မာပြည်သိန်းတန်ကို Gay လို့ စွပ်စွဲပြောဆိုကြတာတွေနဲ့ ပတ်သက်ပြီး သူ့ဖြေရှင်းချက်တွေကို The Voice က မေးမြန်းဖော်ပြထားပါတယ်။**

**Voice: Myanmar Idol သီချင်းဆိုပြိုင်ပွဲမှာ ဦးသိန်းတန် ဝတ်တဲ့ အဝတ်အစားဖက်ရှင်တွေအတွက် သိန်းတစ်ထောင်လောက် အကုန်အကျခံထားတယ်လို့ သိရတယ်လေ။ အဲ့ဒီအကြောင်းကနေ စပြီး ပြောပြပေးပါဦး။**

**NNDT:** သူဝတ်တဲ့ အင်္ကျီ၊ ဘောင်းဘီ၊ ခါးပတ်၊ ဖိနပ်၊ မျက်မှန်တွေက ပြည်ပကနေ ဝယ်ခဲ့တာတွေ ချည်းပါပဲ။ ခါးပတ်ဆိုရင်လည်း အမေရိကန်ဒေါ်လာ ၂၉၀၀ လောက်ကျတယ်။ မြန်မာငွေနဲ့ ဆိုရင် သိန်းသုံးဆယ် ကျော်တာပေါ့နော်။ အင်္ကျီတွေ၊ ဖိနပ်တွေမပါသေးပါဘူး။ အဝတ်အစား တစ်စုံကို သိန်းသုံးဆယ်လောက်ကျတယ်ပဲထား။ ဆယ်စုံကို သိန်းသုံးရာ လောက်ကျမယ်။ ဝတ်စုံ အစုံ ၃၀ ဆို သိန်း ၉၀၀ ပေါ့။ Myanmar Idol Season တစ်ခုလုံးအတွက်ကျတော့ ၃၅ စုံလောက်ချုပ်ရတာကိုး။ အဲ့ဒီအတွက် သိန်းတစ်ထောင်နီးပါးလောက် ကျသွားတယ်။ ဖိနပ်ဆိုလည်း Prada တို့၊ မျက်မှန်ဆိုလည်း Louis Vitton၊ Gucci တို့မှ သူက တပ်တာကိုး။ သူက အဝတ်အစားဆိုအကောင်းကြိုက်တယ်။ သူကြိုက်တဲ့ ဟာတွေကလည်း ဈေးကြီးတယ်လေ။ အဝတ်အစားတွေ ဆိုလည်း မထပ်အောင်လည်း ချုပ်ပေးရတယ်။

**Voice: အဝတ်အစားဖက်ရှင်တစ်ခုတည်းအတွက်ကို ဒီလောက် အကုန်အကျခံပြီး လုပ်ဖြစ်တာကရော ဘာကြောင့်ဖြစ်မလဲ။**

**NNDT:** Sky Net ကလည်. ကိုသိန်းတန်ကို ဖက်ရှင်အဆန်းလေးတွေ ဝတ်စေချင်တယ်။ သူကိုယ်တိုင်ကလည်း အကောင်းကြိုက်တယ်။ မျက်မှန်ဆိုလည်း ရေဘင်လောက်ဆို သူက မတပ်ချင်ဘူး။ နိုင်ငံခြားမှာလည်း နေခဲ့တော့ အကောင်းကြိုက်တတ်နေတာပေါ့။ ဝတ်မယ့်ဝတ်မှတော့ သူက ပရိသတ်ကိုလည်း ဖက်ရှင်အဆန်းလေးတွေပဲ ဝတ်ပြချင်တယ်။ အဆိုတော်တစ်ယောက်ရဲ့ အသံကို ပရိသတ်က နားနဲ့ ခံစားလို့ရတယ် ဆိုပေမယ့်၊ အဝတ်အစား ဖက်ရှင်လေးပါ တွဲပါရင်တော့ မျက်စိပသာဒ ပိုဖြစ်တာပေါ့နော်။ ကိုသိန်းတန်ကိုယ်တိုင် အဲ့ဒီလို ဝတ်ရ စားရတာ၊ ပျော်တယ်၊ စိတ်ချမ်းသာတယ်ဆိုတော့ ကိုယ်ကလည်း လိုက်လုပ်ပေးတာပေါ့လေ။

**Voice: ဦးသိန်းတန်ပါတဲ့ ပွဲ တိုင်းမှာ ဘေးကနေပြီး လိုအပ်တာတွေကို အသေးစိတ်ပြောပြပေး၊ လိုက်လုပ်ပေးတာ တွေ့ရတယ်နော်။အန်တီတို့ အိမ်ထောင်သက်ကျတော့ရော ဘယ်လောက်လောက်ရှိပြီလဲ။**

**NNDT:** သူနဲ့ အန်တီက မြန်မာပြည်မှာ နေကတည်းက သိခဲ့တာပါ။ အန်တီ ဆရာဝန်မဖြစ်ခင်ကတည်းက မပုလဲနဲ့ ပတ်သက်ပြီး သိခဲ့တာပါ။ မပုလဲက မေမြို့က၊ အန်တီတို့က မန္တလေးမှာ ဆေးတက္ကသိုလ်တက်တာကိုး။ မပုလဲနဲ့ မေမြို့မှာ ခင်ပြီးတော့ ကိုသိန်းတန်တို့ တီးဝိုင်းတွေ ဘာတွေလာတယ်ဆို ရင် ဆုံဖြစ်တာပေါ့လေ။ မပုလဲကလည်း ကိုသိန်းတန်က ဘယ်လိုရိုးတဲ့အကြောင်း ပြောပြတာပေါ့လေ။ အန်တီ အင်္ဂလန်ကိုထွက်သွားတော့ နောက်ပိုင်း မတွေ့ဖြစ်ကြတော့ဘူး။ အင်္ဂလန်မှာ မေ့ဆေးပါရဂူဘွဲ့ယူပြီးတော့မှ အမေရိကကို ပြောင်းတယ်။ ကိုသိန်းတန်က အမေရိကကို ရောက်လာပြီးနောက်ပိုင်းမှ ပြန်တွေ့ကြတာပါ။ ပထမတော့ သူ့ရောဂါတွေ ဘာတွေဆေးကုဖို့အတွက် မိတ်ဆွေတွေလိုပဲ ပြန်ဆုံဖြစ်တာပါ။ နဂိုကတည်းက ခင်မင်ရင်းနှီးခဲ့တော့ သံယောဇဉ်တော့ ရှိခဲ့တာပေါ့လေ။ နောက်ပိုင်းမှာ နှစ်ယောက်က ဖူးစာပြန်ဆုံခဲ့တာပေါ့။

**Voice: ဦးသိန်းတန်ရဲ့ဟန်ပန်အမူအရာကိုကြည့်ပြီး တချို့လူတွေက Gay လို့ ပြောကြတဲ့အပေါ် အန်တီပြန် ဖြေရှင်းထားတာလည်း တွေ့ပါတယ်။**

**NNDT:** ဒီကိစ္စနဲ့ပတ်သက်ပြီး သေချာပြန်ဖြေရှင်းတာမျိုးတော့ မရှိပါဘူး။ တစ်ခါတော့ ရင်းနှီးတဲ့ ကလေးတွေက Facebook သတင်း တစ်ခုမှာ ဦးသိန်းတန်က Gay လို့ ပြောတယ်။ သူ့မိန်းမကလည်း ဝန်ခံထားတယ်လို့ ပြော တယ်တဲ့။ အန်တီက ချက်ချင်းပဲပြန်ပြောတယ်။ တို့က အင်္ဂလန်မှာရော အမေရိကမှာပါ ဆရာဝန်လုပ်ခဲ့တဲ့ လူပါလို့။ Gay ကြီး တစ်ယောက်ကို အိမ်ထောင်ဖက်အဖြစ် ပေါင်းမလားဆိုတာ ဦးနှောက်လေးနဲ့ စဉ်းစားပြီးတော့ ပြောလို့ ပြန်ပြောလိုက်တယ်။ ဒီလိုမဟုတ်ဘဲနဲ့ ပြောတာမျိုးက အမှန်ဆို တရားစွဲလို့ရပါတယ်။ ကျွန်မယောက်ျားက Gay ပါလို့ တစ်ခါမှ မပြောခဲ့ဖူးဘူးလို့ ကျွန်မက ပြန်ပြောလိုက်တယ်။ ကိုယ်မပြောတဲ့ စကားတစ်ခွန်းကို ပြောတယ်လို့ ရေးတာက အသရေဖျက်မှုလေ။ ဒီလိုအမှုမျိုးက တရားစွဲရင် အာမခံမရဘူးလေ။ ကိုယ်မပြောဘဲနဲ့ ရေးတာမျိုးကို ကျတော့ မခံနိုင်တဲ့အတွက် တစ်ခါတော့ ပြန်ရှင်းဖူးပါတယ်။ တော်ရုံတန်ရုံပြောတာ၊ ရေးတာတွေ ကတော့ ဖတ်လည်း ဖတ်မနေဘူး။ ဒါတွေကိုဖတ်ဖို့ အားလည်းမအားဘူး။ သူများ ပြောသံတော့ ကြားပေမယ့် ဒါတွေကို အဲ့ဒီလောက်ကြီး အရေး တယူလုပ်နေဖို့ အချိန်လည်း မရှိပါဘူး။ ပြောတဲ့သူတွေက စိတ်ချမ်းသာ တယ်ဆိုရင် ပြောကြပါစေ။

**Voice: ဦးသိန်းတန်က အနုပညာလောကနဲ့ မစိမ်းတဲ့သူဆိုတော့ သရုပ်ဆောင်လုပ်ရတာက သူ့အတွက် အခက်အခဲ တချို့ရှိနိုင်ပေမယ့် သိပ်အများကြီးမဟုတ်ဘူးလေ။ အန်တီလုပ်ခဲ့တဲ့ ဆရာဝန်အလုပ်နဲ့ သရုပ်ဆောင်အလုပ်က ကျတော့ သတ်သတ်စီဖြစ်တော့ ဘယ်လို အခက်အခဲတွေရှိခဲ့လဲ။**

**NNDT:** အမှန်ပြောရရင် အန်တီ့အတွက်က သရုပ်ဆောင်လုပ်ရတာ ပိုလွယ်နေတယ်။ ဒါရိုက်တာ ကျော်ဇောလင်းနဲ့ ဖက်ရှင်ရုပ်ရှင် ဇာတ်ကားရိုက်တော့ သူက ပြောတယ်။ အခုမှ သိတယ်။ အန်တီက သရုပ်ဆောင်ပိုးပါနေတယ်တဲ့။ မန္တလေး ဆေးတက္ကသိုလ်မှာ အန်တီ တက်နေတုန်းက ဦးကလည်း သကြ်န်ဆိုရင် မန္တလေးကို ဆင်းလာ တယ်လေ။ မြို့မှာ သူ့သီချင်းတွေ ဘာတွေ တိုက်တယ်ဆို ကိုယ်ကလည်း သကြ်န်အကတွေ ဘာတွေ ကရတယ်။ အဲ့ဒီတုန်းက ရုပ်ရှင်ရိုက်မလားလို့ ကမ်းလှမ်းတဲ့သူရှိတယ်။ ကိုယ်ကလည်း ဆေးကျောင်းက မပြီးသေး တော့ မိဘကလည်း သဘောမတူ ဘူးပေါ့လေ။ ကိုယ်ကလည်း ဆရာဝန်တော့ဖြစ်ချင်သေးတယ်။ နိုင်ငံခြားသွားဖို့ စာတွေလည်း ကျက်ထားတော့ လိုင်းမလွဲချင်တာနဲ့ပဲ သရုပ်ဆောင်မလုပ်ဖြစ်ခဲ့ဘူး။ အဲ့ဒီအချိန်တုန်းကတည်းက သရုပ်ဆောင် ပိုးကတော့ ကိန်းအောင်း နေတာပေါ့လေ။ ဒါပေမဲ့ ဘဝအတွက် အရင်ဦးစားပေးရမယ့်ဟာကို ရွေးချယ်လိုက်တာပေါ့။ အဲ့ဒီတုန်းက အဲ့ဒီလိုဆုံးဖြတ်ခဲ့တာလည်း မှန်ပါတယ်။ အဲ့ဒီအချိန်တုန်းက မင်းသမီးလုပ်လိုက်ရင်လည်း အခုလို ဆရာဝန်တွေဘာတွေ ဖြစ်မှာမဟုတ်ဘူး။ အခုဇာတ်ကား ပြန်ရိုက်တော့လည်း တစ်ချိန်က မြုပ်နေတဲ့ ပိုးက ပြန်ကြွလာတာပေါ့။ ကိုသိန်းတန် ထက်တောင် ကိုယ်ကရိုက်ရတာ အဆင်ပြေနေသေးတယ်။




# ကြည့်ရှုသူပရိသတ် ငါးသန်းကျော်သွားပြီဖြစ်တဲ့ ကိုရီးယားရုပ်ရှင် Confidential Assignment

**ဆိုးလ်၊ ဖေဖော်ဝါရီ ၆**

တောင်ကိုရီးယားနိုင်ငံမှာ လက်ရှိရုံတင်ပြသနေတဲ့ Confidential Assignment ရုပ်ရှင်ဇာတ်ကားကို လာ ရောက် ကြည့်ရှု အား ပေးတဲ့ ပရိသတ်ဦးရေ ငါးသန်းကျော်သွားခဲ့ပြီဖြစ်ကြောင်း kpop herald.com မှာ ဖော်ပြထားပါ တယ်။

ဟာသ၊ အက်ရှင် ရုပ်ရှင်ဇာတ်ကားဖြစ်တဲ့ Confidential Assignment ကို ရုံတင်ပြသတဲ့ ၁၅ရက်တာကာလအတွင်းမှာ ပရိသတ်ငါးသန်းကျော် လာရောက်ကြည့်ရှုခဲ့တာဖြစ်ကြောင်း ကိုရီးယားနိုင်ငံရဲ့ ရုပ်ရှင်ကောင်စီကနေ ထုတ်ပြန်တဲ့စာရင်းများအရ သိရပါတယ်။

သရုပ်ဆောင် ဟွမ်ဘင်းနဲ့ ယိုဟေဂျင်း တို့ပါဝင်သရုပ်ဆောင်ထားတဲ့ Confidential Assignment ရုပ်ရှင်ဇာတ်ကားက ထိပ်ဆုံးမှာ ဦးဆောင်နေတဲ့ နိုင်ငံရေးနောက်ခံ ရုပ်ရှင်ဇာတ်ကား The King ကို ဖြတ်ကျော်ပြီး ပရိသတ်ကြည့်ရှုမှု အများဆုံးဇာတ်ကားအဖြစ် ဦးဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

ဒီရုပ်ရှင်ဇာတ်ကား မှာတော့ တောင်ကိုရီးယားနိုင်ငံက ရဲစုံထောက်တစ်ယောက်နဲ့ မြောက်ကိုရီးယားနိုင်ငံက ရဲစုံ ထောက် တစ်ယောက်တို့က တောင်ကိုရီးယားနိုင်ငံအတွင်းမှာ အခြေစိုက်လှုပ်ရှားနေတဲ့ မြောက်ကိုရီးယား ဒုစရိုက် ဂိုဏ်းတစ်ခုကို ပူးပေါင်းဖြိုခွင်းတဲ့အကြောင်းကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားတာဖြစ်ပါတယ်။




# တစ်ခုခုဖြစ်လျှင် တရားရုံးများအပြစ်ဟု ထရမ့်ဆို

**ဝါရှင်တန်၊ ဖေဖော်ဝါရီ ၅**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က သူ၏ခရီးသွားလာခွင့်ပိတ်ပင်သည့် အမိန့်ကို တားဆီးခဲ့သော တရားသူကြီးကို ပြစ်တင်ဝေဖန်ခဲ့သလို တစ်ခုခုဖြစ်လာခဲ့လျှင် တရားရုံးများကို အပြစ်တင်ရမည်ဟု ပြောကြားခဲ့ကြောင်း BBC သတင်းဌာနက ဖော်ပြသည်။

အမေရိကန်သို့ ဝင်ရောက်လာသူများကို သေသေချာချာဂရုစိုက်စစ်ဆေးရန် နယ်ခြားတာဝန်ရှိသူများကို ညွှန်ကြားထားကြောင်းလည်း ထရမ့်ကပြောကြားခဲ့သည်။

မွတ်ဆလင်လူများစုရှိရာ ၇ နိုင်ငံမှ နိုင်ငံသားများကို ပြည်ဝင်ခွင့်ပိတ်သည့် အမိန့်ကို ဆီယက်တဲလ်ရှိ ပြည်ထောင်စုတရားသူကြီးတစ်ဦးက ယာယီဟန့်တားခဲ့ပြီးနောက် ထရမ့်အစိုးရကိုယ်စား တရားရေးဌာနက အယူခံတက်ခဲ့သည်။

သို့သော်လည်း ပြည်ထောင်စု အယူခံတရားရုံးက အစိုးရ၏ အရေးပေါ်လျှောက်ထားမှုကို ပယ်ချခဲ့သည်။

သို့ဖြစ်ရာ အမှုကို အပြည့်အဝကြားနာပြီး စီရင်ချက်မချသေးမီအထိ ထရမ့်၏ ပြည်ဝင်ခွင့်ပိတ်သည့်အမိန့်ကို ရပ်ဆိုင်းထားရမည်ဖြစ်သည်။

အီရတ်၊ ဆီးရီးယား၊ အီရန်၊ လစ်ဗျား၊ ဆိုမာလီယာ၊ ဆူဒန်နှင့် ယီမင်နိုင်ငံသားများမှာ တရားဝင်ဗီဇာနှင့် အခြား လူဝင်ခွင့်အထောက်အထားများဖြင့် ဆက်လက်ဝင်ရောက်ခွင့်ရှိနေခဲ့သည်။

အိမ်ဖြူတော်၏ အမိန့်ကို အမေရိကန်ပြည်နယ်နှစ်ခုက ကန့်ကွက်ခဲ့ခြင်းဖြစ်ပြီး ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် နှစ်ဖက်စလုံးမှ အသေးစိတ်လျှောက်လဲချက်များ ထပ်မံတင်ပြရမည်ဖြစ်သည်။

ဖေဖော်ဝါရီလ ၅ ရက်နေ့တွင် သမ္မတထရမ့်က သူ့အမိန့်ကို ဟန့်တားခဲ့သော တရားသူကြီး ဂျိမ်းစ်ရောဘတ်နှင့် တရားစီရင်ရေးစနစ်ကို ဝေဖန်ခဲ့သည်။

"ကျုပ်တို့တိုင်းပြည်ထဲဝင်ရောက်တဲ့သူတွေကို သေသေချာချာဂရုစိုက်စစ်ဆေးဖို့ အမိမြေလုံခြုံရေးဌာနကို ညွှန်ကြားခဲ့တာ။ တရားရုံးတွေက ဒီအလုပ်ကို အရမ်းခက်ခဲအောင်လုပ်နေတယ်" ဟု ထရမ့်က တွစ်တာလူမှုကွန်ရက်တွင် ရေးသားခဲ့သည်။

"ကျုပ်တို့တိုင်းပြည်ကို တရားသူကြီးတစ်ယောက်က ဒီလိုအန္တရာယ်ရှိလာအောင် လုပ်နိုင်တယ်ဆိုတာ မယုံနိုင်လောက်အောင်ပဲ၊ တစ်ခုခုသာဖြစ်လို့ကတော့ သူနဲ့ တရားရုံးစနစ်ကိုပဲ အပြစ်တင်ကြတော့။ လူတွေဝင်လာပြီ၊ တော်တော်ဆိုးတာပဲ" ဟုလည်း ထရမ့်က တွစ်တာတွင် ရေးသားခဲ့သည်။

အစောပိုင်းတွင်လည်း သမ္မတသည် တရားသူကြီး ရောဘတ်၏ စီရင်မှုမှာ ကြောင်တောင်တောင်နိုင်သည်ဟု ဝေဖန်ခဲ့သလို အမည်ခံတရားသူကြီးဟုလည်း အပုပ်ချခဲ့သည်။

အစိုးရကိုယ်စား တရားရေးဌာန၏ လျှောက်ထားမှု၌ တိုင်းပြည်တွင်းသို့ မည်သူများ ဝင်လာနိုင်သည်၊ လာနေနိုင်သည်ဆိုခြင်းကို သမ္မတကသာ ဆုံးဖြတ်နိုင်ကြောင်း တင်ပြထားသည်။

သမ္မတ၏အမိန့်ကို စိန်ခေါ်သော ဝါရှင်တန်နှင့် မင်နီဆိုးတားပြည်နယ်တို့၏ တင်ပြချက်တွင်မူ ယခုပိတ်ပင်မှုသည် အခြေခံဥပဒေနှင့်မညီသလို တရားဝင်လာရောက်ရန် အထောက်အထားရှိသူများ၏ ခရီးသွားလာခွင့်ကို မျှတစွာမဆောင်ရွက်ပေးဘဲ ဟန့်တားရာရောက်နေသည်ဟု တင်ပြထားသည်။

ယင်းအပြင် မွတ်ဆလင်များကို ပစ်မှတ်ထားသောကြောင့် ဘာသာရေးလွတ်လပ်ခွင့်ကိုလည်း ထိခိုက်စေကြောင်း တင်ပြထားသည်။

■ F-03

**ကျောချုံး - စကော့တလန်လွတ်လပ်ရေး လူထုဆန္ဒခံယူပွဲ ကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အတွင်း ဆုံးဖြတ်မည် မှအဆက်**

"ပုဒ်မ ၅၀ ကိုလာမယ့်လမှာ ကျင့်သုံးမှာဖြစ်တဲ့အတွက် အဲဒါနဲ့ချိန်ပြီး လုပ်နေပါတယ်။ ဆန္ဒခံယူပွဲလုပ်မလို့ဆိုတာ အချိန်အကန့်အသတ်အရ ပိုရှင်းရှင်းလင်းလင်းဖြစ်မှုရပါတော့မယ်"ဟု ဂရီးယားက The Herald သတင်းစာသို့ ပြောကြားသည်။

စကော့တလန်သည် ဗြိတိန်ဘုရင့်ပြည်ထောင်စုတွင် ပါဝင်သော တိုင်းပြည်လေးခုအနက်မှ တစ်ခုဖြစ်ပြီး ကျန်တိုင်းပြည်များမှာ အင်္ဂလန်၊ ဝေလနှင့် မြောက်အိုင်ယာလန်တို့ဖြစ်သည်။ (၎င်းတို့ကို ပြည်နယ်များ States, Provinces ဟု မသုံးဘဲ Nations, Countries ဟု သာသုံးသောကြောင့် ပြည်ထောင်စုဝင် တိုင်းပြည်များဟု သုံးနှုန်းခြင်းဖြစ်သည်)

ဥရောပသမဂ္ဂနှင့် ခွဲရေး၊ တွဲရေး လူထုဆန္ဒခံယူပွဲတွင် စကော့တလန်က တွဲရေးဘက်က မဲပေးခဲ့သော်လည်း ဘုရင့်ပြည်ထောင်စု တစ်ခုလုံးပေါင်းမဲတွင် ခွဲရေးက နိုင်သွားခဲ့သည်။

သို့ဖြစ်ရာ သမဂ္ဂတွင် ဆက်လက်နေလိုပါက ဗြိတိန်မှခွဲထွက်ပြီး စကော့တလန်နိုင်ငံအဖြစ် ဥရောပသမဂ္ဂ အတွင်း ဝင်ရောက်ရေးကို ရွေးချယ်ရန် လိုအပ်နေသည်။

ခွဲရေးညှိနှိုင်းမှုများမှာ စကော့တလန်သားတို့၏ ဆန္ဒကို ကိုယ်စားမပြုဟု စကော့တလန်ဝန်ကြီးချုပ် နီကိုလာ စတာဂျင်၏ အမျိုးသားရေးဝါဒီများက ထောက်ပြထားသည်။

၎င်းတို့က ခွဲရေးတွင် စကော့တလန်အတွက် အထူးသဘောတူညီချက်တစ်ခု ယူပေးရန် ဗြိတိန်ပြည်ထောင်စုအစိုးရကို အဆိုပြုထားသည်။

စကော့တလန်ပြည် ပါလီမန်တွင် စတာဂျင်၏ စကော့တစ်ရှ်အမျိုးသားပါတီက အမတ် ၆၃ နေရာရှိပြီး ဂရင်းပါတီက ခြောက်နေရာရှိရာ နှစ်ပါတီပေါင်း အမတ်နေရာသည် လူထုဆန္ဒခံယူပွဲတစ်ရပ်ကျင်းပရန် လုံလောက်သည့်အင်အား ရှိနေသည်။

လုပ်ထုံးလုပ်နည်းအရ အဓိကအချုပ်အခြာပိုင်သော ဗြိတိန်ပါလီမန်က လူထုဆန္ဒခံယူပွဲကို ဟန့်တားနိုင်သော်လည်း စကော့လူထုကသာ ဗြိတိန်မှခွဲရေးကို လိုလားလျှင် လူထုဆန္ဒကို လွန်ဆန်ရာရောက်သွားနိုင်သည်။

■ F-03




ဂရီယားသည် ၂၀၁၄ ခုနှစ်တွင် တွဲရေးဘက်က နိုင်သွားသည့် လွတ်လပ်ရေးဆန္ဒခံယူပွဲတွင် ခွဲရေးဘက်က မဲဆွယ်ခဲ့သူဖြစ်သည်

# ဖိလစ်ပိုင်သမ္မတ ဒူတာတေး သူပုန်များနှင့်ဆွေးနွေးရန် အသင့်မဖြစ်သေး

**မနီလာ၊ ဖေဖော်ဝါရီ ၆**

ယခုလနှောင်းပိုင်းတွင် ကျင်းပရန် စီစဉ်ထားသော ကွန်မြူနစ်သူပုန်များနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ဖျက်သိမ်းလိုက်သည်ဟု ဖိလစ်ပိုင်သမ္မတ ဒူတာတေးက ပြောကြားကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။




ဖိလစ်ပိုင်အစိုးရနှင့် သူပုန်များအကြား ပဋိပက္ခကြောင့် လူထောင်နှင့်ချီ၍သေဆုံးခဲ့ရသည်

ပြည်သူ့တပ်မတော်သစ် NPA နှင့် နော်ဝေးတွင်ကျင်းပမည့် ဆွေးနွေးပွဲကို ဖျက်သိမ်းလိုက်ပြီး အစိုးရညှိနှိုင်းရေးတာဝန်ခံများကို ပြန်လာရန် ညွှန်ကြားထားသည်ဟု ဒူတာတေးက ပြောကြားသည်။

အစိုးရက အကျဉ်းသား ၄၀၀ ကို လွှတ်ပေးရန် သူပုန်များက တောင်းဆိုခြင်းသည် များလွန်းကြောင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်စရန် ၎င်းအနေနှင့် အဆင်သင့်မဖြစ်သေးကြောင်း ဒူတာတေးက ပြောကြားခဲ့သည်။

"ကျုပ်ဘက်က အများကြီး ကြိုးစားခဲ့ပါတယ်၊ အော်စလိုဆွေးနွေးပွဲကိုသွားနိုင်အောင် သူတို့ခေါင်းဆောင်တွေကိုလည်း ထောင်ကလွှတ်ပေးခဲ့တယ်" ဟု ၎င်းကဆိုသည်။

ပြည်ပတွင် ဆွေးနွေးပွဲတက်ရန် အစိုးရက ထောင်မှယာယီလွှတ်ပေးခဲ့သော ကွန်မြူနစ်ခေါင်းဆောင်များမှာ ယခုအခါ ထောင်ထဲသို့ပြန်ဝင်ရမည့် အရေးနှင့် ရင်ဆိုင်နေရသည်ဟု ဒူတာတေးက ပြောကြားသည်။ သူပုန်များကမူ ချက်ချင်း မှတ်ချက်ပေးခြင်း မပြုသေးပေ။

အီတလီတွင် ယခင်အပတ်က ပြုလုပ်သော ဆွေးနွေးပွဲတွင် အစိုးရအား နိုင်ငံရေးအကျဉ်းသား ၄၀၀ လွှတ်ပေးရန် သူပုန်များက တောင်းဆိုမှုကြောင့် ဆွေးနွေးပွဲ ပျက်ပြားသွားခဲ့သည်။

နှစ်ဖက်တပ်များအကြား ခြောက်လကြာ အပစ်ရပ်စဲထားမှုမှာလည်း မကြာသေးမီက ကျိုးပေါက်သွားကာ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားလျက်ရှိသည်။

ဖိလစ်ပိုင်တွင် ကွန်မြူနစ်သူပုန်များနှင့်ဖြစ်ပွားနေသောပြည်တွင်းစစ်သည် နှစ် ၅၀ ကြာပြီဖြစ်ပြီး လူ့အသက်ပေါင်း ၃၀,၀၀၀ ခန့် ဆုံးရှုံးခဲ့ပြီဖြစ်သည်။

သဘောတူညီချက် ရသည့်တိုင် လက်နက်မစွန့်ဟု ပြောကြားထားသော သူပုန်များသည် ဖိလစ်ပိုင်တွင် အမေရိကန်တပ်ဖွဲ့များ ရှိနေခြင်းကို ဆန့်ကျင်သူများဖြစ်သည်။

ကွန်မြူနစ်သူပုန်များသည် ၁၉၈၀ ခုနှစ်များကတည်းက အစိုးရအဆက်ဆက်နှင့် ဆွေးနွေးခဲ့သော်လည်း ငြိမ်းချမ်းရေးမှာ အလှမ်းဝေးနေဆဲဖြစ်သည်။ ■ F-04

# ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်သည်ဟု ပြင်သစ်သမ္မတလောင်း ထုတ်ပြန်

**ပါရီ၊ ဖေဖော်ဝါရီ ၆**

ဂလိုဘယ်လိုက်ဇေးရှင်းနှင့် အစွန်းရောက် အစ္စလာမ်ဝါဒကို ဆန့်ကျင်သည်ဟု ပြင်သစ်လက်ယာစွန်းရောက် အမျိုးသမီး သမ္မတလောင်း မာရင်းလာပင်း က ၎င်း၏ ရွေးကောက်ပွဲစည်းရုံးမှုတွင် ထည့်သွင်း ထုတ်ပြန်လိုက်ကြောင်း BBC သတင်းတွင် ဖော်ပြထားသည်။

လူ့အသိုင်းအဝိုင်းများ တဖြည်းဖြည်း မွန်းကျပ်သေဆုံးအောင် ဂလိုဘယ်လိုက်ဇေးရှင်းက လုပ်ဆောင်လျက်ရှိသည်ဟု သမ္မတလောင်း လာပင်းက ပြင်သစ်အရှေ့ပိုင်း လိုင်ယွန်မြို့တွင် ၎င်းကို ထောက်ခံသူများအား ပြောကြားလိုက်သည်။

ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ အလုပ်လက်မဲ့များကို ရောင်းချရန် ကုန်စည်များအား ကျွန်များဖြင့် ထုတ်လုပ်ခြင်းကို ဆိုလိုခြင်းဖြစ်ပြီး ယင်းပြဿနာကို အဖြေရှာရေးအတွက် ဉာဏ်ဖြင့်ယှဉ်သည့် ပရိုတက်ရှင်းနစ်ဝါဒီ၊ စီးပွားရေးမျိုးချစ်ဝါဒတို့ လမ်းညွှန်မှုဖြင့် ဒေသဆိုင်ရာ တော်လှန်ရေး ဆင်နွှဲသွားမည်ဟု လာပင်းက ပြောကြားလိုက်သည်။

ထို့ပြင် ပြီးခဲ့သည့်ရက်သတ္တတစ်ပတ်အတွင်း လီဗားဒေသတွင် ဓားကိုင်တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်ကို ကိုးကားပြီး ပြင်သစ်သည် အစွန်းရောက်အစ္စလာမ်ဝါဒ ခြိမ်းခြောက်မှုဖြင့် ကြုံတွေ့နေရကြောင်း၊ အမျိုးသမီးများ ကော်ဖီဆိုင်တွင်း ဝင်ရောက်ခွင့်နှင့် စကတ်ဝတ်ဆင်ခွင့်ကို ပိတ်ပင်သည့် အစ္စလာမ္မစ်အခြေခံဝါဒ၏ ထမ်းပိုးအောက် ပြင်သစ်နိုင်ငံ ရောက်ရှိနေကြောင်း လာပင်းက သတိပေးလိုက်သည်။

ပြင်သစ်နိုင်ငံတွင် မွတ်ဆလင် ၅သန်းအထိရှိပြီး အနောက်ဥရောပတွင် မွတ်ဆလင်ဦးရေ အများဆုံးရှိသည့်နိုင်ငံဖြစ်ကာ ဧပြီ ၂၃ ရက်နေ့တွင် သမ္မတ ရွေးကောက်ပွဲ ကျင်းပမည်ဖြစ်သည်။

ရွေးကောက်ပွဲတွင် အနိုင်ရပါက ဥရောပသမဂ္ဂတွင်း ပြင်သစ်နိုင်ငံ ဆက်လက်ပါဝင်မှုကို ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသွားမည်ဟုလည်း လာပင်း၏အမျိုးသားတပ်ဦးပါတီက ကတိပြုထားသည်။

အမျိုးသားတပ်ဦးပါတီသည် အစဉ်အလာ နိုင်ငံရေးအင်အားစုများကို ဆန့်ကျင်သည့်ပါတီအဖြစ် ရပ်တည်လျက်ရှိပြီး ဥရောပသမဂ္ဂမှ ဗြိတိန်ထွက်ခွာချိန်၊ ထရန့် အမေရိကန်သမ္မတ ဖြစ်လာချိန်တွင် ပေါ်ပေါက်လျက်ရှိသည့် အပြောင်းအလဲလိုလားစိတ်ကို အသုံးချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ထို့ပြင် ပေါ်ပြူလာမဲ သုံးပုံတစ်ပုံထက် ပိုရလေ့မရှိသည့် အမျိုးသားတပ်ဦးပါတီသည် ၎င်း၏ပုံရိပ်ကို ပိုမိုပျော့ပျောင်းစွာ ပုံဖော်ခြင်းဖြင့် ထောက်ခံမဲပိုရအောင် မကြာသေးခင်မှ စတင်ကြိုးပမ်းလာကြောင်း သတင်းတွင် သုံးသပ်ထားသည်။

လက်ရှိစစ်တမ်းများအရ သမ္မတရွေးကောက်ပွဲ ပထမကျော့တွင် လာပင်း အနိုင်ရနိုင်သော်လည်း ဒုတိယအကျော့တွင် ရှုံးနိမ့်နိုင်သည်ဟု ဖော်ပြထားသည်။ ■F-05




ပြင်သစ်သမ္မတလောင်း လီပန်



# မာကယ်၏ ကွန်ဆာဗေးတစ်အုပ်စုနှင့် ဆိုရှယ်ဒီမိုကရက်များအကြား မဲထောက်ခံမှု ကွာဟချက်ကျဉ်းမြောင်း

**ဘာလင်၊ ဖေဖော်ဝါရီ ၆**

ဂျာမနီအဓိပတိ မာကယ်၏ ကွန်ဆာဗေးတစ်ညွန့်ပေါင်းအုပ်စုက လက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက် SPD အပေါ် မဲဆန္ဒရှင် ထောက်ခံမှု အသာရနေခြင်းသည် နှစ်ပေါင်းများစွာအတွင်း ၄ ရာခိုင်နှုန်းသို့ ကျဉ်းမြောင်းသွားခဲ့သည်ဟု တနင်္ဂနွေနေ့က ထောက်ခံမှုစစ်တမ်းများတွင် ပြသနေကြောင်း VOA သတင်းတွင် ဖော်ပြထားသည်။

ပြီးခဲ့သောသီတင်းပတ်က မာတင်ရှူလ်ဇ်ကို ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့သော SPD ပါတီသည် Bild သတင်းစာက ထုတ်ပြန်သော ထောက်ခံမှုစစ်တမ်းတွင် ၂၉ ရာခိုင်နှုန်းရရှိကာ ၆ ရာခိုင်နှုန်း ခုန်တက်လာခြင်းသည် ပါတီအတွက် Emnid စစ်တမ်းကုမ္ပဏီက ကောက်ယူပေးခဲ့သမျှအနက် အများဆုံးဖြစ်သည်။

ဤသို့ ရာခိုင်နှုန်း ခုန်တက်မှုသည် SPD ပါတီအတွက် လေးနှစ်အတွင်း အမြင့်ဆုံးထောက်ခံမှုဖြစ်သည်။ မာကယ်၏ CDU ပါတီနှင့် မဟာမိတ် CSU ပါတီတို့အပေါ် ထောက်ခံမှုသည် ၃၃ ရာခိုင်နှုန်းသို့ ကျဆင်းသွားကာ ပြိုင်ဘက်နှစ်အုပ်စုအကြား ကွာဟမှုအနည်းဆုံး ဖြစ်သွားခဲ့သည်။

"မာတင်ရှူလ်ဇ်ဟာ ယခင် SPD မဲပေးသူတွေကို ပြန်ရအောင် စီမံခန့်ခွဲနိုင်ခဲ့ပြီး အားတက်လာအောင် ဆွဲဆောင်စည်းရုံးနိုင်ခဲ့ပါတယ်။ ဒီလို တစ်ပတ်အတွင်း ပါတီထောက်ခံမှုနှုန်း ကြီးကြီးမားမား ပြောင်းလဲမှုဟာ ဖြစ်တောင့်ဖြစ်ခဲ ကြုံရတာပါ" ဟု Emnid စစ်တမ်းကုမ္ပဏီက ပြောကြားသည်။

SPD ပါတီသည် ဥရောပပါလီမန် ဥက္ကဋ္ဌဟောင်း မာတင်ရှူလ်ဇ်ကို ပါတီခေါင်းဆောင်အဖြစ် ယခင်အပတ် တနင်္ဂနွေနေ့က ခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ယခင်ဥက္ကဋ္ဌ ဆစ်ဂ်မာဂယ်ဘရီရယ်ကမူ ပါတီ၏ အခွင့်အရေးများအတွက် ဘေးမှ အားပေးပံ့ပိုးသွားမည်ဟု ပြောကြားထားသည်။

ယင်းသို့ခန့်အပ်မှုသည် စက်တင်ဘာလ ဖက်ဒရယ်ရွေးကောက်ပွဲ မတိုင်မီ SPD ပါတီကို ပြန်လည်အားဖြည့်လိုက်ခြင်းဖြစ်သည်။ မာတင်ရှူလ်ဇ်သည် လက်ရှိနှစ်များအတွင်း ဂျာမနီတွင် လူပြိန်းကြိုက်ဝါဒ ခေါင်းထောင်လာစေသည့် သဘောထားကွဲမှုများကို ကျော်လွှားရန် ရည်မှန်းထားသော မဲဆွယ်စည်းရုံးမှုများဖြင့် မာကယ်ကို ဖြုတ်ချရန် ဆုံးဖြတ်ထားသည်။

အဓိပတိရာထူးအတွက် ပါတီခေါင်းဆောင်ချင်း ထိပ်တိုက်ရင်ဆိုင်မှုကို Emnid ကုမ္ပဏီက စစ်တမ်းကောက်သည့်အခါ မာကယ်က ရှူလ်ဇ်ကို ၄၁ - ၃၈ ရာခိုင်နှုန်းဖြင့် အသာစီးရထားသည်။

SPD ပါတီသည် ရွေးကောက်ပွဲအပြီးတွင် လက်ဝဲယိမ်းညွန့်ပေါင်းအစိုးရ ဖွဲ့နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး Green ပါတီ၊ လက်ဝဲစွန်း Linke ပါတီတို့နှင့် လေ့လာသုံးသပ်မှု ဆွေးနွေးပွဲများ ကျင်းပခဲ့သော်လည်း အလုပ်ဖြစ်သော အစီအစဉ် ဖြစ်လာစေရန် ပိုမိုထောက်ခံမှုများကို လိုအပ်နေသည်ဟု ဆိုသည်။

ဇန်နဝါရီလ ၂၃ မှ ဖေဖော်ဝါရီလ ၂ ရက်အထိ မဲဆန္ဒရှင် ၂၂၃၃ ဦး အားပြုလုပ်ခဲ့သော ထောက်ခံမှုစစ်တမ်းတွင် Green ပါတီက ၂ ရာခိုင်နှုန်း၊ Linke ပါတီက ၈ ရာခိုင်နှုန်း၊ ရွှေ့ပြောင်းနေထိုင်သူများကို ဆန့်ကျင်သော Afd ပါတီက နဂိုအတိုင်း ၁၁ ရာခိုင်နှုန်း၊ FDP ပါတီက ၆ ရာခိုင်နှုန်း အသီးသီး ရရှိကြသည်။

မာတင်ရှူလ်ဇ်သည် အလုပ်သမားများအတွက် လစာတိုးရန် တောင်းဆိုထားပြီး၊ ထရမ့်၏မူဝါဒများသည် အမေရိကန်မဆန်ဟု ဝေဖန်သည့်အပြင်၊ ယူကရိန်းပြဿနာတွင်ဝင်စွက်သော ရုရှားအပေါ် ပိတ်ဆို့အရေးယူမှု ရုပ်သိမ်းရေးကိုလည်း ဆန့်ကျင်ကြောင်း ထုတ်ဖော်ပြောဆိုထားသည်။

မာကယ်သည် မည်သည့်အချိန်နှင့်မှ မတူပဲ ခက်ခဲမည်ဟု မျှော်လင့်ထားသော စက်တင်ဘာလ ရွေးကောက်ပွဲမတိုင်မီ အခက်အခဲများကို ဆွေးနွေးရန်အတွက် မဟာမိတ်ပါတီနှင့် နှစ်ရက်ကြာ အစည်းအဝေးကို တနင်္ဂနွေနေ့က ခေါ်ယူခဲ့သည်။ ■F-04

# တရုတ်လျှို့ဝှက်ရဲဌာန ထိပ်တန်းအရာရှိဟောင်းတစ်ဦးကို လာဘ်ပေးလာဘ်ယူမှုဖြင့် တရားစွဲ

**ဘေဂျင်း၊ ဖေဖော်ဝါရီ ၆**

တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် လျှို့ဝှက်ရဲဌာနဟူ၍ သတ်သတ်ရှိကာ အဆိုပါဌာနမှ ထိပ်တန်းအရာရှိဟောင်းကြီးတစ်ဦးကို လာဘ်ပေးလာဘ်ယူမှုဖြင့် ဖမ်းဆီးစစ်ဆေးကာ ရုံးတင်တော့မည်ဖြစ်ကြောင်း Reuters သတင်းဌာနက ဖော်ပြထားသည်။

ယင်းသို့ဖြစ်စဉ်များ အများပြည်သူကို ထုတ်ပြန်လိုက်တိုင်း တရားစွဲဆို ရုံးတင်ခံရသူ ထိပ်တန်းအရာရှိများသည် ပြစ်မှုထင်ရှားလေ့ရှိပြီး ထောင်ဒဏ်များကျခံရလေ့ရှိသည်။

မာကျန်းဟု အမည်ရသည့် အဆိုပါ ထိပ်တန်းအရာရှိကြီးသည် နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာန၏ ဒုတိယဝန်ကြီးတာဝန်လည်း ယူခဲ့ဖူးသည်။

၂၀၁၅ ခုနှစ်ကလည်း ပြည်တွင်းလုံခြုံရေးဌာန ထိပ်တန်းအကြီးအကဲ ကျိုးယွန်ကန်းကို စုံစမ်းစစ်ဆေးခဲ့ပြီး ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ် တစ်သက်တစ်ကျွန်းချမှတ်ခဲ့သည်။

မစ္စတာမာကျန်းကို ယခုနှစ်ဒီဇင်ဘာလကတည်းက ပါတီမှထုတ်ပယ်ခဲ့ခြင်းဖြစ်ကာ အာဏာကို အလွဲသုံးစားလုပ်မှု၊ လာဘ်ယူမှုနှင့် ထုတ်ဖော်ခြင်းမရှိသော တရားဥပဒေစိုးမိုးရေး စစ်ဆင်ရေးများတွင် ဝင်ရောက်စွက်ဖက်မှုများဖြင့် စွဲချက်တင်ထုတ်ပယ်ခြင်းဖြစ်သည်။

မာသည် လာဘ်ငွေများယူခဲ့သည်ဟု သက်သေမကင်းခံရပြီးနောက် တရားဝင်စစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်ကြောင်း အစိုးရ၏ဥပဒေအရာရှိများက ဆိုထားသည်။ ယခုအခါ ဖမ်းဆီးထိန်းသိမ်းထားလျက်ရှိသည်ဟု သတင်းများက ဖော်ပြထားသည်။

တရားဥပဒေစနစ်ကို ပါတီက ထိန်းချုပ်ထားခြင်းကြောင့် တရားရုံးများအနေနှင့် ပါတီ၏စွပ်စွဲချက်များကို တုံ့ပြန်ဆန့်ကျင်ရိုးထုံးစံမရှိရလေကာ မစ္စတာမာ၏အမှုက လွတ်လမ်းအင်မတန်မှ နည်းပါသည်။

တရုတ်တွင် ရှီကျင့်ဖျင်အာဏာရလာပြီးနောက်တွင် လာဘ်ပေးလာဘ်ယူလုပ်သော ထိပ်တန်းအရာရှိများကို ဖယ်ရှားပစ်မည်ဟု ကြုံးဝါးခဲ့ကာ ဒါဇင်ပေါင်းများစွာသော အစိုးရ၊ ပါတီနှင့် တပ်မတော်ခေါင်းဆောင်များကို ဖြုတ်ထုတ်ဖမ်းခဲ့သည်။

နိုင်ငံတော်လုံခြုံရေးဝန်ကြီးဌာနသည် ရုရှား KGB ကဲ့သို့ လျှပ်ရှားခြင်းဖြစ်ကာ ပြည်တွင်းပြည်ပတွင် သူလျှိုများမွေးပြီး လှုပ်ရှားနေခြင်းဖြစ်သည်။ ■F-02



တရုတ်ထိပ်တန်းရဲဌာနသည် ကောဂျီဘီပုံစံဖွဲ့စည်းထားပြီး နိုင်ငံတော်လုံခြုံရေးကိစ္စများကို ကိုင်တွယ်သည်



ဓာတ်ပုံ - မောင်မျိုးထက်

# ဟိုင်းကြီးကျွန်း ထုံးကျောက်တောင်များ ပျက်စီးမှု စိစစ်မည်

ပုသိမ်၊ ဖေဖော်ဝါရီ ၆

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းဒေသ ကမ်းရိုးတန်း နယ်နိမိတ်ရှိ ထိပ်စွန်း ထုံးကျောက်တောင်တန်း၏ ပျက်စီးလာမှုများကို စိစစ်ဆောင်ရွက်မည်ဖြစ်ကြောင်း တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဉတု ပြောင်းလဲမှုဆိုင်ရာ ကော်မတီထံမှ သိရှိရသည်။

အဆိုပါတောင်တန်းများကိုဖြိုချကာ ကျောက်မီးဖိုနှင့် ကျောက်အုတ် ထုတ်လုပ်သည့် လုပ်ငန်းများ အလွန်အကြူးလုပ်ဆောင် နေသောကြောင့် ဂေဟ စနစ်များ ပျက်စီးကာ သဘာဝဘေးအန္တရာယ်နှင့် တွေ့ကြုံရမည်ကို ဒေသခံများက စိုးရိမ်နေရကြောင်း သတင်းများ ထွက်ပေါ်နေသောကြောင့် ပြန်လည်စိစစ်ရန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဧရာဝတီတိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်စိုး ကပြောကြားသည်။

လတ်တလောတွင် တိုင်ကြားစာ၊ အကြောင်းကြားစာ မရောက်သေးသော်လည်း သတင်းများထွက်ပေါ်နေသောကြောင့် ငပုတောမြို့နယ်အုပ်ချုပ်ရေးအဖွဲ့များနှင့် ချိတ်ဆက်ကာသတင်း အတည်ပြုနိုင်ရန် လုပ်ဆောင်နေကြောင်း၊ ရလာသော သတင်းအချက်အလက်များပေါ် အခြေခံကာ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်ရာသီဉတုပြောင်းလဲမှုဆိုင်ရာ ကော်မတီတွင် ဆွေးနွေးကာ အစိုးရ အဖွဲ့ထံ တင်ပြပြီး လမ်းညွှန်ချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ကျောက်မီးဖိုနှင့် ကျောက်အုတ်များကို ဒီဒူးကုန်း ကျေးရွာအနီးတွင် အကျယ် ၂၀ ပေ၊ အလျား ပေ ၃၀၊ အနက် ၁၀ ပေရှိ ကျောက်တောင်ကို တူးဖြိုထားသည့် ကျင်း ၁၀ ကျင်းခန့် ရှိကြောင်း၊ ထိုလုပ်ငန်းလုပ်ကိုင်သည့် ကျေးရွာ ၈ ရွာမှ ခန့်ရှိပြီး တူးဖြိုခြင်းခံရသည့် ကျင်းများသည် ပင်လယ်ကမ်းခြေဘက်တွင် ပြိုကျနေကြောင်း ဒေသခံ ရပ်မိရပ်ဖများ က ပြောဆိုသည်။

“ဒီဒေသမှာ တောတောင်ထဲ ထင်းခုတ်သစ်ခုတ် မီးသွေးဖုတ်၊ ပင်လယ်မှာ ငါးရှာ၊ ကျောက်မီးဖိုလုပ် ဒီလုပ်ငန်းတွေပဲရှိတယ်။ မီးဖိုလုပ်တာ အသက်အန္တရာယ် မရှိဘူး ငွေရလွယ်တယ်။ ဒီတော့လည်း ဒါပဲလုပ်ဖြစ်နေတယ်၊ ပင်လယ်ထွက် ငါးဖမ်းဖို့ ခက်ခဲတဲ့ မိုးရာသီမှာ ကျောက်မီးဖိုကို လုပ်ကြတယ်” ဟု ကျောက်မီးဖိုလက်ခစား အလုပ်သမားဦးခင်မြင့်က ပြောဆိုသည်။

ကျောက်မီးဖိုလုပ်ငန်းနှင့် ကျောက်အုတ်ထုတ်လုပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ ဒေသတွင်း တာဝန်ရှိသူများထံမှ လုပ်ကိုင်ခွင့်ရယူကာ လုပ်ကိုင်နေခြင်းကြောင်း လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်စဉ်က ထုံးကျောက်တောင်တန်း တည်ရှိနေသောကြောင့် တောင်တန်း၏အနောက်ဘက်ရှိ ဒီဒူးကုန်း၊ မေဒါအိုင်၊ ကျောက်ကလပ်၊ ထိပ်စွန်း၊ အဆင်းချိုင်၊ မကြီးချိုင်၊ နံ့ကပ်စသည့် ကျေးရွာအုပ်စုများမှာ နာဂစ်မုန်တိုင်းတိုက်ခိုက်မှု အန္တရာယ်မှ ကင်းလွတ်ခဲ့ပြီး ယင်းတောင်တန်း၏ ပင်လယ်ဘက်အခြမ်းရှိ ဘုန်းတော်ပြည့် ကျေးရွာ အပါအဝင် ကျေးရွာများမှာထိခိုက် ဆုံးရှုံးခဲ့ကြောင်း၊ ယခုကဲ့သို့ ထုံးကျောက်တောင်တန်းများကို အလွန်အမင်း ဖြိုချမှုကြောင့် သဘာဝဘေးကျရောက်ပါက လွတ်လမ်းမမြင်နိုင်ကြောင်း ဒေသခံများထံမှ သိရသည်။

“နာဂစ်လိုမျိုး ဖြစ်လာရင် ဘယ်သူမှသက်သာမှာ မဟုတ်ဘူး၊ အရင်လို လွတ်မြောက်ချင်မှ လွတ်မြောက်မယ်ပေါ့”ဟု သဘာဝဘေးအန္တရာယ် ကြောက်ရွံ့၍ ငပုတောမြို့အမှတ် ၂ ရပ်ကွက်သို့ ပြောင်းရွှေ့နေထိုင်သူ ဒီဒူးကုန်းရွာ ဇာတိ အသက် ၆၂ နှစ်အရွယ်ရှိဦးတင်ရှိန် က ပြောဆိုသည်။

ထုံးကျောက်တောင်များကို ဖြိုချပြီး ထင်းအသုံးပြု ကျောက်မီးဖို၊ မီးသွေးအသုံးပြု ကျောက်မီးဖို၊ လျှပ်စစ်ဓာတ်အသုံးပြု ကျောက် မီးဖို နှင့် ကျောက်အုတ်တို့ကိုထုတ်လုပ်ပြီး ကျောက်အုတ်များကို ဒေသတွင်း အသုံးပြုပြီး ကျောက်မီးဖိုအမျိုးမျိုးကို ဧရာဝတီတိုင်းဒေသကြီး အတွင်းသာမက အခြားဒေသများကိုပါ တင်ပို့ရောင်းချသည့်အထိ ကျယ်ပြန့်စွာ လုပ်ကိုင်နေကြောင်း ဒေသခံများထံမှ သိရသည်။

■ R- 12

# ကျိုက်ထိုသိမ်းဆည်းမြေများ ပြန်ရရေးနှင့် အကျင့်ပျက်ခြစားမှုကို အရေးယူပေးရန် တိုင်ကြား

မော်လမြိုင်၊ ဖေဖော်ဝါရီ ၆

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်းကျေးရွာရှိရော်ဘာခြံမြေ ၁၆၀ ဧကသိမ်းဆည်းခံထားရသည့် မူလမြေပိုင်ရှင်က သိမ်းဆည်းမြေ ပြန်လည်ရရှိရေးနှင့် ယင်းမြေ ရောင်းချရာတွင် ပါဝင်သူများ၏ အကျင့်ပျက် ခြစားမှုများကို အရေးယူပေးရန် မွန်ပြည်နယ် အစိုးရအဖွဲ့ထံ တိုင်ကြားထားကြောင်း တိုင်ကြားသူထံမှ သိရသည်။

အဆိုပါ မြေပြဿနာကို မြေယာအငြင်းပွားမှု ဖြေရှင်းရေးကော်မတီက စစ်ဆေးခဲ့ပြီး နှစ်ဦးနှစ်ဖက် မစိုက်ပျိုးရန် မြို့နယ်အုပ်ချုပ်ရေးပိုင်းက အကြောင်းကြားထားကြောင်း၊ သို့သော်လည်း တစ်ဖက်တွင် လိုက်နာမှုမရှိဘဲ ရောင်းချခြင်းများ လုပ်ဆောင်ခဲ့သောကြောင့် ပါဝင်သူများကို အရေးယူပေးရန် တောင်းဆိုရခြင်းဖြစ်ကြောင်း တိုင်ကြားသူ ဦးစောစိုးသန်းက ပြောကြားသည်။

အဆိုပါ မြေယာအရေးနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်တွင် စုံစမ်းစစ်ဆေးခဲ့ရာ မူလပိုင်ရှင်၏ မြေဧက ၃၅၉ ဧကမှာ မှန်ကန်ပြီး ယင်းမြေအနက် ဦးစိုးဝင်းပါ ၃ ဦးတို့ကိုမြေချပေးရာတွင် (၁၀၃ ဒသမ ၉၅) ဧက ပါဝင်နေကြောင်း၊ ယင်းမြေကို မစိုက်ပျိုးရန် မြို့နယ်တာဝန်ရှိသူက အကြောင်းကြားထားသော်လည်း ယင်းမြေကို ရောင်းချထားမှုကြောင့် ၂၀၁၆ခုနှစ် ဒီဇင်ဘာလ ၃၀ရက်က ပြည်နယ်အစိုးရထံ တိုင်ကြားခဲ့ကြောင်း တိုင်ကြားစာအရ သိရသည်။

“လိပ်မူတဲ့အနေအထားအရ အစိုးရက စီမံဆောင်ရွက်ပေးပါမယ်၊ တိုင်ကြားပြီး စစ်လို့ပေါ်ပေါက်ရင် အရေးယူပေးမှာပါ”ဟု မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ထူးကပြောကြားသည်။

အဆိုပါ တိုင်ကြားမှုနှင့် ပတ်သက်၍ အဖွဲ့ဝင် သုံးဦးပါသော စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းထားကာ စိစစ်ဖြေရှင်းပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရထံ ခွင့်ပြုချက်တင်ပြထားပြီး အမြန်ဆုံးလုပ်ဆောင်နေကြောင်း မွန်ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းဌေးက ပြောကြားသည်။

အဆိုပါ မြေမှာ ၁၉၉၇ - ၉၈မှ စတင်ကာ ကျိုက်ထိုမြို့နယ်မြေစာရင်းဦးစီးဌာနမှ မြေ ၃၅၉ ဧကအတွက် ပုံစံ ၁၀၅၊ ၁၀၆ ထွက်ရှိထားကြောင်း၊ ယင်းမြေကိုရော်ဘာစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ရယူခဲ့ကြောင်း၊ ထိုမြေများအနက် (၂၀၀၅-၀၆) ခုနှစ်တွင် မြေဧက ၁၆၀ ခန့်ကို သိမ်းဆည်းခံရကြောင်း၊ ယင်းမှ တစ်ဆင့်ခြံမြေများကို ပြန်လည်ရောင်းချခဲ့ကြောင်း မူလပိုင်ရှင်ဟုဆိုသောဦးစောစိုးသန်းက ရှင်းပြသည်။

■ခတ္တာနွန်

# တောင်ငူတွင် မိန်းကလေးတစ်ဦး ဓားဒဏ်ရာ ခြောက်ချက်ဖြင့် အသတ်ခံရ

တောင်ငူ၊ ဖေဖော်ဝါရီ ၆

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အမှတ် (၁၄)ရပ်ကွက် မြစည်းခုံဘုရားဈေးလမ်းတွင် ဖေဖော်ဝါရီလ ၅ ရက်နေ့ည ၇ နာရီခွဲက အသက် ၂၃နှစ်အရွယ် မိန်းကလေး တစ်ဦး ဓားဒဏ်ရာ ခြောက်ချက်ဖြင့် အသတ် ခံရကြောင်း တောင်ငူမြို့နယ် အမှတ် (၂) နယ်မြေ ရဲစခန်း ထံမှ သိရှိရသည်။

တောင်ငူမြို့အမှတ်(၁၂) ရပ်ကွက်တွင် နေထိုင်သော မဉမ္မာခိုင်(ခ) ရချိကာက အဖော်အမျိုးသားတစ်ဦးနှင့် မြစည်းခုံဘုရားဈေးလမ်း လိပ်ကန်နံဘေးတွင် စကားပြောစဉ် စကားများရာမှ အဖော်အမျိုးသားက ဓားဖြင့် ထိုးကာ ထွက်ပြေးခဲ့ကြောင်း၊ ဓားထိုးခံရသူ မိန်းကလေးမှာ ငယ်ထိပ်၊ နဖူးနှင့်နေရာအနှံ့တွင် ဓားဒဏ်ရာများဖြင့် လဲကျနေသည်ကို တွေ့ရှိသူများက တောင်ငူဆေးရုံကြီးသို့ ပို့ဆောင်ကာ ကုသနေစဉ် သေဆုံးခဲ့ကြောင်း ယင်းရဲစခန်းထံမှ စုံစမ်းသိရှိရသည်။

“ဓားနှင့်ထိုးသွားတဲ့ အမျိုးသားကို ဒီမနက် (ဖေဖော်ဝါရီလ ၆ ) နံနက် ၈နာရီခွဲက ဖမ်းမိတယ်၊ တစ်ရပ်ကွက်တည်း နေသူတွေပါ”ဟု အမှတ်(၂) နယ်မြေရဲစခန်းမှူး ရဲအုပ်တင်ဦးက ပြောကြားသည်။

မိန်းကလေး အသတ်ခံရမှုနှင့် ပတ်သက်၍ အသက် ၃၅ နှစ်အရွယ် ကိုတင်အောင်စိုး(ခ) တီပွားကို ရာဇသတ်ကြီး ပုဒ်မ ၃၀၂ဖြင့် အမှုဖွင့်ကာ စစ်ဆေးနေကြောင်း အမှတ်(၂)နယ်မြေရဲစခန်းထံမှ သိရှိရသည်။

■ R-15

သတင်းကိစ္စ ဆက်သွယ်လိုပါက . . . ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ကျိုင်းတုံတွင် တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ပြိုင်ပွဲကျင်းပ

**ကျိုင်းတုံ၊ ဖေဖော်ဝါရီ ၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံ မြို့အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် ဖေဖော်ဝါရီလ ၆ ရက် နံနက်ပိုင်းက ပထမဆုံးအကြိမ် အခြေခံပညာကျောင်းပေါင်းစုံ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု ဝတ်စား ဆင်ယင်မှုပြိုင်ပွဲ ကျင်းပသည်။

ကျောင်းသား၊ ကျောင်းသူများ တိုင်းရင်းသား ရိုးရာဝတ်စားဆင်ယင်မှုများကို ချစ်မြတ်နိုးလာစေရန် ရည်ရွယ်ကာ ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် တိုင်းရင်းသားမျိုးနွယ်စု တစ်ခုလျှင် ပထမဆုမှတတိယဆုအထိ ချီးမြှင့်မည်ဖြစ်ပြီး အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပြည်နယ်ပညာရေးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး(စီမံ/ဘဏ္ဍာ)ဒေါ်အယ်သီဖောက ပြောကြားသည်။

ပြိုင်ပွဲကို ကျိုင်းတုံမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ရှမ်း၊ ဗမာ၊ ကချင်၊ ကရင် ၊ ဝ၊ လွယ်၊ လီဆူ၊ အာခါ၊ လားဟူ၊ ပလောင် တိုင်းရင်းသားများ၏ ဝတ်စားဆင် ယင်မှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း ပြည်နယ်ပညာရေးမှူးရုံးထံမှ သိရသည်။ ■ **R-16**

# မကွေးလွှတ်တော် အသစ်တည်ဆောက်မည်

**မကွေး၊ ဖေဖော်ဝါရီ ၆**

မကွေးတိုင်းဒေသကြီး လွှတ်တော်ကို နိုင်ငံတကာစံများနှင့်အညီ ဖက်ဒရယ်နိုင်ငံရေးစနစ်ကိုအခြေပြုသော ပွင့်လင်းမြင်သာသည့် အသွင်သဏ္ဌာန်ကိုဖော်ဆောင်ပြီး အသစ်တည်ဆောက်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးလွှတ်တော်ရုံးထံမှ သိရသည်။

လွှတ်တော်ရုံးအသစ်ကို မကွေး-နတ်မောက်ကားလမ်းဘေး၊ လေ့ကျင့်ရေးဂေါက်ကွင်း၊ အစိုးရအိမ်ရာဝင်းအနီး ၇ ဒသမ၄၈ ဧကပေါ်တွင် တည်ဆောက်မည်ဖြစ်ပြီး ငွေကျပ် ၄ဒသမ ၅ ဘီလီယံထိ အသုံးပြုမည်ဖြစ်ရာ ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ကာလအတွင်း အပြီးတည်ဆောက်မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လွှတ်တော် ဒု-ဥက္ကဋ္ဌ ဦးဇော်မျိုးဝင်းက ရှင်းပြသည်။

"အခု ဆောက်မယ့်လွှတ်တော်ပုံစံမှာ မီဒီယာကော်နာတွေပါလာမယ်။ နိုင်ငံတကာလွှတ်တော်တွေအတိုင်း လိုအပ်ပါက ပြည်သူတွေ လာရောက်ဆန္ဒဖော်ထုတ်လို့ရမယ့် ပြည်သူ့ကော်နာဆိုတာမျိုးတွေပါ ထည့်သွင်းတည်ဆောက်နိုင်ဖို့အထိ လျာထားနေပါတယ်" ဟု ၎င်းကဆိုသည်။

လက်ရှိအစိုးရလက်ထက်တွင် ရှမ်း၊ ချင်း၊ ဧရာဝတီ၊ ကယားစသည့်ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့ရှိ လွှတ်တော်ရုံးများသည် မကွေးတိုင်းလွှတ်တော် ကဲ့သို့ပင် အသစ်တည်ဆောက်မည်ဖြစ်ပြီး ယင်းလွှတ်တော်များ၏ ဒီဇိုင်းများသည်လည်း မကွေးတိုင်းလွှတ်တော်ကဲ့သို့ပင် လွှတ်လပ်ပွင့်လင်းမြင်သာသည့်အင်္ဂါရပ်များကို အဓိကထည့်သွင်းတည်ဆောက် မည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတာက ပြောကြားသည်။ ■ **R-02**

The VOICE Daily CARTOON




# တောင်တန်းသာသနာပြု ဆရာတော်တည်ထားသော စေတီပြုပြင်မည်

**ကလေး၊ ဖေဖော်ဝါရီ ၆**




ချင်းပြည်နယ် ဖလမ်းမြို့တွင် တောင်တန်းသာသနာပြုဆရာတော်ဦးဥတ္တမသာရ တည်ထားခဲ့သောစေတီမှာ သဘာဝဘေးဒဏ်များကြောင့် တိမ်းစောင်းနေသဖြင့် ပြုပြင်မည်ဖြစ်ကြောင်း ဖလမ်းခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးမိုးဇော်စိုးက ပြောကြားသည်။

အဆိုပါ စေတီမှာ ဆရာတော်ဦးဥတ္တမသာရက ချင်းပြည်နယ်တွင် ပထမဆုံး တည်ထားကိုးကွယ်ခဲ့သော စေတီတော်ဖြစ်ကြောင်း၊ ဆရာတော်က ကလေးမြို့မှ သုံးညအိပ်လေးရက်ခြေလျင်ဖြင့် ဖလမ်းမြို့သို့ ကြွချီပြီးနောက် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ပန္နက်ချကာ တည်ထားခဲ့ခြင်း ဖြစ်ကြောင်း ၎င်းကရှင်းပြသည်။

ဖလမ်းမြို့အဝင်ရှိ မူလအခြေ၁၄ ပေပတ်လည် ဉာဏ်တော် ၁၈ ပေမြင့်သော စေတီမှာ နှစ်ကာလကြာလာပြီး သဘာဝဘေးဒဏ်များကြောင့်စေတီမှာ တိမ်းစောင်းကာ ပြိုကျပျက်စီးမည့်ဘေးနှင့်ကြုံတွေ့နေရကြောင်း၊ ယင်းစေတီကို ပြင်ဆင်ရာတွင် အခြေ ၂၄ ပေ ပတ်လည်၊ အမြင့် ၃၆ ပေအထိ ပြန်လည် ပြင်ဆင်မည်ဖြစ်ကြောင်း ၎င်းထံမှ သိရသည်။

အဆိုပါစေတီကို ယခုနှစ်ဧပြီလ မတိုင်မီ ပြုပြင်မည် ဖြစ်ပြီး စေတီပြုပြင်ရန် သိန်း ၃၀၀ ခန့် ကုန်ကျမည်ဟု ခန့်မှန်းထားကြောင်း၊ ပါဝင်လှူဒါန်းလိုသူများ အနေနှင့် ဖုန်း ၀၉၄၄၈၅၃၃၁၈၇ ၊ ၀၉၂၅၅၇၁၂၂၉၉ ၀၉၄၂၃၆၈၉၄၄၄ တို့ကို ဆက်သွယ် လှူဒါန်းနိုင်ကြောင်း ဖလမ်းခရိုင် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံးထံမှ သိရသည်။

■ **R- 20**

# သစ်ပျိုးပင်စေ့ဈေးကွက် အဆမတန်မြင့်တက်

**သပိတ်ကျင်း၊ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်အတွင်း ဆီထွက်သီးနှံစားသောက်ကုန်ဈေးကွက်ကျဆင်းကာ သစ်ပျိုးပင်စေ့ဈေးကွက်မှာ အဆမတန်မြင့်တက်လျက်ရှိကြောင်း သပိတ်ကျင်းမြို့နယ် လိပ်ကျကျေးရွာနှမ်းစိုက်ပျိုးထုတ်လုပ်သည့်တောင်သူများက ပြောကြားသည်။

ဆီထွက်သီးနှံနှင့် စားသောက်ကုန်ဖြစ်သောစပါး၊ ကြံ၊ ခရမ်းချဉ်၊ ခရမ်းသီး၊ ပန်းမုန်လာ၊ ဂေါ်ဖီထုပ်၊ ငှက်ပျော၊ သရက်၊ ဖရုံ စသည့်သီးနှံတို့မှာ ဒေသဈေးကွက်ကျဆင်းကာ ဖရဲ၊ သခွား၊ ကြက်သွန်နှင့် သကြားပြောင်းတို့ဈေးကွက်သည် အသင့်အတင့်ရှိနေပြီး ဒေသပိတောက်သစ်ပျိုးစေ့ဈေးကွက်မှာမူ ဈေးကွက်အားကောင်းနေကြောင်း လိပ်ကျကျေးရွာ စားသောက်ကုန်သီးနှံ စိုက်ပျိုးရေးတောင်သူ ဦးမျိုးသန့်က ပြောဆိုသည်။

"ပဲစင်းငုံ၊ နှမ်းဈေးဆိုလည်း မနှစ်ကထက် ဈေးထက်ဝက်မကဘူး ပြုတ်ကျနေတော့ တောင်သူတွေ အတော်များများ အရှုံးပေါ်နေတယ်။ အခုဒေသဈေးကွက် အားကောင်းနေတာကတော့ ပိတောက်သစ်ပျိုးပင်စေ့ဈေးကွက်" ဟု ၎င်းကဆိုသည်။

ပဲစင်းငုံတစ်တင်းလျှင် ကျပ် ၂၆,၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၄၃,၀၀၀၊ စပါးတစ်တင်းလျှင် ကျပ်လေးသောင်းကျော်နှင့် ဖရဲ၊ သခွားဈေးမှာ တစ်တန်လျှင် ၅၆ သိန်းအထက်တွင်ရှိကာ ဒေသပိတောက်ပျိုးစေ့ တစ်ပြည်လျှင် ကျပ်တစ်သိန်းကျော် အထိဈေးကွက်အတွင်းရောင်းဝယ်လျက်ရှိကြောင်း သပိတ်ကျင်းမြို့နယ် သီးနှံစိုက်ပျိုးသူများအသင်းအဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"ပိတောက်ပင်စိုက်ပျိုးဖို့ သစ်ပျိုးပင်စေ့ဝယ်ယူနေတယ်၊ ဒေသဈေးကွက်ကောင်းနေတယ်ဆိုတာဟုတ်ပါတယ်။ ဒါကလည်း ပုံမှန်ဈေးကွက်တော့ မဟုတ်ပါဘူး။ ဌာနစိုက်ပျိုးဖို့ ညွှန်ကြားလို့ဝယ်ယူနေတာပါ" ဟုဇရပ်ကွင်းဘိနယ်သစ်တော ဦးစီးဌာန ဘိနယ်တာဝန်ခံ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

မြို့နယ်အတွင်း ပိတောက်ပင်ဧက ၆၀၀ ကျော်၊ ပျိုးပင်ပေါင်း ရှစ်သိန်းကျော် စိုက်ပျိုးမည်ဖြစ်ပြီး ပိတောက်သစ်ပျိုးပင်စေ့ နို့ဆီဘူးတစ်ဘူးလျှင် ကျပ်နှစ်သောင်းနှုန်း၊ တစ်ပြည်လျှင်တစ်သိန်းခြောက်သောင်းကျပ်ဖြင့်ဝယ်ယူလျက်ရှိကြောင်း ၎င်းက ပြောဆိုသည်။

■ **R-05**

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃

# မောင်တော ဗဟိုကျောင်းဆရာတော်ထံမှ မူးယစ်ဆေးနှင့် လက်နက်များဖမ်းမိ

**မောင်တော၊ ဖေဖော်ဝါရီ ၆**

ရခိုင်ပြည်နယ်၊ မောင်တောမြို့ရှိ ဗဟိုကျောင်းကျောင်းထိုင်ဆရာတော်ဦးအာစာရကို WY စိတ်ကြွမူးယစ်ဆေးပြားများနှင့် အတူ လက်နက်များကို ဖေဖော်ဝါရီလ ၅ ရက်နေ့ ညနေက ဖမ်းဆီးရမိခဲ့ကြောင်း မောင်တောမြို့တွင် လုံခြုံရေးတာဝန်ယူထားသည့် ဒုတိယရဲမှူးကြီးတစ်ဦးက အတည်ပြုပြောကြားသည်။

မောင်တောမြို့ ဇောဓိကုန်းကျေးရွာအနီးတွင် မောင်တောဘက်သို့မောင်းနှင်လာသည့် မော်တော်ယာဉ်ကို မေယုစစ်ဆင်ရေးအဖွဲ့ မူးယစ်အဖွဲ့မှ ဒုရဲမှူးကြီးဦးဆောင်သည့်ပူးပေါင်းအဖွဲ့က စစ်ဆေးရာတွင် မော်တော်ယာဉ်ပေါ်၌ ပီနံအိတ်ဖြင့်ထုပ်ပိုးထားသည့် စိတ်ကြွမူးယစ်ဆေးများနှင့် အတူ မောင်တောမြို့ ဗဟိုကျောင်းတိုက်ဆရာတော် ဦးအာစာရကိုတွေ့ရှိသဖြင့် စစ်ဆေးလျက်ရှိကြောင်း မောင်တောမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ယင်းနောက် ရွှေဗဟိုဘုန်းကြီးကျောင်းဝင်းအတွင်း ထပ်မံရှာဖွေရာတွင် ကျောင်းဆောင်ဘေး အခန်းအတွင်းမှ ဗုံးသီး ၁ လုံး၊ နိုင်ငံခြားဖြစ် ၅ ဒသမ ၅၆ ကျည်တောင့် ၄၀၊ ၅ဒသမ ၅၆ ကျည် ၁၅ တောင့်နှင့် ၇ဒသမ ၆၂ ကျည် ၃၉ တောင့် အပြင် ကျောင်းအပေါ်ထပ်ကျက်သရေခန်း ခုတင်အောက်မှ စိတ်ကြွဆေးပြားများပါသည့် အဝါရောင် သုံးအိတ်၊ အောက်ထပ်စတိုခန်းအတွင်းမှ ပီနံအိတ် ၅ အိတ်၊ ကျောင်းလှေကားအောက်မှ ဆာလာအိတ် ၁၁ အိတ်၊ စုစုပေါင်း ပီနံအိတ် ၁၆ အိတ် စုစုပေါင်း WY စာတန်းပါ စိတ်ကြွမူးယစ်ဆေးပြား အရေအတွက် ၄၂ သိန်း ၂ သောင်းကျော်ကို ထပ်မံသိမ်းဆည်းရမိခဲ့ကြောင်း မောင်တောခရိုင်ရဲတပ်ဖွဲ့ထံမှ စုံစမ်းသိရှိရသည်။

လက်ရှိတွင် ဆရာတော်ကို လူဝတ်လဲလှယ်ပြီး စစ်ဆေးလျက်ရှိကြောင်း မောင်တောမြို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် ဗဟိုကျောင်းဆရာတော် ဦးအာစာရကို မောင်တောမြို့ ပြင်ဖြူရဲစခန်းက (ပ)၁/၂၀၁၇ မူးယစ် ၁၉/၂၀ ဖြင့်အမှုဖွင့်အရေးယူစစ်ဆေးလျက်ရှိကြောင်း မောင်တော မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့စခန်းထံမှသိရသည်။ ■R-04

# မုံရွာတွင် သီလရှင်စာသင်တိုက် မီးလောင်ပျက်စီး

**မုံရွာ၊ ဖေဖော်ဝါရီ ၆**



ဓာတ်ပုံ – ခင်မေစန်း

မုံရွာမြို့ ချမ်းမြသာစည်ရပ် ယင်းမာမြိုင်လမ်းရှိ ယင်းမာမြိုင် သီလရှင်စာသင်တိုက်တွင် ဖေဖော်ဝါရီလ ၆ ရက်နေ့ နံနက် ၂ နာရီခွဲခန့်က မီးလောင်ကျွမ်းခဲ့ရာ သုံးထပ်တိုက်စာသင်ဆောင်တစ်ဆောင် မီးလောင်ဆုံးရှုံးခဲ့ကြောင်း ခရိုင်မီးသတ်တပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါစာသင်ဆောင် မြေအောက်ခန်းရှိ လေးပေမီးချောင်းချုပ်အပူလွန်ကဲရာမှ စတင်မီးလောင်ကျွမ်းခြင်းဖြစ်ပြီး စာအုပ်နှင့် အဝတ်အစားများ ပေါ်ကျကာ ကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း ခရိုင်မီးသတ်တပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ယင်းသီလရှင် စာသင်တိုက်ရှိ သီလရှင် ၂၃ ပါး သီတင်းသုံးအိပ်ဆောင်ဖြစ်သည့် ပရိယတ္တိလင်္ကာရ အုတ်တိုက်အဆောင်၏ မြေတိုက်ခန်းမှ စတင်မီးလောင်ကျွမ်းရာ အဆိုပါအိပ်ဆောင်တွင်သီတင်းသုံးသောသီလရှင်များ၏ စာအုပ်များ၊ အဝတ်အစားများနှင့်ပရိဘောဂပစ္စည်းများ မီးလောင်ကျွမ်းပျက်စီးခဲ့ကြောင်း တိုက်အုပ်သီလရှင်ကြီး ဒေါ်သုစာရီက မိန့်ကြားသည်။

“အောက်ထပ်မှာ ကျိန်းသူမရှိဘူး၊ ဒုတိယထပ်ကကြမ်းပေါ် ကျိန်းတဲ့ဆရာလေးတွေကျောပူမှ လောင်မှန်းသိတယ်။ အားလုံးဆင်းပြေးကြတယ်။ ၂၃ ပါးလုံးရဲ့ စာအုပ်၊ အထည်စတဲ့ပရိဘောဂတွေဘာမှ မရလိုက်ဘူး”ဟု တိုက်အုပ်ဆရာကြီးက မိန့်သည်။

အဆိုပါ လောင်ကျွမ်းမှုမှာ နံနက် ၂ နာရီ ခွဲဝန်းကျင်မှစတင်ပြီး မုံရွာမြို့မီးသတ်တပ်ဖွဲ့၏ ငြိမ်းသတ်မှုကြောင့် နံနက် ၄ နာရီဝန်းကျင်တွင် လုံးဝမီးငြိမ်းသွားကြောင်း တိုက်အုပ်သီလရှင်ဒေါ်သုစာရီက ဆက်လက်မိန့်ကြားသည်။

ယင်းမာမြိုင် သီလရှင်စာသင်တိုက်သည် သီလရှင်စာသင်သား ၇၅ ပါး ကျောင်း ၉ ကျောင်းဖြင့် စာသင်နေသည့် စာသင်တိုက်လည်းဖြစ်သည်။ ■ R-08

# သပိတ်ကျင်းတွင် အမှုရင်ဆိုင်ပြီး လူသတ်မှုကျူးလွန်သူ လွတ်မြောက်နေဆဲ

**သပိတ်ကျင်း၊ ဖေဖော်ဝါရီ ၆**

မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ ချောင်းကြီးကျေးရွာအုပ်စု ကျောက်ဖြူကျေးရွာတွင် ဇန်နဝါရီလ ၁၃ ရက်နေ့က ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ကျူးလွန်သူမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းကျေးရွာတွင် ဇန်နဝါရီလ ၁၃ ရက်နေ့ ည ၈ နာရီခွဲက ဓားခုတ်မှုတစ်ခုဖြစ်ခဲ့ရာ တရားရင်ဆိုင်နေသည့် တရားလိုဒေါ်ချိုတူးသေဆုံးခဲ့ပြီး ပြစ်မှုကျူးလွန်သူ ဦးသိန်းခိုင်မှာ ယနေ့အထိဖမ်းဆီးရမိခြင်းမရှိသေးကြောင်း ၎င်းကဆိုသည်။

“တရားခံဖမ်းဆီးရမိနိုင်ရေး အတွက် နေ့ရောညပါဝင်ကင်းတွေနဲ့ ဆောင်ရွက်နေပေမယ့် လက်ရှိအချိန်ထိတော့ မမိသေးပါဘူး”ဟု သပိတ်ကျင်းမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကျေးရွာ ရေမြောင်းဖောက်လုပ်မှုနှင့် ပတ်သက်၍ သပိတ်ကျင်းမြို့နယ် တရားရုံးတွင် တစ်နှစ်ခန့်အမှုရင်ဆိုင်လျက်ရှိပြီး ဇန်နဝါရီလ ၂၀ ရက်နေ့က ကျေးရွာလူထုနှင့် လွှတ်တော်ကိုယ်စားလှယ်တွေ့ဆုံစဉ် ယင်းကိစ္စများကိုဒေါ်ချိုတူးက တင်ပြရှင်းလင်းခဲ့သည်ကို မကျေနပ်၍လုပ်ကြံခံရခြင်းဖြစ်ကြောင်း သေဆုံးသူ၏သားဖြစ်သူ ကျော်မိုးလှိုင်က ပြောဆိုသည်။

ကျေးရွာရေနုတ်မြောင်း ဖောက်လုပ်ရာမှပြဿနာဖြစ်ကာ တရားရုံးတွင် အမှုရင်ဆိုင်နေဆဲတွင် ဒေါ်ချိုတူး အသတ်ခံရပြီး ပြစ်မှုကျူးလွန်သူမှာ ယနေ့အချိန်ထိလွတ်မြောက်နေဆဲဖြစ်၍ ဒေါ်ချိုတူးကို အသိသက်သေအဖြစ် လိုက်ပါဆောင်ရွက်ပေးနေသူများပါ အသက်အန္တရာယ်ရှိလာနိုင်ကြောင်း ကျောက်ဖြူကျေးရွာမှ သက်သေအဖြစ်လိုက်ပါဆောင်ရွက်ပေးနေသူ ဦးမောင်ဇော်က ပြောကြားသည်။ ■

R-05

# ပြည်မြို့ရှိ ရေပေးဝေရေးစနစ်တွင် ရေသန့်စက်များ တပ်ဆင်

**ပြည်၊ ဖေဖော်ဝါရီ ၆**

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)၊ ပြည်မြို့ရှိ သောက်သုံးရေ ဖြန့်ဝေရာတွင် မြစ်ရေကို တိုက်ရိုက် မောင်းတင်ကာ ရေဖြန့်ဝေခဲ့ရာမှ ရေသန့်စင်စက်များ တပ်ဆင်ကာ သောက်သုံးရေ ဖြန့်ဝေမည်ဖြစ်ကြောင်း မြို့နယ် စည်ပင်သာယာရေး ကော်မတီ ဒုတိယ ညွှန်ကြားရေးမှူးသူရ ဦးမြင့်သူက ပြောကြားသည်။

အဆိုပါ ရေသန့်စင်စက်များ တပ်ဆင်မှုကို ဂျပန်နိုင်ငံ၏ ချေးငွေဖြင့် ၂၀၁၆ခုနှစ် မေလမှ စတင်ကာ ဆောင်ရွက်လျက်ရှိရာ ၂၀၁၇ ခုနှစ် ဇွန်လတွင် အပြီးသတ်နိုင်ရန် လျာထားပြီး ပြီးစီးပါက သောက်သုံး ရေသန့်များကို ဖြန့်ဝေနိုင်မည်ဖြစ်ကြောင်း၊ လတ်တလောတွင် ပြည်မြို့၏ ၅၀ ရာခိုင်နှုန်းမှာ မြစ်ရေကို ကလိုရင်းခတ်ကာ သောက်သုံးရေဖြန့်ဝေပေးနေကြောင်း ယင်းကော်မတီထံမှ သိရသည်။

“မြစ်ရေက ငယ်ငယ်ကတည်းက သောက်လာ သုံးလာတာပဲ၊ ပုံမှန်ဆိုရင်တော့ အဆင်ပြေတယ်၊ မိုးရာသီဘက်တွေမှာ ရေနောက်တော့ ကျောက်ချဉ်ခတ်ရတယ်၊ သန့်စင်ပြီးပေးရင်တော့ ပိုအဆင်ပြေတာပေါ့”ဟု ဆင်စုရပ်ကွက်အတွင်း နေထိုင်သော ဦးရဲခေါင်ကျော်က ပြောကြားသည်။

ပြည်မြို့နယ်ရှိ ဆင်စုရပ်ကွက်၊ ရွာဘဲရပ်ကွက်အတွင်း မြစ်ရေပေးဝေနေပြီး နေ့စဉ် ရေဂါလန် တစ်သန်းဖြန့်ဝေနေကြောင်း၊ လက်ရှိရေပေးဝေရာတွင် ပေးဝေသည့်ရေ၏ ၄၀ ရာခိုင်နှုန်း ခန့်မှာ ပြန်းတီးနေပြီ ယင်းပမာဏကို လျှော့ချရန် အတွက်လည်း ဆောင်ရွက်နေကြောင်း၊ ပြည်မြို့ရှိ ရေပေးဝေရေး စနစ်တွင် ဂျပန်ချေးငွေ ၈၄၆သန်းကျော်ဖြင့် ရေသန့်စင်ခြင်းနှင့် ရေစစ်ကန်တို့ပြုလုပ်နေကြောင်း၊ ပြည်မြို့အတွင်း ရေမီတာပေါင်း ၂၇၄၃ခု ၊ ရေတိုင်ပေါင်း ၁၄၉၁ တိုင်ရှိကြောင်း ပြည်မြို့နယ် စည်ပင်သာယာရေးကော်မတီထံမှ သိရှိရသည်။ ■

# ဘွဲ့လာယူသည့် နည်းပညာ တက္ကသိုလ်ကျောင်းသား ဓားထိုးခံရ

**ကလေး၊ ဖေဖော်ဝါရီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ နည်းပညာတက္ကသိုလ်တွင် ဘွဲ့ယူရန် လာရောက်သော အသက် ၂၂နှစ် အရွယ် ကျောင်းသားတစ်ဦး ဖေဖော်ဝါရီလ ၅ ရက်ညပိုင်းက ဓားထိုးခံရကြောင်း ကလေးမြို့မရဲစခန်းထံမှ သိရသည်။

ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် နေထိုင်သော ကိုရိုးတင်ဆန်း (၂၂နှစ်)က ဘွဲ့ယူရန်အတွက် ကျောင်းတက်စဉ်က နေထိုင်သော သာယာဝတီကျေးရွာရှိ ဘော်ဒါဆောင်တွင် ညအိပ်ခဲ့ကြောင်း၊ ယင်းနောက် သာယာဝတီ ကျေးရွာ ဘုန်းကြီးကျောင်းရှိ ဘုရားပွဲတွင် မုန့်စားရန် သွားရာမှ ကိုဆန်းလင်းအောင်(၂၁)နှစ်က ဓားဖြင့် ချိန်သဖြင့် လုံးထွေးခဲ့ကြောင်း၊ ယင်းနောက် ၎င်းနှင့် အတူပါလာသူ ကိုဆန်းလင်းအောင် လက်ထဲမှလွတ်ကျသော ဓားဖြင့် ကိုရိုးတင်ဆန်း၏ ဝမ်းဗိုက်ကထိုးခဲ့ကြောင်း၊ ကလေးမြို့မရဲစခန်းမှ စခန်းမှူး ဒုရဲမှူး သက်နိုင်ဦး ကပြောကြားသည်။

“ကောင်လေးကို မနှစ်က ငါ့ညီကို ထိုးတာ မင်းလားဆိုပြီး ဓားနဲ့ထိုးတယ်လို့ပြောတယ်၊ ဓားထိုးခံရသူက ညာဘက်ဝမ်းဗိုက်မှာ ဓားဒဏ်ရာရခဲ့တယ်၊ ဒဏ်ရာက အသက်အန္တရာယ်စိုးရိမ်ရလို့ ကလေးမြို့ပြည်သူ့ဆေးရုံမှာ ကုသနေဆဲပါ၊ အသေးစိတ်ကိုတော့ စစ်ဆေးနေတုန်းပါ” ဟု ၎င်းက ပြောဆိုသည်။

အဆိုပါ ဓားထိုးမှုကြောင့်ဓားထိုးမှုတွင် ပါဝင်သူများကို ရာဇသတ်ကြီး ပုဒ်မ ၃၂၆/၁၁၄ဖြင့် အမှုဖွင့်ကာ စစ်ဆေးနေကြောင်း ကလေးမြို့မ ရဲစခန်းထံမှ သိရသည်။ ■R-20

# မြစ်ဝကျွန်းပေါ် ကာကွယ်မြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်း

**ပုသိမ်၊ ဖေဖော်ဝါရီ ၆**

ပုသိမ်မြို့အခြေစိုက်မြစ်ဝကျွန်းပေါ် ကာကွယ် မြှင့်တင်ရေးအဖွဲ့ Defenqdear and Promotors For Delta (D P D ) ကို ပုသိမ်မြို့အမှတ် (၁) ရပ်ကွက် စကားဝါလမ်း အမှတ် ၂၈ တွင် ဖေဖော်ဝါရီလ ၅ရက်က ဖွဲ့စည်းခဲ့ကြောင်း ယင်းအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းရွှေ က ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းကာကွယ်ရေးနှင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ အနိုင်ကျင့် ခံနေရမှုများကို ဥပဒေနှင့် အညီကာကွယ်ပေးရန်၊ ယင်းအခြေအနေများကြောင့် ထိခိုက်နစ်နာခဲ့သူများ၏ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာများကို မြှင့်တင်နိုင်ရေးအတွက် ဖွဲ့စည်းခြင်းဖြစ်ကြောင်း၊ မြစ်ဝကျွန်းပေါ် ကာကွယ်မြှင့်တင်ရေး အဖွဲ့ကို တရားဝင် မှတ်ပုံတင်ကာ တိုင်းအစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖွဲ့စည်းခြင်းဖြစ်ပြီး ဖုန်း ၀၉၄၂၂၄၉၄၃၁၀ ကိုဆက်သွယ်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

“ဒီမိုကရေစီ အစိုးရတစ်ရပ် အခြေခိုင်ဖို့အရပ်ဘက် လူမှုအဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည် မြှင့်မားဖို့ လိုသလို၊ အစိုးရအနေနဲ့လည်း အရပ်ဘက် လူမှုအဖွဲ့အစည်း (CSO) တွေနဲ့အလေးအနက်ထား ပူးပေါင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်” ဟု ၎င်းက ပြောဆိုသည်။

■ R - 12

## မှုခင်းသတင်းတိုများ

■ ဆိပ်ကမ်းမြို့နယ်၊ ဗိုလ်တထောင်ဘုရားလမ်းရှိ ဗိုလ်တထောင်ဘုရားရှေ့တွင် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၆ နာရီက ပရိဘောဂအငှားယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဖြစ်ပြီး လမ်းဘေးရပ်ပြီး ကုန်ပစ္စည်းချနေသည့် ဟိုက်ဂျက်ယာဉ်နောက်ပိုင်းကို ဝင်တိုက်မိခဲ့သောကြောင့် ယာဉ်နှစ်စီးပျက်စီးကာ အမျိုးသားသုံးဦးနှင့် အမျိုးသမီးနှစ်ဦး ပေါက်ပြဲဖူးရောင်ဒဏ်ရာများ ရခဲ့သည်။

■ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ကုန်-ပုသိမ်ကားလမ်းရှိ ဘုတ်ဆုံမကားမှတ်တိုင် အနီးတွင် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၁၁ နာရီက သစ်သားထင်းရှူးခုံပေါ်တင်၍ ပလတ်စတစ်ပစ္စည်းများရောင်းနေသောဆိုင်မှာ ဆေးလိပ်မီးမှ မီးကူးစက်ပြီး ဆိုင်မီးလောင်ကျွမ်းခဲ့သောကြောင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှ မီးငြိမ်းသတ်ခဲ့ရကြောင်း၊ မီးလောင်မှုကြောင့် ပလတ်စတစ်ပစ္စည်းများနှင့် ဆီပီပါခုံတစ်လုံး မီးလောင်ဆုံးရှုံးခဲ့ပြီး လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရမှု မရှိခဲ့ကြောင်း သိရသည်။

■ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့အနောက်ဘက်ရှိ ရောဝတီမြစ်တွင် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၉ နာရီခွဲက မြစ်ကျောက်များ သယ်ဆောင်လာသည့် အလျား ၆၆ ပေ၊ အနံ ၁၇ ပေ၊ စောက် ၅ ပေခွဲရှိ တော်ဝင်သူ ရေယာဉ် တစ်စီးမှာ ရေတိမ်ပိုင်းရှိ သဲသောင်ကို တိုက်မိရာမှ ရေယာဉ်နစ်မြုပ်ခဲ့သည်။

■ သုံးခွမြို့နယ်၊ သန်လျင်-သုံးခွကားလမ်းရှိ မိုင်တိုင်အမှတ် ၄၉/၇ အနီးတွင် ဖေဖော်ဝါရီလ ၅ ရက် နံနက် ၁၀ နာရီက မော်တော်ဆိုင်ကယ်တစ်စီးမှ အရှိန်လွန်ပြီး လမ်းဘေးတွင် ရပ်နေသော အသက် ၅၂ နှစ်အရွယ် အမျိုးသမီးတစ်ဦးကို ဝင်တိုက်ကာ ဆိုင်ကယ်တိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိုက်ခံရသူ အမျိုးသမီးမှာ ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ပြီး တိမ်းမှောက်ခဲ့သည့် ဆိုင်ကယ်မှ အသက် ၂၃ နှစ်အရွယ် ဆိုင်ကယ်မောင်းသူ အမျိုးသား ပေါက်ပြဲကျိုးပဲ့ဒဏ်ရာများဖြင့် နေရာတွင် သေဆုံးခဲ့သည်။

■ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ သစ္စာလမ်းရှိ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာန ဝန်ထမ်းလိုင်းခန်းတွင် ဖေဖော်ဝါရီလ ၅ ရက် မွန်းလွဲ ၁ နာရီက ဓာတ်ရောင်ခြည် အသုံးချဌာန သုတေသနမှူးဖြစ်သူ အသက် ၅၁ နှစ်အရွယ် အမျိုးသမီးမှာ ဝန်ထမ်းအိမ်ရာ ဒုတိယထပ်တက်သည့် လှေကား လက်ရန်းတွင် ကြိုးဆွဲချသေဆုံးနေသည်ကို တွေ့ရှိခဲ့သောကြောင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် ရုပ်အလောင်းကို စံပြဆေးရုံသို့ ပို့အပ်စစ်ဆေးနေသည်။

The VOICE Daily CARTOON



# လေးလောင်းပြိုင် အပါအဝင် လူသတ်မှုများကို ရဲတပ်ဖွဲ့မဖော်ထုတ်နိုင်သေး

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

အစိုးရသစ်လက်ထက် အလောင်းပြိုင်လူသတ်မှုများဖြစ်သည့် မင်္ဂလာဒုံမြို့နယ် လေးလောင်းပြိုင် လူသတ်မှု၊ ခရမ်းမြို့နယ် နှစ်လောင်းပြိုင် လူသတ်မှုတို့ အပါအဝင် ကျန်လူသတ်မှုဖြစ်စဉ်အချို့မှ ပြစ်မှုကျူးလွန်သူများကို ယနေ့အချိန်ထိ ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိသေးပေ။

မှုခင်းအဖြစ်ပွားဆုံးမြို့တော်ဖြစ်သည့် ရန်ကုန်တွင် အစိုးရသစ်လက်ထက်၌ မှုခင်းကျဆင်းရေး လုပ်ငန်းများကို စီမံချက်ဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ခဲ့သော်လည်း ဒုစရိုက်မှုများ နေရာအနှံ့ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် သုံးရက်လျှင် လူတစ်ဦးနှုန်းဖြင့် လူသတ်မှုကြောင့် သေဆုံးခဲ့ရသည်။

အဆိုပါ လူသတ်မှုဖြစ်စဉ်များမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သော်လည်း အလောင်းပြိုင် လူသတ်မှုများဖြစ်သည့် မင်္ဂလာဒုံမြို့နယ်ရှိ ဒုရဲအုပ်ဟောင်း မိသားတစ်စု အသတ်ခံရသည့် နာမည်ကြီး လေးလောင်းပြိုင် လူသတ်မှုနှင့် ခရမ်းမြို့နယ် တက္ကသိုလ်ကျောင်းသူ ညီအစ်မ နှစ်ဦး အသတ်ခံရမှု ဖြစ်စဉ်များမှ တရားခံများကို ရဲတပ်ဖွဲ့က ဖော်ထုတ်ဖမ်းဆီးနိုင်ခြင်း မရှိသေးကြောင်း ယင်းမြို့နယ်ရဲစခန်းများထံမှ စုံစမ်းသိရသည်။

"လူသတ်သမားကိုဖော်ထုတ်ဖမ်းဆီးနိုင်ဖို့ ဒီအမှုတွေကို စီအိုင်ဒီက ကိုင်တွယ်စစ်ဆေးနေပါတယ်၊ လတ်တလောတော့ အမှုနဲ့ပတ်သက်ပြီး မသင်္ကာသူတွေကို ခေါ်စစ်ဆေးခဲ့ပေမယ့် အဓိက တရားခံကိုတော့ မဖော်ထုတ်နိုင်သေးပါဘူး" ဟု ရဲအရာရှိ တစ်ဦးက ပြောသည်။

အစိုးရသစ်လက်ထက် ဖြစ်ပွားခဲ့သည့် လူသတ်မှုများမှ မဖော်ထုတ်နိုင်သေးသည့် လူသတ်မှုများမှာ ၂၀၁၆ ခုနှစ် ဧပြီလ ၂၂ ရက်ကဖြစ်ပွားခဲ့သည့် ဒေါပုံမြို့နယ် ပုဇွန်တောင်ချောင်းအတွင်း မျောပါလာသည့် ခေါင်းပြတ် ဗိုက်ဖောက်ထားသော ၆ နှစ်အရွယ် မိန်းကလေးငယ် သေဆုံးမှုနှင့် မေလက ဖြစ်ပွားခဲ့သည့် သုံးခွမြို့နယ် ချောင်းဘေးတွင် အမျိုးသားတစ်ဦးဒဏ်ရာများဖြင့် သေဆုံးမှု၊ မှော်ဘီမြို့နယ် မြောင်းတကာစက်မှုဇုန်ရှိ နေအိမ်တစ်လုံးတွင် အမျိုးသမီး တစ်ဦး လည်ပင်းပြတ်ရှဒဏ်ရာဖြင့် သေဆုံးမှု၊ အဖျောက်မြို့နယ်ရှိ လူမနေသည့် ခြံဝင်းတစ်ခု ရေအိုင်စပ်တွင် အမျိုးသမီးတစ်ဦး မှောက်လျက်အနေအထားဖြင့် လူသေဆုံးမှုတို့ဖြစ်သည်။

ယင်းအပြင် ဇွန်လ ၁၉ ရက်နေ့တွင် မင်္ဂလာဒုံမြို့နယ် BE ယန္တရားတပ်ရှေ့တွင် အငှားယာဉ်အတွင်း ယာဉ်မောင်း၏ ပါးစပ်ကို တိပ်ဖြင့်ပိတ်ပြီး အသတ်ခံရမှု၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် ဒုရဲအုပ်ဟောင်း မိသားစုဝင် လေးဦး နေအိမ်အတွင်း အသတ်ခံရမှု၊ နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်အိမ်ရာရှိ တိုက်ခန်းတစ်ခုတွင် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦး လက်ပြန်ကြိုးတုပ်အသတ်ခံရမှု၊ ဒီဇင်ဘာလ ၂ ရက်နေ့ တွင် ခရမ်းမြို့နယ် မောင်းမကျေးရွာရှိနေအိမ်တစ်အိမ်တွင် တက္ကသိုလ်ကျောင်းသူနှင့် ၎င်း၏ အစ်မဝမ်းကွဲတော်စပ်သူ နှစ်ဦး အသတ်ခံရမှု ၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျောက်တံတားမြို့နယ် ၃၉ လမ်း(အလယ်)ရှိ တိုက်ခန်းတစ်ခုတွင် ၄၅ နှစ်အရွယ် ဗြိတိန်နိုင်ငံသားတစ်ဦး အသတ်ခံရမှုဖြစ်စဉ်များမှာလည်း ယနေ့အချိန်ထိ မဖော်ထုတ်နိုင်သေးသည့် ရန်ကုန်မြို့တွင် ဖြစ်ပွားခဲ့သည့် လူသတ်မှုများဖြစ်သည်။

"လူသတ်မှု ၁၂၀ ကျော်မှာ အမှုပေါင်း ၁၀၀ ကျော်က လူသတ်တရားခံတွေကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့တယ်၊ ကျန်မဖော်ထုတ်နိုင်သေးတဲ့ လူသတ်မှုတွေက ဖော်ထုတ်အရေးယူနိုင်အောင် စီအိုင်ဒီနဲ့ နယ်မြေ ရဲတပ်ဖွဲ့က ပူးပေါင်းစုံစမ်းနေပါတယ်" ဟုရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအရာရှိတစ်ဦးက ပြောသည်။

နာမည်ကြီး စိမ်းလဲ့ကန်သာ ငါးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့ပြီးနောက်ပိုင်း စီအိုင်ဒီမှ ပြစ်မှုကြီးများကို ဖော်ထုတ်အရေးယူနိုင်မှု သိသာစွာကျဆင်းလာကြောင်း အငြိမ်းစား ရဲမှူးကြီး တစ်ဦးက မှတ်ချက်ပေးသည်။

"အမှုစုံစမ်းဖော်ထုတ်တဲ့ ရဲအရာရှိတွေမှာ မိမိတာဝန်ကျေပွန်စွာ တရားခံကို ရေဆုံးမြေဆုံးလိုက်ပြီး ဖော်ထုတ် အရေးယူချင်ပေမယ့် အချို့အမှုတွေမှာ အပေါ်ဖိအားတွေ ရှိတာကြောင့် မထိရဲမကိုင်ရဲ အောက်ခြေ တပ်ဖွဲ့ဝင်တွေမှာ ရင်ဆိုင်ကြုံတွေ့ရတာမျိုးတွေရှိတယ်၊ နောက်ပိုင်း တပ်ဖွဲ့ဝင်အများစုမှာ မလုပ်၊ မရှုပ်၊ မပြုတ်ဆိုတဲ့ အသိစိတ်စွဲကပ်လာတာကြောင့် ရာဇဝတ်မှုတွေကို ဖော်ထုတ်အရေးယူအမှုအပိုင်းမှာ သိသိသာသာ ကျဆင်းလာတာ တွေ့နေရတယ်၊ မျက်မြင်ရှိတဲ့ လူသတ်မှုတွေလောက်ပဲ ဖော်ထုတ်အရေးယူနိုင်ပြီး လျှို့ဝှက်နက်နဲတဲ့ လူသတ်မှုတွေဆို အခုချိန်ထိ မဖော်ထုတ်နိုင်ဘူး၊ အမှုလိုက်ရာမှာ တကယ်တော်ခဲ့တဲ့ စီအိုင်ဒီက အရာရှိကြီးအချို့လဲ အနားယူကုန်တာပါသလို လက်ရှိရဲတပ်ဖွဲ့မှာ နည်းပညာပိုင်း အားနည်းမှု၊ တပ်ဖွဲ့ဝင်အင်အားနည်းပါးမှုတွေ ရှိနေတာက ရာဇဝတ်မှုတွေ လျော့နည်းအောင်ထိန်းချုပ်နိုင်ဖို့ ကြီးမားစွာ ရင်ဆိုင်နေရတဲ့ အခက်အခဲတစ်ခုလို့ ကျွန်တော့်အမြင် သုံးသပ်မိတယ်" ဟု အဆိုပါ အငြိမ်းစား ရဲမှူးကြီးတစ်ဦးက ၎င်း၏အမြင်ကို သုံးသပ်ပြောကြားသည်။

ရာဇဝတ်မှုများ နေရာအနှံ့ ဆက်တိုက်ဖြစ်ပွားနေပြီး သုံးရက်လျှင်တစ်မှုနှုန်း လူသတ်မှု ဖြစ်ပွားနေသည့် ရန်ကုန်မြို့တော်တွင် မှုခင်းလျော့နည်းကျဆင်းစေရန် ရဲတပ်ဖွဲ့က ဆောင်ရွက်နေသော်လည်း ယခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ရှေ့နေဦးကိုနီနှင့် အငှားယာဉ်မောင်း ကိုနေဝင်းတို့နှစ်ဦး သေနတ်ဖြင့်ပစ်သတ်ခံရမှု၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ရွှေနဂါးဝင်းရှိ လေးလွှာတိုက်ခန်းတစ်ခုတွင် အမျိုးသားတစ်ဦး အသတ်ခံရမှုတို့ ထပ်မံဖြစ်ပွားခဲ့ပြီးနောက် တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်နေသော ရန်ကုန်ရဲတပ်ဖွဲ့၏ စွမ်းဆောင်ရည်မှာ သိသာစွာ ကျဆင်းနေပြီဖြစ်ကြောင်း ဥပဒေပညာရှင်များနှင့် ပြည်သူအများ၏ ဝေဖန်သုံးသပ်မှုများ လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့လျက်ရှိသည်။ ■

# ပြည်လမ်းမပေါ်တွင် ဓားထောက်လုယက်သည့်အဖွဲ့ကို စတင်တရားစွဲ

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ပြည်လမ်းမပေါ်ရှိမေတ္တာဦးဆေးခန်းအနီးတွင် ဆိုင်ကယ်ဖြင့် ဓားထောက်လုယက်သည့် အဖွဲ့ကို အနောက်ပိုင်း ခရိုင်တရားရုံးတွင် ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်တရားစွဲဆိုထားခြင်းဖြစ်သည်။

ကမာရွတ်မြို့နယ်၊ ပြည်လမ်းမဘေးတွင် ဇန်နဝါရီလ ၁၂ ရက် ညပိုင်းက ကိုအောင်ပြည်စိုးမှာ သူငယ်ချင်းဖြစ်သူနှင့်အတူလမ်းလျှောက်နေစဉ် ကမာရွတ်မြို့နယ်၊ လှည်းတန်းဘက်မှ ဆိုင်ကယ်တစ်စီး ရောက်ရှိလာပြီး အမျိုးသားတစ်ဦးက ဓားထောက်ခြိမ်းခြောက်ကာ လက်ကိုင်ဖုန်းလုယူခဲ့သဖြင့် ကမာရွတ်မြို့မရဲစခန်းသို့ အမှု ဖွင့်တိုင်ကြားပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

"တရားလိုက ညဘက်လမ်းလျှောက်နေတဲ့အချိန်မှာ ဆိုင်ကယ်နဲ့ဓားထောက်ဝင်လုတာ၊ ရဲကနေလိုက်ဖမ်းရာက စစ်လိုက်တဲ့အချိန်မှာ ပူးပေါင်းပါဝင်သူ လေးဦးဖြစ်နေတယ်၊ လေးဦးလုံးကို တရားစွဲထားတာပါ" ဟု အနောက်ပိုင်းခရိုင်တရားရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ခြိမ်းခြောက် လုယက်မှုဖြင့် တရားစွဲခံရသူများမှာ အသက် ၂၁ နှစ်အရွယ် အောင်ကျော်ကျော်၊ အသက် ၁၈ နှစ်အရွယ် ရဲနိုင်(ခ)ကြာစိ၊ အသက် ၂၀ အရွယ် ကိုကို(ခ)သူရနိုင်နှင့် အသက် ၂၃ နှစ်အရွယ် နေမျိုး(ခ) နေမျိုးအောင်တို့ ဖြစ်ပြီး ကမာရွတ်မြို့မရဲစခန်းက (ပ)၂၃/၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၉၄(လုယက်မှု)ဖြင့် တရားစွဲဆိုခဲ့ခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၅ ခုနှစ်တွင် လုယက်မှု ၆၇ မှု၊ ၂၀၁၆ ခုနှစ်တွင် ၅၁ မှုရှိခဲ့ပြီး ၁၆ မှုလျော့ကျခဲ့ကြောင်း၊ အမှုကြီး ၁၀ မျိုးဖြစ်ပွားမှုလျော့ကျစေရန် ကြိုတင်ကာကွယ်မှုများ ပြုလုပ်နေပြီး ၂၀၁၅ ခုနှစ်တွင် ဖမ်းဆီးအရေးမှု ၂၄၆၂၂ မှု၊ ၂၀၁၆ ခုနှစ်တွင် ၄၂၀၀၃ မှုအထိ တိုးမြှင့်ဖမ်းဆီးအရေးယူခဲ့ရာ ၁၇၃၈၁ မှုအထိ ပိုမိုဖမ်းဆီးအရေးယူနိုင်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ထံမှ သိရသည်။ ■ J -16

# နှစ်အစ လိဂ်ပွဲစဉ် ငါးပွဲဆက် ဂိုးပေါက်ပျောက်သည့် ပထမဆုံးပရီးမီးယားလိဂ်အသင်းအဖြစ် လက်စတာ မှတ်တမ်းဆိုးကြုံ

**လန်ဒန်၊ ဖေဖော်ဝါရီ ၆**

ပရီးမီးယားလိဂ် လက်ရှိချန်ပီယံ လက်စတာအသင်းသည် မန်ယူကို သုံးဂိုး ဂိုးမရှိဖြင့် အရေးနိမ့်လိုက်ရသည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် ပြက္ခဒိန်နှစ်တစ်ခု အစ၌ ယှဉ်ပြိုင်ကစားသည့် အမှတ်ပေးပွဲစဉ် ငါးပွဲဆက်တိုက် ဂိုးပေါက်ပျောက်သည့် ပထမဆုံး ပရီးမီးယားလိဂ်အသင်းဟူသည့် မှတ်တမ်းဆိုးတစ်ရပ်ဖြင့် ကြုံဆုံသွားခဲ့ရပြီ ဖြစ်ကြောင်း OPTA က ဖော်ပြထားသည်။

လက်စတာသည် မစ်ဒယ်ဘရော့၊ ချယ်လ်ဆီး၊ ဆောက်သမ်တန်၊ ဘန်လေ၊ မန်ယူတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်များတွင် ဂိုးပေါက်ဆက်တိုက် ပျောက်ခဲ့ခြင်းဖြစ်ပြီး ယင်းအချက်ကပင် လျှင် လက်စတာကို တန်းဆင်းဇုန်တိုက်ပွဲဆင်နွှဲရစေရန် အကြောင်းဖန်သွားခဲ့ခြင်း ဖြစ်ကြောင်း ပြိုင်ပွဲရေးရာကျွမ်းကျင်သူများက သုံးသပ်ထားကြသည်။

လက်စတာကဲ့သို့ ပြက္ခဒိန်နှစ်တစ်ခုအစတွင် လိဂ်ပွဲစဉ်ငါးပွဲဆက်တိုက် ဂိုးပေါက်ပျောက်သည့်အခြေအနေကို ပရီးမီးယားလိဂ်မတိုင်မီ အင်္ဂလန်ပထမတန်း အမှတ်ပေးဘောလုံးပြိုင်ပွဲအမည်ဖြင့် ကျင်းပခဲ့စဉ်က စပါးအသင်း ရင်ဆိုင်ခဲ့ရဖူးပြီး စပါးမှာ ၁၉၈၆ ခုနှစ်တွင် နှစ်အစ၌ ယှဉ်ပြိုင်ရသည့် အမှတ်ပေးပွဲစဉ် ငါးပွဲဆက် ဂိုးပေါက်ပျောက်ခဲ့ခြင်းဖြစ်သည်။

လက်စတာသည် ပရီးမီးယားလိဂ်တွင်သာမက အင်္ဂလန်နိုင်ငံရှိ ထိပ်တန်းအမှတ်ပေးပြိုင်ပွဲလေးခု(ပရီးမီးယားလိဂ်၊ ချန်ပီယံရှစ်၊ လိဂ်-၁၊ လိဂ်-၂)လုံးရှိ ပြိုင်ပွဲဝင်အသင်းများအားလုံးအနက်တွင် ၂၀၁၇ ခုနှစ်အတွင်း လိဂ်သွင်းဂိုး လုံးဝရှာဖွေရရှိခြင်းမရှိသေးသည့် တစ်သင်းတည်းသော အသင်းဖြစ်လျက်ရှိကာ လာမည့်တနင်္ဂနွေနေ့တွင် ဆွမ်ဆီးနှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်၌ ယင်းအခြေအနေဆိုးကို ချေဖျက်ပြရန် လက်စတာက ကြိုးပမ်းသွားရတော့မည်လည်းဖြစ်သည်။

လက်စတာသည် ယမန်နှစ်ဘောလုံးရာသီ၌ ပရီးမီးယားလိဂ်ပွဲစဉ် ၃၈ ပွဲတွင် သွင်းဂိုး ၆၈ ဂိုး ရယူနိုင်ခဲ့သော်လည်း လက်ရှိဘောလုံးရာသီ၌မူ ပွဲစဉ် ၂၄ ပွဲ ယှဉ်ပြိုင်ပြီးချိန်၌ ၂၄ ဂိုးသာ ရရှိထားကာ အသင်းအဓိကကစားသမားများ ဖြစ်သည့် ဗာဒီနှင့် မာရက်ဇ်တို့ ဂိုးသွင်းအားကျဆင်းသွားခြင်းမှာလည်း လက်စတာအတွက် ထိုးနှက်ချက်တစ်ရပ် ဖြစ်လျက်ရှိသည်။

ဗာဒီသည် ယမန်နှစ်ဘောလုံးရာသီ၌ အသင်းအတွက် လိဂ်သွင်းဂိုး ၂၄ ဂိုး ရယူပေးနိုင်ခဲ့ပြီး လက်ရှိဘောလုံးရာသီ ၌ လိဂ်ပွဲစဉ် ၂၀ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ရာတွင် ဗာဒီရယူနိုင်ခဲ့သည့် သွင်းဂိုးအရေအတွက်မှာ ငါးဂိုးတည်းသာရှိထားသည်။

မာရက်ဇ်သည် ယမန်နှစ်ဘောလုံးရာသီတွင် လက်စတာအတွက် လိဂ်သွင်းဂိုး ၁၇ ဂိုး ရယူပေးနိုင်ခဲ့ကာ လက်ရှိဘောလုံးရာသီတွင်မူ လိဂ်ပွဲစဉ် ၂၂ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့ရာ၌ ၎င်းသွင်းယူနိုင်ခဲ့သည့် သွင်းဂိုးမှာ သုံးဂိုးသာ ရှိထားသည်။ ■E-11




# မြန်မာနေရှင်နယ်လိဂ်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို 100 Plus ထောက်ပံ့မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြန်မာပြည်အတွင်း ရောင်းချနေသည့် 100 Plus ရေဓာတ်အားဖြည့် အချိုရည်က မြန်မာနေရှင်နယ်လိဂ်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ကို Hydration Partnership အဖြစ် ထောက်ပံ့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ထံမှ သိရသည်။

100 Plus အနေနှင့် ယင်းသို့ ထောက်ပံ့ပေးနိုင်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီတို့နှင့် ရန်ကုန်မြို့တော်ရှိ နိုဗိုတယ် (ရန်ကုန်မက်စ်ဟိုတယ်) ၌ ဖေဖော်ဝါရီ ၁၁ ရက်တွင် စပွန်ဆာစာချုပ်ချုပ်ဆိုမည်ဟု မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကျင်းပရေးကော်မတီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"စပွန်ဆာပေးမှာနဲ့ပတ်သက်တဲ့ အသေးစိတ်အချက်လက်အချို့ကိုတော့ လက်ရှိအချိန်ထိ ကျွန်တော်တို့ မသိရှိရသေးပါဘူး။ 100 Plus အနေနဲ့လည်း စာချုပ်သက်တမ်းကို စာချုပ်တဲ့နေ့မှပဲ အသိပေးမှာပါ"ဟု ၎င်းကပြောဆိုသည်။

ရေဓာတ်အားဖြည့်အချိုရည် 100 PLUS (F&N) အနေနှင့် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းများ၏ ဘောလုံးပွဲစဉ်များနှင့် မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များတွင် 100 PLUS ရေဓာတ်အားဖြည့်အချိုရည်များ ပံ့ပိုးကူညီပေးရန် စီစဉ်နေခြင်းဖြစ်သည်။

100 PLUS သည် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ကို ယခင်ကလည်း ထောက်ပံ့ပေးခဲ့ဖူးပြီး သက်တမ်းအလိုက် လူငယ်ပြိုင်ပွဲများ ကျင်းပပေးခဲ့သလို အခြားအားကစားနည်းများတွင်လည်း ထောက်ပံ့မှုများ ပြုလုပ်လျက်ရှိသည်။ ■J-04




# အာဖရိကဖလားပြိုင်ပွဲတွင် ဗိုလ်စွဲခြင်းနှင့်အတူ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲဝင်ခွင့်ကို ကင်မရွန်း ရယူ

**လိုင်ဘရီဗယ်လ်လီ၊ ဖေဖော်ဝါရီ ၆**

ဂါဘွန်နိုင်ငံတွင် ကျင်းပပြီးစီးသွားခဲ့သည့် အာဖရိကဖလားနောက်ဆုံးဗိုလ်လုပွဲတွင် ကင်မရွန်းအသင်းက အီဂျစ် အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူကာ ချန်ပီယံဖြစ်သွားခဲ့ကြောင်း DPA က ဖော်ပြထားသည်။

အီဂျစ်သည် ကင်မရွန်းကို ပွဲကစားချိန် ၂၂ မိနစ်တွင် အယ်လ်နန်နီ သွင်းယူသောဂိုးဖြင့် စတင်ဦးဆောင်နိုင်ခဲ့သော်လည်း ယင်းဂိုးကိုပွဲကစားချိန် ၅၉ မိနစ်တွင် ကင်မရွန်းနောက်ခံလူ အန်ကိုလူးက ပြန်လည်ချေပခဲ့ကာ ပွဲပြီးဆုံးရန် နှစ်မိနစ်အလိုပွဲချိန် ၈၈ မိနစ်သို့အရောက်တွင် အာဘူဘေကာက ကင်မရွန်းအတွက် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်စေမည့် အဖိုးတန်အနိုင်ဂိုးကို ဆက်လက်ရယူပေးသွားခဲ့သည်။

ဘယ်လ်ဂျီယံနိုင်ငံသား ဟူဂိုဘရူးစ်ကို နည်းပြခန့်အပ်ထားသည့် ကင်မရွန်းအသင်းသည် အာဖရိကဖလားပြိုင်ပွဲတွင် နောက်ဆုံး ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ် ပြန်လည်ဗိုလ်စွဲခြင်းဖြစ်ကာ ယခုမတိုင်မီတွင် အာဖရိကဖလားပြိုင်ပွဲ၌ ကင်မရွန်းအသင်း ချန်ပီယံဖြစ်ခဲ့သည်မှာ လွန်ခဲ့သည့် ၂၀၀၂ ခုနှစ်ကဖြစ်သည်။

ကင်မရွန်းအသင်းသည် အသင်းသမိုင်းကြောင်းတစ်လျှောက်တွင် အာဖရိကနိုင်ငံများဖလားကို ပဉ္စမအကြိမ်မြောက်အဖြစ် ဆွတ်ခူးရယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယင်းသို့ အာဖရိကဖလားပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲလိုက်သည့်အတွက် လာမည့်ဇွန်လတွင် ရုရှားနိုင်ငံ၌ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အကြိုအဖြစ် ကျင်းပမည့် ၂၀၁၇ တိုက်ကြီးများဖလား (ကွန်ဖက်ဒရေးရှင်းဖလား) ပြိုင်ပွဲကို ကင်မရွန်းက ပါဝင်ယှဉ်ပြိုင်ခွင့် ရသွားခဲ့ပြီလည်းဖြစ်သည်။

ကင်မရွန်းသည် ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲတွင် ကိုပါအမေရိကဖလား ချန်ပီယံ ချီလီ၊ အာရှဖလားချန်ပီယံ သြစတြေးလျ၊ ကမ္ဘာ့ဖလားချန်ပီယံ ဂျာမနီတို့နှင့် တစ်အုပ်စုတည်းကျရောက်သွားခဲ့ပြီး ဇွန်လ ၁၈ ရက်နေ့တွင် ချီလီနှင့် မော်စကိုမြို့၌လည်းကောင်း၊ ဇွန်လ ၂၂ ရက်နေ့တွင် သြစတြေးလျနှင့် စိန့်ပီတာစဘတ်မြို့၌ လည်းကောင်း၊ ဇွန်လ ၂၅ ရက်နေ့တွင် ဂျာမနီနှင့် ဆိုချီမြို့၌လည်းကောင်း ကင်မရွန်းက ယှဉ်ပြိုင်ကစားသွားရလိမ့်မည်ဖြစ်သည်။

ကင်မရွန်းသည် ၂၀၀၃ ခုနှစ်၌ ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်ခဲ့ဖူးကာ ဒုတိယဆုရယူနိုင်ခဲ့ပြီး ယင်းပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်အဆင့်တွင် ကင်မရွန်းက ကိုလံဘီယာကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ရာ၌ ပွဲကစားချိန် ၇၂ မိနစ်တွင် ကင်မရွန်း ကွင်းလယ်ကစားသမား မက်ဗီဗီယန်ဖိုးနှလုံးအမောဖောက်ကာ လဲကျသေဆုံးသွားခဲ့ခြင်းမှာ ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက် ဝမ်းနည်းဖွယ်အဖြစ်အပျက်အဖြစ် သတ်မှတ်ခံထားရသည်။ ■E-11

# ဗန်ပါစီကို တိုဆစ်ဇ၏ဇနီးသည် ဆဲဆို၊ ဗန်ပါစီနှင့် မိတ်ဆွေမဟုတ်တော့ဟု အော့ဇ်ယာကပ် ပြောကြား

**အစ္စတန်ဘူလ်၊ ဖေဖော်ဝါရီ ၆**

ဘက်ဆစ်တပ်အသင်း ကွင်းလယ်ကစားသမား တိုဆစ်ဇ၏ဇနီးသည် ဂျီလီနာကာလူးဆာသည် ဖီနာဘာချီက ဘက်ဆစ်တပ်ကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် တူရကီဖလား ၁၆ သင်းအဆင့်ပွဲစဉ်တွင် ၎င်း၏ခင်ပွန်းသည် ထုတ်ပယ်ခံရစေရန် ဟန်ဆောင်လီဆယ်ခဲ့သည့် ဖီနာဘာချီအသင်းတိုက်စစ်မှူး ဗန်ပါစီကို တွစ်တာ လူမှုကွန်ရက်စာမျက်နှာကတစ်ဆင့် ဒေါသတကြီး ဆဲဆိုလိုက်ကြောင်း The Mirror က ဖော်ပြထားသည်။

ဗန်ပါစီသည် ပွဲကစားချိန် ပထမပိုင်းတွင် တိုဆစ်နှင့်ဘောလုံးယှဉ်လုရာ၌ ၎င်း၏ ဒူးဖြင့် တိုဆစ်၏နံရိုးနေရာကို မသိမသာ တိုက်လိုက်ပြီး ယင်းလုပ်ရပ်အတွက် ၎င်းတို့နှစ်ဦး စကားအချေအတင်ဖြစ်ကြရာတွင် တိုဆစ်က ၎င်းကို တွန်းလိုက်ချိန်၌ မြေကြီးပေါ်သို့ လှဲချကာ မျက်နှာကိုထိခိုက်၍ အလွန်အမင်း နာကျင်သွားဟန် လူးလိမ့်ပြခဲ့သည့်အတွက် တိုဆစ်မှာ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံလိုက်ရသည်။



တိုဆစ်၏ဇနီးသည်ကာလူးဆာသည် ဗန်ပါစီကို သရုပ်ဆောင်ကောင်းလွန်းသည့် ငလိမ်ကောင်ဟု မှတ်ချက်ပေးပြောကြားသွားခဲ့ပြီး တွစ်တာလူမှုကွန်ရက်စာမျက်နှာထက်တွင် ရေးသားထားသော စာသားများကို ဖတ်ရှု၍ သူမ၏ဒေါသအတိုင်းအဆကို ခန့်မှန်းနိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ကာလူးဆာက အသိပေးထားသေးသည်။

ကာလူးဆာသည် လက်ရှိတွင်မူ ၎င်း၏တွစ်တာလူမှုကွန်ရက်စာမျက်နှာတွင် ဗန်ပါစီ၏အပြုအမူကို ဆဲရေးတိုင်းထွာထားသည့်စာသားများကို ပြန်လည်ပယ်ဖျက်ပေးလိုက်ပြီဖြစ်ကာ ယင်းသို့ဖျက်ပေးလိုက်သည်မှာ ခင်ပွန်းသည် တိုဆစ်က တောင်းဆိုပန်ကြားလွန်းခဲ့သောကြောင့် ခင်ပွန်းသည်ကို အားနာလွန်း၍ဖျက်ပေးလိုက်ခြင်းသာဖြစ်ကြောင်း ကာလူးဆာက ရှင်းပြထားသည်။

ဗန်ပါစီသည် ဖီနာဘာချီနှင့် ဘက်ဆစ်တပ်တို့ယှဉ်ပြိုင်ကစားခဲ့သည့် အဆိုပါ တူရကီဖလား ၁၆ သင်းအဆင့်ပွဲစဉ်တွင် ဖီနာဘာချီအသင်း နောက်တစ်ဆင့်တက်ရောက်နိုင်စေမည့် တစ်လုံးတည်းသော အဖိုးတန်အနိုင်ဂိုးကို သွင်းယူပေးခဲ့ပြီးသည့်နောက်၌လည်း ရန်စသည့်အပြုအမူဖြင့် အောင်ပွဲခံခဲ့ကာ ဘက်ဆစ်တပ်အသင်း ခေါင်းဆောင် အော့ဇ်ယာကပ်၏ရှေ့သို့ ဒူးထောက်လျှောထိုးချလိုက်ပြီး အော့ဇ်ယာကပ်၏မျက်နှာကို မော့ကြည့်ကာ အော်ဟစ်အောင်ပွဲခံခဲ့သည့် ၎င်း၏လုပ်ရပ်ကို ဘက်ဆစ်တပ်ပရိသတ်များက လွန်စွာဒေါသပေါက်ကွဲခဲ့ကြသည်။

ဗန်ပါစီနှင့် အော့ဇ်ယာကပ်တို့သည် အာဆင်နယ်ထံတွင် အသင်းဖော်များအဖြစ် ကစားသမားဘဝကို အတူတကွ ဖြတ်သန်းခဲ့ကြဖူးကာ ၎င်းနှင့်ဗန်ပါစီတို့အကြားရှိ မိတ်ဆွေအခန်းကဏ္ဍမှာ ယနေ့ကစ၍ အဆုံးသတ်သွားပြီဖြစ်ကြောင်း အော့ဇ်ယာကပ်က ပြောကြားလိုက်သည်။ ■E-11



# ဖာဂူဆန်ခေတ်နောက်ပိုင်း လိဂ်ရှုံးပွဲမရှိ အရှည်ကြာဆုံးစံချိန်ကို မန်ယူ ပိုင်ဆိုင်၊ ကံကောင်း၍ အနီကတ်မထိခဲ့ခြင်းဟု မာတာ ဖွင့်ဟ

**မန်ချက်စတာ၊ ဖေဖော်ဝါရီ ၆**

မန်ယူအသင်းသည် လက်စတာကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်အပြီးတွင် နည်းပြဖာဂူဆန် အနားယူသွားခဲ့ပြီးသည့်ကာလနောက်ပိုင်း၌ လိဂ်ရှုံးပွဲမရှိ အရှည်ကြာဆုံးစံချိန်တစ်ရပ်ကို ပိုင်ဆိုင်ရရှိသွားခဲ့ကြောင်း Yahoo က ဖော်ပြထားသည်။

မန်ယူသည် လက်ရှိတွင် နည်းပြ မော်ရင်ညို၏ဦးဆောင်မှုအောက်၌ ပရီးမီးယားလိဂ်ပွဲစဉ် ၁၅ ပွဲဆက်တိုက် ရှုံးပွဲမရှိဖြတ်သန်းနိုင်ခဲ့ပြီဖြစ်ကာ လက်ရှိတွင် အသင်းအနေနှင့် အနိမ့်ဆုံးအဖြစ် အဆင့်လေးဖြင့် ရာသီပိတ်သိမ်းနိုင်ရန် ယုံကြည်ချက်များကိုလည်း ပိုင်ဆိုင်လာခဲ့ပြီဖြစ်ကြောင်း မော်ရင်ညိုက ဖွင့်ဟပြောကြားသွားခဲ့သည်။

မန်ယူသည် ၂၀၁၃ ခုနှစ် မတ်လတွင် နည်းပြဖာဂူဆန်၏လက်အောက်၌ လိဂ်ပွဲစဉ် ၁၈ ပွဲဆက်တိုက် ရှုံးပွဲမရှိဖြတ် သန်းခဲ့ဖူးကာ မန်ယူအသင်းသမိုင်းကြောင်းတစ်လျှောက်တွင် လိဂ်ပွဲစဉ် ၁၅ ပွဲဆက်တိုက် ရှုံးပွဲမရှိဖြတ်သန်းနိုင်မှုမှာ ၁၁ ကြိမ်ရှိလာခဲ့ပြီဖြစ်ကြောင်း OPTA က အသိပေးထားသည်။

မန်ယူနှင့် လက်စတာတို့ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် အသင်းအတွက် အနိုင်ဂိုးတစ်ဂိုး သွင်းယူပေးခဲ့သည့် မန်ယူကွင်းလယ်ကစားသမား မာတာသည် ၎င်းအနေနှင့်အနီကတ်ပြသထုတ်ပယ်မခံလိုက်ရသည်မှာ လွန်စွာကံကောင်းလွန်းကြောင်း ဖွင့်ဟဝန်ခံသွားခဲ့ပြီး ဗာဒီကို လူချကစားလိုက်မိသည့်ဖြစ်စဉ်မှာ အနီကတ်ထိသွားနိုင်သော အခြေအနေမျိုးဖြစ်ကြောင်း ၎င်းက ပြောကြားသွားခဲ့သည်။

မာတာသည် ပထမပိုင်းပွဲကစားချိန် ၂၈ မိနစ်တွင် လက်စတာတိုက်စစ်မှူး ဗာဒီကို လူချကစားလိုက်မိခြင်းဖြစ်ပြီး ယင်းဖြစ်စဉ်တွင် ကွင်းလယ်ဒိုင်လူကြီး အန်တိုနီတေလာက မာတာကိုအဝါကတ်ပြသ သတိပေးခြင်းဖြင့်သာ အရေးယူသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင် မာတာက “ဗာဒီကို လူချကစားဖို့ ရည်ရွယ်ချက် ကျွန်တော့်မှာ လုံးဝမရှိခဲ့ပါဘူး။ ဒါဟာ မှန်သောစကားပါ။ ကျွန်တော်က ဘောလုံးပြန်လုယူဖို့သာ ဦးတည်ခဲ့တာဖြစ်ပါတယ်။ ဗာဒီကို နာကျင်သွားစေလိုစိတ် ကျွန်တော့်မှာ လုံးဝမရှိခဲ့ဘူး။ ကျွန်တော်မှားသွားပြီဆိုတာ သိလိုက်ချိန်မှာ ခြေထောက်ကို ပြန်ရုပ်သိမ်းဖို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါဘူး။ အနီကတ်နဲ့ထုတ်ပယ်ခံရနိုင်တဲ့အခြေအနေမျိုးမှာ အဝါကတ်သာ ပြသသတိပေးခံခဲ့ရတဲ့အတွက် ကံကောင်းတယ်လို့ ဆိုရပါလိမ့်မယ်”ဟု အသိပေးသွားခဲ့သည်။ ■ E-11

# Like ပေးခဲ့မိခြင်းအတွက် ချိန်ဘာလိန် တောင်းပန်

**လန်ဒန်၊ ဖေဖော်ဝါရီ ၆**

အာဆင်နယ် ကွင်းလယ်ကစားသမား ချိန်ဘာလိန်သည် ‘‘အာစင်ဝင်းဂါးထွက်သွားဖို့ လိုနေပြီ’’ ဟု အွန်လိုင်းလူမှု ကွန်ရက်စာမျက်နှာထက်တွင် ရေးသားလွှင့်တင်ထားသည့်မှတ်ချက်ကို 'Like' ပေးခဲ့မိသည့်အတွက် အသင်းတာဝန်ရှိသူများအားလုံးကို ဝန်ချတောင်းပန်လိုက်ကြောင်း Daily Star က ဖော်ပြထားသည်။

ချိန်ဘာလိန်သည် အာဆင်နယ်ပရိသတ်များရုပ်သံ (Arsenal Fan TV) တွစ်တာလူမှုကွန်ရက်စာမျက်နှာက ‘အာစင်ဝင်းဂါး ထွက်သွားဖို့ လိုနေပြီ’ ဟု ရေးထားသောစာသားကို Like ပေးမိခဲ့ခြင်းဖြစ်ပြီး ၎င်းအနေနှင့် အမှတ်တမဲ့ဖြစ်ကာ Like ကို နှိပ်လိုက်မိခြင်းဖြစ်ကြောင်း ချိန်ဘာလိန်က ရှင်းပြထားသည်။

အာဆင်နယ်ပရိသတ်များရုပ်သံသည် ချယ်လ်ဆီးက အာဆင်နယ်ကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ် ဗီဒီယိုဖိုင်ကို ယင်းစာသားနှင့်တွဲဖက်၍ ၎င်းတို့၏တွစ်တာလူမှုကွန်ရက်စာမျက်နှာထက်သို့ လွှင့်တင်လိုက်ခြင်းဖြစ်ပြီး ၎င်းအနေနှင့် ယင်းလွှင့်တင်ထားမှုကို သာမန်ပွဲမှတ်တမ်း ဗီဒီယိုဖိုင်ဟု ထင်မှတ်ကာ Like ပေးလိုက်ခြင်းဖြစ်ပါကြောင်း ချိန်ဘာလိန်က အသိပေးထားသည်။

ချိန်ဘာလိန်၏တွစ်တာ Follower ၂ ဒသမ ၂ သန်းသည် ချိန်ဘာလိန်က ‘အာစင်ဝင်းဂါး ထွက်သွားဖို့ လိုနေပြီ’ မှတ်ချက်ပါရှိသော ဗီဒီယိုဖိုင်ကို Like ပေးထားကြောင်း မြင်တွေ့လိုက်ရအပြီးတွင် လွန်စွာ အံ့သြသင့်သွားခဲ့ကြကာ ၎င်း၏အမှားကို သတိပြုလိုက်မိအပြီးတွင် အသင်းတာဝန်ရှိသူများထံသို့ ဖုန်းခေါ်ဆိုကာ ချိန်ဘာလိန်က အဖြစ်အပျက်ကို ရှင်းပြ၍ ချက်ချင်းပင် တောင်းပန်စကားပြောကြားလိုက်ခြင်းဖြစ်သည်။ ■E-11



# မာတစ်နှင့်အပေါင်းပါများနောင်တရကြရပြီဟု ဟူဂိုဘရုးစ်ဝင့်ကြွား၊အကောင်းဆုံးကစားသမားဆုကိုဘတ်စ်ဆိုဂေါ့ဆွတ်ခူး



**လိုင်ဘရီဗယ်လ်လီ၊ ဖေဖော်ဝါရီ ၆**

ကင်မရွန်းလက်ရွေးစင်ဘောလုံးအသင်းနည်းပြ ဟူဂိုဘရုးစ်သည် လက်ရှိတွင် လီဗာပူးနောက်ခံကစားသမား မာတစ်အပါအဝင် မာတစ်၏လမ်းစဉ်ကိုလိုက်၍ အသင်းလူစာရင်းက နုတ်ထွက်သွားခဲ့သောကစားသမားများမှာ လွန်စွာနောင်တရနေလောက်ပြီဟု ဝင့်ကြွားပြောဆိုသွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

မာတစ်သည် အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲပါဝင်ကစားရန် နည်းပြဟူဂိုဘရုးစ် ရွေးချယ်ထားခဲ့သည့် ကင်မရွန်းလက်ရွေးစင်အသင်း ပဏာမ ၃၅ ဦးစာရင်းတွင် ပါဝင်ခဲ့သော်လည်း အပြီးသတ်လူစာရင်းထုတ်ပြန် တော့မည့်အချိန်တွင် ၎င်းအနေနှင့် ကင်မရွန်းအသင်းအတွက် ကစားပေးလိုစိတ်မရှိဟု အကြောင်းပြကာ မာတစ်က ၎င်း၏ သဘောဆန္ဒအလျောက် နုတ်ထွက်သွားခဲ့ပြီး မာတစ်၏နောက်တွင် ဝက်စ်ဘရွန်းနောက်ခံလူ အလန်နိုင်အွန်း၊ အေဂျက်ဂိုးသမား အိုနာနာ၊ နန့်စီဂိုးသမား အက်စ်ဆမ်းဘီ၊ ဘော်ဒိုးဂိုးသမား ပိုအမ်ဂျီ၊ မာဆေးကွင်းလယ်လူ အန်ဂွက်စ်ဆာနှင့် လိုင်လီကွင်းလယ်လူ အေမာဒူးတို့ကလည်း ယင်းအကြောင်းပြချက်ဖြင့်ပင် လက်ရွေးစင်အသင်းအတွက် ကစားပေးရန် ငြင်းဆန်ခဲ့ကြသည်။

ကင်မရွန်းအသင်းသည် လက်ရှိတွင် အခက်အခဲများကို ရင်ဆိုင်ဖြတ်သန်း၍ အာဖရိကဖလားပြိုင်ပွဲတွင် အနိုင်ရ ဖိုလ်စွဲခဲ့ပြီဖြစ်ကာ ယင်းသို့နာမည်ကျော်ကစားသမားများက အသင်းကိုလျစ်လျူရှုသွားခဲ့ခြင်းမှာ ကျန်ကစားသမားများ၏စုစည်းအားကို ပိုမိုကောင်းမွန်သွားစေခဲ့ကြောင်းလည်း ဟူဂိုဘရုးစ်က ပြောကြားသွားခဲ့သည်။

သတင်းမီဒီယာများနှင့် တွေ့ဆုံခဲ့ရာတွင် ဟူဂိုဘရုးစ်က “အခုအချိန်လောက်ဆိုအသင်းအတွက် ကစားပေးချင် စိတ်မရှိခဲ့တဲ့သူတွေ ရှက်ရွံ့နာကျင်နေလောက်ပါပြီ။ “ဘာကြောင့်များ လက်ရွေးစင်အသင်းနဲ့လိုက်မသွားဖြစ်ခဲ့ရတာပါလိမ့်”လို့ သူတို့နောင်တရနေကြပါလိမ့်မယ်။ တကယ်က သူတို့တွေထွက်သွားတာဟာ အသင်းကိုအားနည်းမှုတွေဖြစ်သွားစေခဲ့ပေမယ့် စိတ်ဓာတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်ကိုတော့ မြင့်တက်သွားစေပါတယ်။ ငါတို့တွေဖြစ်အောင် လုပ်ပြမယ်ဆိုတဲ့စိတ်နဲ့ ရွေးချယ်ခံကစားသမားတွေက ကစားသွားခဲ့ကြတာပါ။ ဒီကနေ့မှာတော့ သူတို့ဟာ ကင်မရွန်းနိုင်ငံသမိုင်းမှာ သူ့ရဲကောင်းတွေအဖြစ် မှတ်တမ်းဝင်သွားခဲ့ကြပါပြီ”ဟု အသိပေးသွားသည်။

ကင်မရွန်းလက်ရွေးစင်အသင်း ကွင်းလယ်ကစားသမား ဘတ်စ်ဆိုဂေါ့သည် ကျင်းပပြီးစီးသွားခဲ့သည့်အာဖရိကနိုင်ငံများဖလား ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲတစ်လျှောက်အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးရရှိသွားခဲ့ပြီး ဘတ်စ်ဆိုဂေါ့မတိုင်မီတွင် အာဖရိကနိုင်ငံများဖလားဘောလုံးပြိုင်ပွဲ၌ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးကစားသမားဆုကိုနောက်ဆုံးဆွတ်ခူးရယူနိုင်ခဲ့သည့် ကင်မရွန်းကစားသမားမှာ ရီဂိုဘတ်စ်ဆောင်းဖြစ်သည်။

ကင်မရွန်းသည် ၂၀၁၇ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲတွင် ရှုံးပွဲမရှိစံချိန်ဖြင့် ဖိုလ်စွဲခဲ့ခြင်းဖြစ်ကာ အသင်းအတွက် အကောင်းဆုံးပေးဆပ်ကစားသွားသည့် လက်ရှိကစားသမားများကို လာမည့်ကွန်ဖက်ဒရေးရှင်းဖလားပြိုင်ပွဲအတွက် လက်ရွေးစင်အသင်း စုစည်းရာတွင်လည်း ထိပ်ဆုံးနေရာကထားရှိကာ စဉ်းစားပေးသွားမည်ဟု နည်းပြ ဟူဂိုဘရုးစ်က ကတိပေးထားသေးသည်။ ■E-11

# လိဂ်လူငယ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးဒိုင်လူကြီး တာဝန်ယူမည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ဦးဆောင်ကျင်းပနေသည့်မြန်မာနေရှင်နယ်လိဂ် လူငယ်ပြိုင်ပွဲများတွင် မြန်မာအမျိုးသမီး ဒိုင်လူကြီးတစ်ဦး တာဝန်ယူမည်ဖြစ်ကြောင်း မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကျင်းပရေးကော်မတီထံမှ သိရသည်။

ကမ္ဘာ့ဖလား အမျိုးသမီး ယူ ၂၀ ပြိုင်ပွဲတွင် တာဝန်ယူခဲ့သည့် မြန်မာဒိုင်လူကြီး ဒေါ်သိန်းသိန်းအေးအနေနှင့် ဖေဖော်ဝါရီလ ၇ ရက်တွင်ကျင်းပမည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၁ လူငယ်ပွဲစဉ်ဖြစ်သည့် ရန်ကုန်ယူနိုက်တက်နှင့် ဆောက်သမ်းမြန်မာပွဲစဉ်တွင် စတင်တာဝန်ထမ်းဆောင်ရမည်ဟု အဆိုပါကော်မတီက ထုတ်ပြန်ခဲ့သည်။

“အခုက အမျိုးသမီးဒိုင်ကို ပထမဆုံးအကြိမ် တာဝန်ပေးတာမို့ လူငယ်ပြိုင်ပွဲတွေမှာ အသုံးပြုတာပါ။ ဒေါ်သိန်းသိန်းအေးရဲ့ စွမ်းဆောင်ရည်အပေါ်မူတည်ပြီး နောက်ပိုင်းမှာ လိဂ်-၂၊ လိဂ်-၁ ပြိုင်ပွဲတွေမှာပါ တာဝန်ပေးဖို့ ရည်ရွယ်ထားတယ်” ဟု မြန်မာနေရှင်နယ်လိဂ် အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က ပြောကြားသွားသည်။

အမျိုးသားပြိုင်ပွဲများတွင် အမျိုးသမီးဒိုင်လူကြီးအဖြစ် ပထမဦးဆုံးတာဝန်ယူရမည်ဖြစ်သော်လည်း ဖိအားမရှိကြောင်း၊ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲများအတွက် ဥပဒေများမှာ အတူတူပင်ဖြစ်သည့်အတွက် စွမ်းဆောင်ရည်ပိုင်းကို အကောင်းဆုံး လုပ်ဆောင်နိုင်ရန်သာ ပြင်ဆင်ရမည်ဟု ဒေါ်သိန်းသိန်းအေးက ပြောဆိုသည်။

“အမျိုးသားပွဲတွေကို တာဝန်ယူရမယ့်အနေထားမှာ အဓိကတော့ စွမ်းဆောင်ရည်ပါပဲ။ ယောကျ်ားလေးပွဲတွေက အမျိုးသမီးပွဲတွေထက် မြန်တယ်။ ယူ ၂၁ က အငယ်ဆိုတော့ အကြီးတွေထက်ပိုမြန်တယ်။ အဲဒီအတွက် ကြံ့ခိုင်ရေး ကောင်းအောင် လို့ပြင်ထားတယ်။ ဒီမှာကဒိုင်တွေကို ဝေဖန်နေကြပေမယ့် အပြစ်မမြင်ပါဘူး။ ဖိအားတစ်ခုလို့လည်း မသတ်မှတ်ထားဘူး။ ကိုယ့်လုပ်ဆောင်ချက်ကိုပဲ အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားမှာပါ” ဟု ၎င်းက ပြောဆိုသည်။ ၂၀၀၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲနှင့်လူငယ်ပြိုင်ပွဲများတွင် အမျိုးသားဒိုင်လူကြီးများကိုသာ အသုံးပြုခဲ့ရာမှ အမျိုးသမီးကွင်းလယ်ဒိုင်တစ်ဦးကို စတင်အသုံးပြုခြင်းဖြစ်သည်။

ဒေါ်သိန်းသိန်းအေးသည် ဖီဖာအဆင့် အမျိုးသမီးဒိုင်တစ်ဦးဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွင်း မန္တလေးမြို့၌ ကျင်းပခဲ့သည့် အာဆီယံချန်ပီယံရှစ် အမျိုးသမီးဘောလုံးပြိုင်ပွဲ၏ ဖိုလ်လုပွဲကို ကိုင်တွယ်ခွင့်ရခဲ့သူဖြစ်ကာ မြောက်ကိုရီးယားအသင်း ချန်ပီယံဖြစ်ခဲ့သည့် ၂၀၁၆ ခုနှစ် ယူ-၂၀ ကမ္ဘာ့ဖလားအမျိုးသမီးပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံကိုယ်စားပြုကာ ကမ္ဘာ့အဆင့် ပြိုင်ပွဲကို ကိုင်တွယ်ခွင့်ရခဲ့သူဖြစ်သည်။ ■ J-04

# ရှိုးရာလက်ဝှေ့ပွဲ လက်မှတ်ဈေး ကျပ်သုံးသိန်းအထိ သတ်မှတ်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

မင်္ဂလာဒုံဥယျာဉ်မြို့တော်ရှိ ပရိသတ်ခြောက်ထောင်ဆံ့ လက်ဝှေ့အားကစားရုံသစ်တွင် ကျင်းပမည့် ကမ္ဘာ့ချန်ပီယံရှစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၏ အမြင့်ဆုံး လက်မှတ်ဈေးနှုန်းကို ကျပ်သုံးသိန်း သတ်မှတ်ထားကြောင်း မြန်မာ့လက်ခမောင်း ကုမ္ပဏီထံမှ သိရသည်။

ဇေကော်ပိုရေးရှင်း၏ဦးဆောင်မှုဖြင့် မြန်မာ့လက်ခမောင်းကုမ္ပဏီက ပထမဆုံးအကြိမ်ကျင်းပမည့် အဆိုပါလက်ဝှေ့ပြိုင်ပွဲကို မတ်လ ၃ ရက်နေ့တွင် ကျင်းပရန် ယင်းကုမ္ပဏီက စီစဉ်ထားခြင်းဖြစ်သည်။

ပြည်ပကစားသမားများပါဝင် ယှဉ်ပြိုင်မည့် အဆိုပါပြိုင်ပွဲအတွက် လက်မှတ်ဈေးနှုန်းများအဖြစ် ကျပ်သုံးသိန်း၊ နှစ်သိန်း၊ တစ်သိန်း၊ ငါးသောင်း၊ နှစ်သောင်းငါးထောင်၊ တစ်သောင်းကျပ်ဟူ၍ သတ်မှတ်ထားပြီး တစ်သောင်းကျပ်တန် လက်မှတ်အစောင် ၃၀၀၀ ကို အခမဲ့ဝေငှပေးမည်ဟု မြန်မာ့လက်ခမောင်းကုမ္ပဏီ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ကမ္ဘာ့ချန်ပီယံရှစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ပြည်တွင်းကစားသမားများနှင့် နိုင်ငံခြားသားကစားသမားများ ပါဝင်ထိုးသတ်ကြမည်ဖြစ်ပြီး တွဲဆိုင်း ၁၀ ဆိုင်းပါဝင်မည်ဖြစ်သည်ဟု ယင်းကုမ္ပဏီက ထုတ်ပြန်ထားသည်။

အဆိုပါပြိုင်ပွဲအတွက် သက်မှတ်ထားသော လက်မှတ်ဈေးနှုန်းများအရ ယခင်ပွဲများနှင့် ကွာဟမှုမရှိသော်လည်း ကျင်းပမည့်နေရာသည် အလှမ်းဝေးလွန်းသည့်အတွက် ပရိသတ်များ သွားလာရေးခက်ခဲနိုင်ကြောင်း ဗိုလ်တထောင်မြို့နယ်မှ မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်တစ်ဦးက ပြောကြားသည်။

ကမ္ဘာ့ချန်ပီယံရှစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများတွင် ပါဝင်ထိုးသတ်ရန် ဆွစ်ဇာလန်၊ ယူဂန္ဓာနှင့် အင်္ဂလန်နိုင်ငံသားများကို မြန်မာ့လက်ခမောင်း ကုမ္ပဏီက စာချုပ်၍ ခေါ်ယူထားပြီး ပြည်တွင်းမှ နာမည်ကျော်လက်ဝှေ့သမားများဖြစ်သည့် ထွန်းထွန်းမင်း၊ တူးတူး အစရှိသည့် ကစားသမားများ ပါဝင်မည်ဟု ပြိုင်ပွဲစီစဉ်သူများထံမှသိရသည်။

မြန်မာ့လက်ခမောင်းကုမ္ပဏီသည် ယခုနှစ်မှသာ ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို စီစဉ်ကျင်းခွင့်ရခဲ့သော်လည်း ယခင်ကြိုးဝိုင်းနှင့်မတူ ခြောက်ထောင့် ကြိုးဝိုင်းအဖြစ် ပြောင်းလဲအသုံးပြုရန်စီစဉ်ထားသည်။ ■ J-04

## ဗီယက်နမ်ဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ မြန်မာယှဉ်ပြိုင်မည်

**ရန်ကုန်၊ ဖေဖော်ဝါရီ ၆**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကျင်းပမည့် နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို မြန်မာ ယူ -၁၉ အသင်း ယှဉ်ပြိုင်မည်ဖြစ်သည်။

ဧပြီလ ၁၁ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပမည့် ၂၀၁၇ ခုနှစ် နိုင်ငံတကာဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၊ Nha Trang မြို့တွင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းကို ဗီယက်နမ်ဘောလုံး အဖွဲ့ချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ထားသည်။

လက်ရှိအချိန်၌ ပြိုင်ပွဲဝင်နိုင်ငံများ စာရင်းကို ထုတ်ပြန်ရခြင်းမရှိသေးဘဲ ဖိတ်ကြားနေဆဲ အဆင့်သာရှိသေးကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

မြန်မာယူ - ၁၉ အသင်းကိုလည်း လက်ရှိအချိန်တွင် ဖွဲ့စည်းထားခြင်းမရှိသေးသောကြောင့် အာဆီယံချန်ပီယံရှစ် ယူ - ၁၈ ပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ - ၁၈ အသင်းဖြင့် ယှဉ်ပြိုင်ဖွယ်ရှိနေကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နီးစပ်သူများက ပြောဆိုသည်။

နည်းပြချုပ် ဦးညီညီလတ် တာဝန်ယူထားသည့် မြန်မာယူ - ၁၈ အသင်းသည် လက်ရှိအချိန်၌ မြန်မာနေရှင်နယ် လိဂ်-၂ တွင် Team Phoenix အမည်ဖြင့် ယှဉ်ပြိုင်လျက်ရှိပြီး အသက် ၂၀ နှစ်အောက် MNL-2 လူငယ်ပြိုင်ပွဲတွင်လည်း Team Phoenix (ခ) အသင်းဖြင့် နှစ်သင်းခွဲ ယှဉ်ပြိုင်လျက်ရှိသည်။

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်အနေနှင့် ယင်းပြိုင်ပွဲကို နှစ်စဉ်ထောက်ပံ့လျက်ရှိသည့် Thanh Nien သတင်းစာနှင့် ပူးပေါင်းကာ ယခုပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး အာဆီယံချန်ပီယံယူ-၁၈ ပြိုင်ပွဲဝင်မည့် ဗီယက်နမ်အသင်းအတွက် ကြိုတင်ပြင်ဆင်နေခြင်းဖြစ်သည်။

အဆိုပါဘောလုံးပြိုင်ပွဲကို မြန်မာနိုင်ငံရှိ သက်တမ်းအလိုက်အသင်းများ နှစ်စဉ်ယှဉ်ပြိုင်ထားခဲ့ဖူးပြီး နောက်ဆုံးယှဉ်ပြိုင်ခဲ့သည့် ပြိုင်ပွဲမှာ အသက် ၂၁ နှစ်အောက်ဖြစ်ပြီး မြန်မာအသင်းမှာ အုပ်စုအဆင့်မှပင် ထွက်ခွာခဲ့ရသည်။ ■ J-04

## TODAY UPDATE NEWS

- မန်ယူနည်းပြ မော်ရင်ညိုသည် လက်ရှိချယ်လ်ဆီးနည်းပြ ကွန်တီမှာ ၎င်းအသုံးပြုခဲ့သည့် နည်းဗျူဟာများကို ပြန်လည်အသုံးပြု၍ ချယ်လ်ဆီးကို အမှတ်ပေးဇယားထိပ်ဆုံးနေရာတွင် ရပ်တည်နေစေခြင်းဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်ပြီး ၎င်းမှာ ချယ်လ်ဆီးနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့်ကာလတစ်လျှောက် ယင်းနည်းဗျူဟာအတွက် ချီးကျူးမခံခဲ့ရဘဲ ကွန်တီလက်ထက်သို့ရောက်မှ လူအများက ယင်းနည်းဗျူဟာကို အထင်ကြီးလေးစားနေကြသည့်အတွက် မနာလိုဖြစ်မိကြောင်း မော်ရင်ညိုက ဆက်လက်အသိပေးသွားခဲ့သည်ဟု Daily Mail က ဖော်ပြထားသည်။
- အမေရိကန်ဖွတ်ဘော ဆူပါဘောင်းလ်ဗိုလ်လုပွဲအဖြစ် New England Patriots နှင့် Atlanta Falcons အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့်ပွဲစဉ်တွင် New England Patriots က ၃၄ မှတ် ၂၈ မှတ်ဖြင့် အနိုင်ရရှိပြီး ချန်ပီယံဖြစ်သွားခဲ့ကြောင်း AP က ဖော်ပြထားသည်။ New England Patriots နှင့် Atlanta Falcons တို့၏ဗိုလ်လုပွဲကို ဟောက်စတန်မြို့တွင် ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲမစတင်မီတွင် ကောင်းကင်ယံထက်၌ အမေရိကန်ပြည်ထောင်စုအလံကို Backdrop ပုံဖော်ပြခဲ့သည်မှာ လွန်စွာရင်သပ်ရှုမောဖွယ်ကောင်းလွန်းခဲ့သည်။ ပြိုင်ပွဲကျင်းပရေးကော်မတီသည် ၎င်းတို့အနေနှင့် ယင်းပြကွက်ကို ဒရုန်းလေယာဉ်အစီး ၃၀၀ အသုံးပြု၍ဖန်တီးခဲ့ကြောင်း ရှင်းလင်းအသိပေးထားပြီဖြစ်သည်။



# မာတာနှင့် အီဘရာဟီမိုဗစ်တို့ စံချိန်သစ်များတင်

**မန်ချက်စတာ၊ ဖေဖော်ဝါရီ ၆**

မန်ယူကွင်းလယ်လူ မာတာနှင့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်တို့သည် မန်ယူက လက်စတာကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် စံချိန်သစ်များ အသီးသီး တင်ရှိသွားခဲ့ကြကြောင်း Daily Star က ဖော်ပြထားသည်။

မာတာသည် ပရီးမီးယားလိဂ်ပြိုင်ပွဲသို့ ၎င်းပြောင်းရွှေ့ရောက်ရှိလာခဲ့သည့် ၂၀၁၁ ခုနှစ်ကစတင်၍ လက်ရှိအချိန်တိုင်သည်အထိ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်အတွင်း ပရီးမီးယားလိဂ်တွင် သွင်းဂိုးများနှင့် ပတ်သက်ဆက်နွှယ်မှုအကြိမ်အရေအတွက် အများဆုံး ကွင်းလယ်ကစားသမားအဖြစ် စံချိန်တင်လိုက်ခြင်းဖြစ်ပြီး မာတာပတ်သက်ဆက်နွှယ်ခဲ့သည့် ပရီးမီးယားလိဂ်သွင်းဂိုးအရေအတွက် စုစုပေါင်းမှာ ၈၆ ဂိုး ရှိလာခဲ့ပြီဖြစ်သည်။

မန်ယူက လက်စတာကို အနိုင်ရရှိခဲ့သည့် အဆိုပါပရီးမီးယားလိဂ်ပွဲစဉ်တွင် မာတာသည် သွင်းဂိုးတစ်ဂိုး ရယူပေးနိုင်ခဲ့ပြီး ယင်းအတွက် ပရီးမီးယားလိဂ်၌ ကစားသမားဘဝဖြတ်သန်းခဲ့စဉ်ကာလအတွင်း မာတာမှာ သွင်းဂိုး ၄၄ ဂိုး၊ ဂိုးဖန်တီးမှု ၄၂ ကြိမ် ရရှိကာ ဂိုးပတ်သက်ဆက်နွှယ်မှု အများဆုံး ကွင်းလယ်ကစားသမားအဖြစ် မှတ်တမ်းဝင်သွားခဲ့ခြင်းဖြစ်သည်။

အီဘရာဟီမိုဗစ်သည် လက်စတာနှင့်ယှဉ်ပြိုင်ကစားခဲ့သည့် ပရီးမီးယားလိဂ်ပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုး ရယူပေးနိုင်ခဲ့ခြင်းနှင့်အတူ ပရီးမီးယားလိဂ်ပြိုင်ပွဲသမိုင်းကြောင်းတစ်လျှောက်တွင် ဘောလုံးရာသီတစ်ရာသီအတွင်း သွင်းဂိုး ၁၅ ဂိုးရယူနိုင်သည့် အသက်အကြီးဆုံးကစားသမား စံချိန်ကို ရယူသွားနိုင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါ ၁၅ ဂိုးမြောက် ပရီးမီးယားလိဂ်သွင်းဂိုးကို အီဘရာဟီမိုဗစ်က ၃၅ နှစ်နှင့် ၁၂၅ ရက်အရွယ်ဖြင့် ရရှိသွားခဲ့ခြင်းဖြစ်သည်။

အီဘရာဟီမိုဗစ်သည် လက်ရှိတွင် ပြိုင်ပွဲအရပ်ရပ်၌ မန်ယူအတွက် သွင်းဂိုး ၂၀ ရယူပေးထားပြီဖြစ်ပြီး ယင်းအတွက် ၂၀၀၆-၀၇ ဘောလုံးရာသီကစတင်ကာ ဘောလုံးရာသီ ၁၀ ရာသီဆက်တိုက် တစ်ရာသီလျှင် သွင်းဂိုး ၂၀ နှင့်အထက် ရယူနိုင်သည့်စံချိန်ကိုလည်း အီဘရာဟီမိုဗစ်က တင်ရှိသွားနိုင်ခဲ့ပြီဖြစ်သည်။

အီဘရာဟီမိုဗစ်သည် မန်ယူအသင်းသမိုင်းကြောင်းတစ်လျှောက်တွင် လိဂ်သွင်းဂိုး ၁၅ ဂိုးကို စတုတ္ထမြောက်အမြန်ဆုံး သွင်းယူနိုင်ခဲ့သူဖြစ်ပြီး ပွဲစဉ် ၂၃ ပွဲ ပါဝင်ကစားခွင့်ရရှိခဲ့အပြီးတွင် အီဘရာဟီမိုဗစ်က လိဂ်သွင်းဂိုး ၁၅ ဂိုးပြည့်ခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းကြောင်းတစ်လျှောက်တွင် လိဂ်သွင်းဂိုး ၁၅ ဂိုးကို အမြန်ဆုံးရယူနိုင်ခဲ့သူမှာ နစ္စတယ်လ်ရွိုင်းဖြစ်ပြီး ပထမဆုံးပါဝင်ကစားခွင့်ရရှိသည့် လိဂ်ပွဲစဉ် ၁၉ ပွဲတွင် နစ္စတယ်လ်ရွိုင်းက အသင်းအတွက် ၁၅ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ နစ္စတယ်လ်ရွိုင်း၏နောက်တွင် ဒွိုက်ယော့ခ်က ပွဲစဉ် ၂၀ အတွင်း ၁၅ ဂိုး ရယူပေးနိုင်ခဲ့ခြင်းဖြင့်လည်းကောင်း၊ ဗန်ပါစီက ၂၁ ပွဲအတွင်း ၁၅ ဂိုး ရယူပေးနိုင်ခဲ့ခြင်းဖြင့်လည်းကောင်း ဆက်လက်ရပ်တည်နေကြသည်။ ■ E-11

# စီရော်နယ်ဒိုကို မွေးနေ့ဆုတောင်းစကားမပြောခဲ့ခြင်းအတွက် ဝေဖန်သောပရိသတ်များကို မာဆယ်လို တုံ့ပြန်

**မက်ဒရစ်၊ ဖေဖော်ဝါရီ ၆**

ရီးရဲလ်မက်ဒရစ် နောက်ခံကစားသမား မာဆယ်လိုသည် အသင်းဖော် စီရော်နယ်ဒိုကို မွေးနေ့ဆုတောင်းစကား မပြောကြားခဲ့ဘဲ ဘာစီလိုနာတိုက်စစ်မှူး နေမာကို မွေးနေ့ဆုမွန်တောင်းပေးခဲ့သည့် ၎င်း၏လုပ်ရပ်ကို ဝေဖန်ပြစ်တင်စကားများ ပြောကြားနေသော ရီးရဲလ်မက်ဒရစ်ပရိသတ်များကို ရင့်ရင့်သီးသီး ပြန်လည်တုံ့ပြန်လိုက်ကြောင်း Marca က ဖော်ပြထားသည်။

မာဆယ်လိုသည် ၎င်း၏ဘရာဇီးလက်ရွေးစင်အသင်းဖော် နေမာထံသို့ တွစ်တာလူမှုကွန်ရက် စာမျက်နှာကတစ်ဆင့် မွေးနေ့ဆုမွန်တောင်းပေးခဲ့ခြင်းဖြစ်ကာ နေမာမှာ ရီးရဲလ်မက်ဒရစ်၏အခါးသီးဆုံးပြိုင်ဘက် ဘာစီလိုနာထံတွင် ပါဝင်ကစားနေသူဖြစ်သည့်အတွက် မာဆယ်လို၏ လုပ်ရပ်ကို ရီးရဲလ်မက်ဒရစ်အသင်းအားပေးသူများက စိတ်တိုင်းမကျ ဖြစ်နေကြခြင်းဖြစ်သည်။

စီရော်နယ်ဒိုသည် ရီးရဲလ်မက်ဒရစ်နှင့် ဆဲလ်တာဗီဂိုတို့ ယှဉ်ပြိုင်ကစားရမည့် စပိန်လာလီဂါပွဲစဉ်ကို ဆဲလ်တာဗီဂိုအသင်း ပိုင် ရီယိုအယ်လ်တိုဘာလိုင်ဒိုစ်ဘောလုံးကွင်း လေမုန်တိုင်းဒဏ်သင့်ခဲ့သည့်အတွက် ပွဲရွှေ့ဆိုင်းလိုက်အပြီးတွင် မိသားစုထံသို့ သွားရောက်၍ ၎င်း၏အသက် ၃၂ နှစ်ပြည့် မွေးနေ့ပွဲကို ကျင်းပခဲ့ပြီး မွေးနေ့ကို မိသားစုနှင့်အတူ အေးဆေးစွာဖြတ်သန်းခွင့်ရခဲ့သည့်အတွက် လွန်စွာကျေနပ်ရပါကြောင်း စီရော်နယ်ဒိုက ၎င်း၏လူမှုကွန်ရက်စာမျက်နှာများတွင် ရေးသားဖော်ပြထားသည်။



မာဆယ်လို၏တွစ်တာလူမှုကွန်ရက်စာမျက်နှာရှိ ရီးရဲလ်မက်ဒရစ်ပရိသတ် Follower များသည် မာဆယ်လိုအနေနှင့် ရီးရဲလ်မက်ဒရစ်အသင်းဖော် စီရော်နယ်ဒိုကို နေမာထက် ပိုမိုအလေးထား၍ မွေးနေ့ဆုမွန်တောင်းပေးခဲ့သင့်ကြောင်း ဝိုင်းဝန်းဝေဖန်ခဲ့ကြခြင်းဖြစ်ကာ ယင်းဝေဖန်မှုများကို “မင်းတို့ရဲ့ပါးစပ်တွေကို ပိတ်ထားစမ်းပါ ငတုံးတွေရာ”ဟု ရေးသားလွှင့်တင်၍ မာဆယ်လိုက ပြန်လည်တုံ့ပြန်လိုက်ခြင်းဖြစ်သည်။

မာဆယ်လိုသည် နောက်ပိုင်းတွင် ရီးရဲလ်မက်ဒရစ်ပရိသတ်များက ၎င်းအပေါ် အမြင်ပြန်ကြည်စေရန် စီရော်နယ်ဒိုနှင့် ၎င်းတို့ အတူတကွ ရိုက်ကူးထားသည့် ဓာတ်ပုံကို လွှင့်တင်၍ မွေးနေ့ဆုတောင်းစကားပြောကြားခဲ့သော်လည်း ၎င်းတို့ကို ရင့်ရင့်သီးသီး တုံ့ပြန်ပြောကြားခဲ့သောစကားရပ်အတွက် ရီးရဲလ်မက်ဒရစ်ပရိသတ်များက မကျေနပ်မှုများရှိနေကြဆဲဖြစ်သည်။ ■ E-11

HNIT THIT OO
Printing House
No. 27(A), Corner of U Hmoo St; and U Tun Nyo St;, Dagon (East) Industrial Zone,Yangon.
Mobile : 09-254248677,09-777600074
Email : hnitthitoo8@gmail.com

# FOREIGN AFFAIRS

nosmok
KHA Co., Ltd.

# အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တွင် နှင်းခဲများ ပြိုကျမှုကြောင့် လူ ၁၀၀ ကျော် သေဆုံး

**ကဘူးလ်၊ ဖေဖော်ဝါရီ ၆**

အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တွင် ဆီးနှင်းထူထပ်စွာကျဆင်းမှုနှင့် နှင်းခဲများ ပြိုကျမှုကြောင့် လူ ၁၀၀ ကျော် သေဆုံးခဲ့သည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ပါကစ္စတန်နယ်စပ်အနီးမှ အာဖဂန်အရှေ့မြောက်ပိုင်း နူရီစတန်ပြည်နယ်တွင် နှင်းခဲများပြိုကျပြီးနောက် ကျေးရွာတစ်ရွာတွင် ၅၃ ဦး သေဆုံးခဲ့သည်။

ပါကစ္စတန်မြောက်ပိုင်းတွင်လည်း နှင်းခဲများပြိုကျမှုကြောင့် ၁၃ ဦးသေဆုံးခဲ့ရာ ကိုးဦးမှာ ချစ်ထရယ်မြို့တွင် သေဆုံးသွားခြင်းဖြစ်သည်။

နေအိမ်ပေါင်းများစွာ ပျက်စီးခဲ့ပြီး အချို့မှာ ကားထဲတွင် ပိတ်မိကာ အေးခဲသေဆုံးမည့် အန္တရာယ်ရှိနေသည်ဟု ဆိုသည်။

အာဖဂန်နစ္စတန်မြို့တော် ကဘူးလ်၏ မြောက်ဘက်တွင်လည်း နှင်းခဲများ ပြိုကျခဲ့ပြီး ဘတ်ခ်မေတယ်ဒေသတွင် ကျေးရွာ ၂ ရွာကို ဖုံးအုပ်သွားသည်ဟု အာဖဂန် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက AFP သတင်းဌာနသို့ ပြောကြားသည်။

အနီးအနားမှ တောင်တန်းထူထပ်သော ဘေဒါရှန်ပြည်နယ်တွင်လည်း ဆိုးဝါးသော နှင်းမုန်တိုင်းဒဏ်ကို ခံနေရသည်။

ရာသီဥတုဆိုးဝါးပြီး လမ်းများကို ဆီးနှင်းများ ပိတ်ဆို့နေသောကြောင့် ကယ်ဆယ်ရေးသမားများမှာ ပိတ်မိနေသူများထံ သွားရောက်ရန် အခက်တွေ့နေကြသည်။

အသက်ရှင်သူများကို ရှာဖွေရန်နှင့် အကူအညီပေးရန်အတွက် ရဟတ်ယာဉ်နှစ်စင်း စေလွှတ်ထားသည်ဟု ဒေသကောင်စီဝင် ခါလီလူလာဂါယာက ပြောကြားသည်။

လေယာဉ်ပြေးလမ်းပေါ်တွင် ဆီးနှင်းနှင့် ရေခဲများရှိနေသောကြောင့် ကဘူးလ်နိုင်ငံတကာလေဆိပ်ကိုလည်း ပိတ်ထားရသည်။

ကဘူးလ်-ကန်ဒါဟာ အဝေးပြေးလမ်းပေါ်တွင်လည်း ပိတ်မိနေသော မော်တော်ယာဉ် ၂၅၀ ခန့်ကို ရဲများနှင့် စစ်သားများက ကယ်ဆယ်ခဲ့ရသည်။

ကဘူးလ်မြောက်ဘက် ဆာလန်းတောင်ကြားလမ်းတွင်လည်း ဆီးနှင်းထု ၇ပေခန့်ရှိနေသောကြောင့် ပိတ်ထားရသည်ဟု နယ်မြေခံရဲမှူး ရာဂျပ်ဆာလန်ဂီက ပြောကြားသည်။

လမ်းပေါ်တွင် ပိတ်မိနေသော ယာဉ်မောင်းသူ နှစ်ဦးမှာ အေးခဲသေဆုံးခဲ့ပြီး အများစုမှာ အစားအစာမရှိဘဲ ပိတ်မိနေကြသည်။

နှင်းမုန်တိုင်းများ ဆက်လက်တိုက်ခတ်မှုကြောင့် နောက်ထပ်နှင်းခဲ ပြိုကျမှုများ ရှိနေဦးမည်ဟု တာဝန်ရှိသူများက သတိပေးချက် ထုတ်ပြန်ထားသည်။ ■ F-04




ပါကစ္စတန်နိုင်ငံ ချီထရာဒေသတွင် နှင်းခဲပြိုကျမှုဖြစ်သည့်နေရာသို့ရောက်အောင် ကြိုးပမ်းနေသော ကယ်ဆယ်ရေးလုပ်သားများ

# စကော့တလန်လွတ်လပ်ရေး လူထုဆန္ဒခံယူပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အတွင်း ဆုံးဖြတ်မည်

**အီဒင်ဘာရာ၊ ဖေဖော်ဝါရီ ၆**

စကော့တလန်လွတ်လပ်ရေး လူထုဆန္ဒခံယူပွဲကျင်းပရန် ရက်သတ္တပတ်အနည်းငယ်အတွင်း ဆုံးဖြတ်သွားမည်ဖြစ်ကြောင်း စကော့တလန် ပထမဝန်ကြီး (ဝန်ကြီးချုပ်) နီကိုလာစတာဂျင်၏ အဓိကမဟာမိတ်တစ်ဦးဖြစ်သူ ဂရင်းပါတီမှ လွှတ်တော်အမတ်တစ်ဦးက ပြောကြားခဲ့ကြောင်း BBC သတင်းက ဖော်ပြသည်။

စစ်တမ်းများအရ စကော့လူမျိုးအများစု မလိုလားသော်လည်း လွတ်လပ်ရေးဆန္ဒခံယူပွဲသစ်ကျင်းပမည့် အချိန်ရွေးချယ်မှုမှာ ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်ရေးလုပ်ငန်းစဉ်နှင့် အချိန်ကိုက်ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဂရင်းပါတီမှ ဥပဒေပြုအမတ် ရော့စ်ဂရီးယားက ပြောကြားခဲ့သည်။

ဂရီယားသည် ၂၀၁၄ ခုနှစ်တွင် တွဲရေးဘက်က နိုင်သွားသည့် လွတ်လပ်ရေးဆန္ဒခံယူပွဲတွင် ခွဲရေးဘက်က မဲဆွယ်ခဲ့သူဖြစ်သည်။ စာ - 22

## ALSO IN NEWS

# ဗြိတိန်က ဓာတ်ဆီဆိုင်တစ်ဆိုင်ကို တင့်ကားကြီးတစ်စီး ဆီလာဖြည့်

သင်ဟာ ဓာတ်ဆီဆိုင်တစ်ဆိုင်ဖွင့်ထားမယ်ဆိုရင် ဆိုင်ထဲကို ဆီလာဖြည့်တဲ့ ကားမျိုးစုံ မြင်ကောင်းမြင်ဖူးမှာပေါ့။ ဒါပေမဲ့ တင့်ကားကြီးတစ်စီး ဆိုင်ထဲဝင်လာမယ်လို့တော့ ဘယ်သူက ထင်ပါလိမ့်မလဲ။ ဗြိတိန်က တင့်ကားဝါသနာရှင်တစ်ဦးဟာ တင့်ကားတစ်စီးကို တက်မောင်းကြည့်ရင်း ဆီနည်းနေတဲ့ပြဿနာကို ဖြေရှင်းလိုက်ပုံက လမ်းဘေးဆီဆိုင်ထဲ ဝင်ရောက်သွားတာပဲဖြစ်ပါတယ်။

သူဟာ ဓာတ်ဆီဆိုင်ထဲကိုမဝင်ခင် မြို့တစ်မြို့ကို ဖြတ်မောင်းခဲ့ပါသတဲ့။ ဗြိတိန်ထုတ် CVR ကင်းမြီးကောက် အပေါ့စားတင့်ကားဖြစ်ပြီးတော့ ကက်တားရင်းမြို့နားက Tesco ဓာတ်ဆီဆိုင်မှာ ဆီဝင်ဖြည့်သွားခဲ့တာဖြစ်ပါတယ်။

Wicksteed at War ဆိုတဲ့ ပြပွဲကြီးတစ်ခု ပြုလုပ်ဖို့ရှိပြီးတော့ အဲဒီတင့်ကားဟာ ပြပွဲမှာ ပြမယ့်ယာဉ်တွေထဲက တစ်စီးဖြစ်တယ်လို့ ပြပွဲရဲ့လက်ထောက်ညွှန်ကြားရေးမှူး ဒေ့ဗ် က ပြောကြားပါတယ်။ ■ F-02



# အသည်းနှလုံး ထုတ်စားဖို့ ကြိုးစားတဲ့ စိတ္တဇ အမျိုးသမီးကို ဖမ်းမိပြီ

အမျိုးသမီးတစ်ဦးဟာ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ပြည်နယ်က ဟိုတယ်တစ်လုံးမှာ အမျိုးသားတစ်ဦးနဲ့ ချိန်းတွေ့ခဲ့ပြီးတော့ သူ့ရဲ့နှလုံးကို စားဖို့ ကြိုးစားခဲ့တယ်လို့ ရဲက ထုတ်ပြန်ထားပါတယ်။

နောက်ပိုင်းလည်း ဆက်တိုက် အဆိုပါနည်းအတိုင်း လူများစွာကိုသတ်သွားဖို့ ရှိတယ်လို့ အဲဒီတရားခံအမျိုးသမီးက ရဲတွေကို ထွက်ချက်ပေးခဲ့တယ်လို့ ဆိုပါတယ်။ နာမည်မထုတ်ပြန်ထားတဲ့ အသက် ၂၄ နှစ်အရွယ် ဒီအမျိုးသမီးကို ဖမ်းဆီးထားပါပြီ။

အဲဒီပုရိသလိုက်မှုဆိုးဟာ အသက် ၂၉ နှစ်အရွယ် အမျိုးသားရဲ့ရင်ဝကို ဓားနဲ့ထိုးခဲ့ပြီး ကိုယ်တွင်းအင်္ဂါကို ထုတ်ယူဖို့ကြိုးစားခဲ့တာဖြစ်ပါတယ်။လာမယ့် အင်္ဂါနေ့မှာ သူမကို ပထမဆုံးအကြိမ်အဖြစ် ရုံးတင်စစ်ဆေးတော့မှာဖြစ်ပါတယ်။

ဒီအမျိုးသမီးနဲ့တွေ့ခဲ့တဲ့အမျိုးသားက သူတို့ချိန်းတွေ့ခဲ့ပြီး လိင်ပိုင်းဆိုင်ရာ ပတ်သက်စပ်ယှက်ခဲ့မှုတော့ မလုပ်ရသေးဘူးလို့ ဆိုပါတယ်။ ပထမဆုံး အမျိုးသမီးက သူ့ကို လူသတ်သမားလားလို့ မေးပါသတဲ့။ သူက မဟုတ်ပါကြောင်း ပြောတဲ့အခါ လူပေါ်ကိုတက်လာပြီး ရင်ခေါင်းကို ဓားနဲ့ထိုးပြီးတော့ "ကျွန်မကတော့ လူသတ်သမားပဲရှင့်" ဆိုပြီး ပြောပါသတဲ့။ ဓားနဲ့ထိုးခံရတဲ့ အမျိုးသားဟာ ဒဏ်ရာနဲ့ထွက်ပြေးခဲ့ပြီး ရဲကို ဖုန်းဆက်ခေါ်ခဲ့တာဖြစ်ပါတယ်။

ရန်ဖြစ် စကားများတာ တစ်စုံတစ်ရာမရှိဘဲ အသားလွတ်ဓားနဲ့ထိုးတာဖြစ်တယ်လို့ ဓားထိုးခံရတဲ့အမျိုးသားက ထွက်ဆိုထားပါတယ်။ ■ F-02